# ရတနာပုံ

yadanarbonnews.com

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

၁၃၈၈ ခုနှစ် ၊ ဒုတိယဝါဆိုလပြည့်ကျော် (၉)ရက် ၊ သောကြာနေ့ ၊ (7-8-2026) ၊ အတွဲ (၃၅) ၊ အမှတ် (၀၉၉)


**ဒို့တာဝန်အရေးသုံးပါး**

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

# ထိုင်းနိုင်ငံ၌ တရားဝင်ခရီးစဉ် (Official Visit) ရောက်ရှိနေသည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်အား ထိုင်းနိုင်ငံဝန်ကြီးချုပ် မစ္စတာ အနုထင် ချာဝီရကွန်က ဂုဏ်ပြုကြိုဆို၊ တွေ့ဆုံဆွေးနွေး


နေပြည်တော်  ဩဂုတ်  ၆

ထိုင်းနိုင်ငံဝန်ကြီးချုပ် မစ္စတာ အနုထင် ချာဝီရကွန်၏ ဖိတ်ကြားချက်အရ ထိုင်းနိုင်ငံ၌ တရားဝင်ခရီးစဉ်(Official Visit) ရောက်ရှိနေသည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်အား ယနေ့နံနက်ပိုင်းတွင် ထိုင်းနိုင်ငံဝန်ကြီးချုပ်က ဗန်ကောက်မြို့ရှိ အစိုးရအိမ်တော်၌ ဂုဏ်ပြုတပ်ဖွဲ့ဖြင့် ကြိုဆိုပြီး တွေ့ဆုံဆွေးနွေးကြသည်။

**ဂုဏ်ပြုကြိုဆို**

ဦးစွာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် လိုက်ပါလာသည့်

စာမျက်နှာ ၁၉ ကော်လံ ၁



**ဂုဏ်ပြုတပ်ဖွဲ့ကို စစ်ဆေး**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့် ထိုင်းနိုင်ငံဝန်ကြီးချုပ် မစ္စတာ အနုထင် ချာဝီရကွန်တို့ ထိုင်းဘုရင့်တပ်မတော် ဂုဏ်ပြုတပ်ဖွဲ့ကို စစ်ဆေးစဉ်။

# လေးမျက်နှာမြို့နယ်တွင် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ငဝန်တာ၏အောက်ခံ မြစ်ကျိုးအင်းသဲကြောမှ ထူးပေါက်၍ ရေဖြတ်သန်းစီးဆင်းမှုကြောင့် တာတမံနိမ့်ကျမှုဖြစ်ပွားပြီး လေးမျက်နှာမြို့ပေါ်ရပ်ကွက်များနှင့် ပတ်ဝန်းကျင်ကျေးရွာများ၊ ဟင်္သာတမြို့နယ်၊ ရေကြည်မြို့နယ်၊ ကျုံပျော်မြို့နယ်တို့ရှိ ကျေးရွာများ၌ ရေဝင်ရောက်မှုဖြစ်ပွားခဲ့သဖြင့် ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်



အနောက်တောင်တိုင်းစစ်ဌာနချုပ်မှ နယ်မြေခံတပ်မတော်သားများက ရေဘေးသင့်ဒေသခံပြည်သူများကို စားသောက်ဖွယ်ရာများ လိုက်လံပို့ဆောင်ပေးစဉ်။

နေပြည်တော်  ဩဂုတ်  ၆

ဧရာဝတီ တိုင်းဒေသကြီး လေးမျက်နှာမြို့နယ်တွင် ဇူလိုင် ၃၀ ရက် ညပိုင်းတွင် မိုးသည်းထန်စွာရွာသွန်းမှုနှင့် မြစ်ရေတိုက်စားမှုကြောင့် ငဝန်တာ၏ အောက်ခံ မြစ်ကျိုးအင်းသဲကြောမှ ထူးပေါက်၍ ရေဖြတ်သန်းစီးဆင်းမှုကြောင့် တာတမံ နိမ့်ကျမှုဖြစ်ပွားပြီး ရေကျော်စီးဝင်ခြင်းကြောင့် ယနေ့ထိ လေးမျက်နှာမြို့ပေါ် ရပ်ကွက် ငါးခု၊ မြို့တွင်းလမ်းမကြီးများ၊ ပတ်ဝန်းကျင်ကျေးရွာ ၇၂ ရွာ၊ ဟင်္သာတမြို့နယ် ၂၆ ရွာ၊

စာမျက်နှာ ၂၄ ကော်လံ ၁

**ဧရာဝတီတိုင်းဒေသကြီး လေးမျက်နှာမြို့နယ် ငဝန်တာကျိုးပေါက်မှုနှင့် ဆက်စပ်ရေဘေးသင့်ပြည်သူများအတွက် အလှူငွေနှင့် ပစ္စည်းများ လှူဒါန်းနိုင်**

စာမျက်နှာ - ၂၅

## နေရာအနှံ့အပြား မိုးထစ်ချုန်းရွာနိုင်

နေပြည်တော်  ဩဂုတ်  ၆

ယနေ့နံနက် ၆ နာရီခွဲအချိန် တိုင်းထွာချက်အရ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် မုတ်သုံလေအားကောင်းနေခြင်းကြောင့်လည်းကောင်း၊ မိုးတိမ်တောင်များဖြစ်ထွန်းမှုအားကောင်းနေခြင်းကြောင့်လည်းကောင်း ယနေ့နံနက်မှ ဩဂုတ် ၉ ရက်အတွင်း နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ်တို့တွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြားမိုးထစ်ချုန်းရွာပြီး အချို့ဒေသများတွင် နေရာကွက်၍ မိုးကြီးနိုင်သည်။

စာမျက်နှာ ၂၄ ကော်လံ ၁

ရတနာပုံ

၂၀၂၆ ခုနှစ် ဩဂုတ် ၇ ရက်

အယ်ဒီတာ့အာဘော်

# ရှေးဟောင်းဝတ္ထုပစ္စည်းများထိန်းသိမ်းနိုင်ရေး နိုင်ငံတော်သို့အပ်နှံပေး

မြန်မာနိုင်ငံသည် ကျောက်ခေတ်၊ ကြေးခေတ်၊ သံခေတ်မှ ခေတ်အဆက်ဆက်တိုင်အောင် သမိုင်းကြောင်းရှည်လျားသည့် နိုင်ငံတစ်နိုင်ငံဖြစ်သည်နှင့်အညီ သမိုင်းအမွေအနှစ် ရှေးဟောင်းဝတ္ထုပစ္စည်းများစွာ ကျန်ရစ်လျက်ရှိသည်။ ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်များသည် တိုင်းပြည်၏ ဂုဏ်သိက္ခာနှင့် ခိုင်မာသည့်သမိုင်းသက်သေများဖြစ်သဖြင့် ရေရှည်တည်တံ့အောင်ထိန်းသိမ်းရန် အရေးကြီးလှပေသည်။ ထိုသို့ထိန်းသိမ်းရာတွင် ပြည်သူလူထု၏တာဝန်သိစိတ်နှင့် ပူးပေါင်းပါဝင်မှုမှာလည်း အဓိကကျပေသည်။

ရှေးဟောင်းဝတ္ထုပစ္စည်းတစ်ခုသည် နှစ်ပေါင်း ၁၀၀ နှင့်အထက်သက်တမ်းရှိပြီး သမိုင်းခေတ်ကာလတစ်ခုကို ဖော်ညွှန်းပြသနိုင်ခြင်း၊ အသုံးပြုမှု၊ လက်ရာမြောက်မှု၊ ရှားပါးမှု၊ သမိုင်းတန်ဖိုးရှိမှုတို့ ပေါင်းစပ်နေခြင်းတို့ကြောင့် ရှေးဟောင်းပစ္စည်းအဖြစ်သတ်မှတ်သည်။ ရှေးဟောင်းဝတ္ထုပစ္စည်းများသည် ရှေးဟောင်းနေရာဒေသများနှင့်ဆက်စပ်ပြီး တည်ရှိနေခြင်းဖြစ်ပေရာ ကမ်းပါးပြိုခြင်း၊ ယာထွန်ခြင်း၊ ကျင်းတူးခြင်း၊ လမ်းပြင်ခြင်း စသည်အားဖြင့်ပြန်လည်ပေါ်ထွက်လာကြသည်။ ထိုသို့တွေ့ရှိပါက ရှေးဟောင်းဝတ္ထုပစ္စည်းများဖြစ်သည်ကို မသိ၍ဖြစ်စေ၊ သိလျက်နှင့်ဖြစ်စေ ငွေကြေးရလိုဇောဖြင့် ထုခွဲရောင်းချလေ့ရှိကြသည်။ ထိုသို့ ထုခွဲရောင်းချလိုက်ခြင်းသည် ပြစ်မှုတစ်ခုကိုကျူးလွန်လိုက်ခြင်းပင်ဖြစ်သည်။ အမှန်မှာ ထိုပစ္စည်းများကို သက်ဆိုင်ရာသို့အပ်နှံကြရမည်ဖြစ်သည်။

ထိုသို့ အကြောင်းအမျိုးမျိုးဖြင့်တွေ့ရှိသော ရှေးဟောင်းဝတ္ထုပစ္စည်းများကို နိုင်ငံတော်သို့အပ်နှံပါက ရွှေထည်ပစ္စည်းများ ပျူခေတ်လက်ရာပစ္စည်းဖြစ်ပါက မူလတန်ဖိုးများအပြင် ခေတ်ကာလတန်ဖိုး ရာခိုင်နှုန်း ၈၀၊ ခေတ်လက်ရာတန်ဖိုး ရာခိုင်နှုန်း ၄၀ မှ ၈၀ ထိအပြင် ထပ်ဆောင်းတန်ဖိုးပါ ချီးမြှင့်မည်ဖြစ်သကဲ့သို့ ပုဂံခေတ်လက်ရာပစ္စည်းဖြစ်ပါက ခေတ်ကာလတန်ဖိုး ရာခိုင်နှုန်း ၇၀၊ ခေတ်လက်ရာတန်ဖိုး ရာခိုင်နှုန်း ၄၀ မှ ၇၀ ထိအပြင် ထူးခြားရှားပါးသည့်ရှေးဟောင်းဝတ္ထုပစ္စည်းများကို ထပ်ဆောင်းတန်ဖိုးအဖြစ် ကာလတန်ဖိုး၏ရာခိုင်နှုန်း ၄၀ မှ ၈၀ ထိ ထပ်မံချီးမြှင့်ပေးသည့်အတွက် ရှေးဟောင်းဝတ္ထုပစ္စည်းများကို အနည်းဆုံး ခေတ်ကာလပေါက်ဈေး၏ နှစ်ဆခွဲမှ သုံးဆခွဲကျော်ထိ ဆုကြေးငွေများ ချီးမြှင့်ပေးလျက်ရှိပေသည်။

လက်ရှိတွင်လည်း ကျောက်ခေတ်၊ ကြေးခေတ်၊ သံခေတ်၊ ပျူခေတ်၊ ကုန်းဘောင်ခေတ်၊ ဝေသာလီခေတ်နှင့် မြောက်ဦးခေတ်လက်ရာများဖြစ်သည့် ရွှေပန်းကနုတ်အပိုင်းအစ၊ ငွေဒင်္ဂါး၊ ကျောက်ကွင်း၊ ကျောက်ပုတီးစေ့၊ ကြေးအလေး၊ ကြေးခလောက်၊ ကြေးသတ္တုစပ်ပြား၊ မြေထည်ပစ္စည်းများ စသည့် ရှေးဟောင်းဝတ္ထုပစ္စည်းအရေအတွက် စုစုပေါင်း ၁၁၇၃ ခုတွေ့ရှိပြီး နိုင်ငံတော်သို့အပ်နှံသူများကို ဩဂုတ် ၄ ရက်က နေပြည်တော်ရှိ ဟိုတယ်၊ ခရီးသွားလာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန လောကနတ်ခန်းမ၌ ဆုကြေးငွေကျပ် ၁၀၄၉ သိန်းကျော်နှင့် ဂုဏ်ပြုမှတ်တမ်းလွှာများကို ပေးအပ်ချီးမြှင့်ခဲ့သည်ကို တွေ့ရသည့်အတွက် ဝမ်းသာဂုဏ်ယူမုဒိတာပွားမိပါသည်။

ယခုကဲ့သို့ စီးပွားရေးအကျိုးအမြတ်ထက် နိုင်ငံတော်အတွက် ရှေးဟောင်းပစ္စည်းများကို စေတနာအပြည့်ဖြင့် လာရောက်အပ်နှံခဲ့ကြသည့် ပြည်သူများ၏ အမျိုးသားရေးအသိကို လေးစားဂုဏ်ယူမိပါသည်။ သို့ဖြစ်ရာ ပြည်သူများအနေဖြင့် ရှေးဟောင်းဝတ္ထုပစ္စည်းများကိုတွေ့ရှိပါက သက်ဆိုင်ရာသို့ သတင်းပေးပို့ခြင်း၊ အပ်နှံခြင်းတို့ဖြင့် တိုင်းပြည်၏သမိုင်းအမွေအနှစ်များမပျောက်ပျက်စေရေး အလေးထားပူးပေါင်းပါဝင်ကြပါရန် တိုက်တွန်းရေးသားလိုက်ရပေသည်။

# ချောင်းဦးမြို့နယ်တွင် ယခုနှစ် နွေသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော နှမ်းဧကအားလုံး ရာနှုန်းပြည့်ရိတ်သိမ်းပြီးစီး



**ချောင်းဦး ဩဂုတ် ၆**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် ချောင်းဦးမြို့နယ်တွင် ယခုနှစ် နွေသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော နှမ်းဧကအားလုံးရာနှုန်းပြည့် ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း ချောင်းဦးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ချောင်းဦးမြို့နယ်တွင် ယခုနှစ် နွေသီးနှံစိုက်ပျိုးရာသီ၌ နှမ်း ၂၁၉၃ ဧက စိုက်ပျိုးနိုင်ခဲ့ပြီး ယခုနှစ် ဇွန်လဒုတိယပတ်မှ စတင်ရိတ်သိမ်းခဲ့ရာ ယနေ့တွင် ဧကအားလုံးရာနှုန်းပြည့်ရိတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ဧကလျှင် ၁၉ တင်းကျော် ထွက်ရှိခဲ့ကြောင်း သိရသည်။

"ဒီနှစ် နွေသီးနှံစိုက်ပျိုးရာသီ ချောင်းဦးမြို့နယ်မှာ နှမ်း ၂၁၉၃ ဧက စိုက်ပျိုးနိုင်ခဲ့ပြီး လက်ရှိ ဧကအားလုံး ရိတ်သိမ်းပြီးစီးပြီဖြစ်ပါတယ်။ နှမ်းတွေ အထွက်နှုန်းကောင်းမွန်ဖို့၊ GAP နည်းစနစ်တွေနဲ့ စိုက်ပျိုးဖို့အတွက်လဲ ဆောင်ရွက်ပေးခဲ့ပါတယ်"ဟု ချောင်းဦးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးတင့်ဆွေက ပြောပြသည်။

ချောင်းဦးမြို့နယ်တွင် နှမ်းစိုက်တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက နှမ်းတိုးချဲ့စိုက်ပျိုးနိုင်ရေး၊ အထွက်နှုန်းကောင်းမွန်သည့်မျိုးများ စိုက်ပျိုးနိုင်ရေးအတွက် အသိပညာပေးခဲ့ကြောင်း သိရသည်။

နှမ်းကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်းဆီစားသုံးမှု ဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိပြီး လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် နှမ်းကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းသင့်ကြောင်း မြို့နယ်ဦးစီးမှူး ဦးတင့်ဆွေက ပြောပြ၍ သိရသည်။

(၂၀၆)

# ဇလွန်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇူလိုင်လအတွင်း မတ်ပဲ ၁၆ ပြည်ဝင်အိတ်ရေ အများအပြား တင်ပို့ရောင်းချနိုင်ခဲ့



**ဇလွန် ဩဂုတ် ၆**

ဧရာဝတီတိုင်းဒေသကြီး ဇလွန်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇူလိုင်လအတွင်း မတ်ပဲ ၁၆ ပြည်ဝင် အိတ်ရေအများအပြား တင်ပို့ ရောင်းချနိုင်ခဲ့ကြောင်း ဇလွန်မြို့နယ် ပဲမျိုးစုံရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်တင်တင်ဌေးက ပြောပြသည်။

ဇလွန်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇွန်လအတွင်း မတ်ပဲ ၁၆ ပြည်ဝင် အိတ်ရေ ၃၅၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ဇူလိုင်လအတွင်း မတ်ပဲ ၁၆ ပြည်ဝင် အိတ်ရေ ၄၃၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။

"ဇလွန်မြို့နယ်ကနေ ရန်ကုန်ဈေးကွက်ထဲကို ဇူလိုင်လအတွင်း မတ်ပဲ ၁၆ ပြည်ဝင် အိတ်ရေ ၄၃၀၀၀ ထိ တင်ပို့ရောင်းချခဲ့ပါတယ်။ လက်ရှိလဲ ဒေသထွက် ပဲတွေကို ရန်ကုန်ဈေးကွက်က အဝယ်လိုက်နေပါတယ်။ ဒေသထွက် ပဲတွေ၊ စပါးတွေကို ဒီဘက်က ကုန်သည်၊ ပွဲရုံပိုင်ရှင်တွေက ရန်ကုန်ဈေးကွက်ကို အဓိကတင်ပို့ရောင်းချတာဖြစ်ပါတယ်" ဟု ဇလွန်မြို့နယ် ပဲမျိုးစုံရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်တင်တင်ဌေးက ပြောပြသည်။

ဇလွန်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချခဲ့သည့် မတ်ပဲ ၁၆ ပြည်ဝင် တစ်အိတ်လျှင် ငွေကျပ် ၁၁၅၀၀၀ ထိ ပေါက်ဈေးရှိကြောင်း၊ အဆိုပါ မတ်ပဲများ အများအပြား တင်ပို့ရောင်းချနိုင်ခြင်းကြောင့် မတ်ပဲစိုက်တောင်သူများ၊ ပွဲရုံပိုင်ရှင်များ၊ ကုန်တင်ကုန်ချလုပ်သားများ၊ ကုန်တင်ယာဉ်အငှားလိုက်သူများ အဆင်ပြေနေကြောင်း သိရသည်။

ကျော်ကျော်လင်း

# ပုသိမ်ကြီးမြို့နယ် နွားဂဲကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**ပုသိမ်ကြီး ဩဂုတ် ၆**

မန္တလေးတိုင်းဒေသကြီး အမရပူရခရိုင် ပုသိမ်ကြီးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက နွားဂဲကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်းရန်ပုံငွေဖြင့် ဝင်ငွေတိုးစီးပွားရေးလုပ်ငန်းများ ဖြစ်ထွန်းအောင်မြင်နေမှုအခြေအနေများကို ဩဂုတ် ၅ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ပုသိမ်ကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်ကိုကိုနှင့် မြို့နယ်စီမံကိန်းတာဝန်ခံဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များနှင့်တွေ့ဆုံကာ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကျပ် ၄၅ သန်းဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အရောင်းအဝယ် လုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းနေမှု အခြေအနေများနှင့် လအလိုက်ဖြည့်သွင်းရမည့်စာရင်းဇယားပုံစံများ ပြည့်စုံမှုရှိ၊ မရှိကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူး ဦးအောင်ကိုကိုက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

အဆိုပါ နွားဂဲကျေးရွာ၌ စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူ ၇၁ ဦးကို ငွေကျပ် ၃၀ ဒသမ ၆ သန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၁၁ ဦးကို ငွေကျပ်လေးသန်း၊ အခြားလုပ်ငန်းလုပ်ကိုင်သူ ၁၆ ဦးကို ငွေကျပ် ၄ ဒသမ ၈ သန်း၊ အရောင်းအဝယ်လုပ်ငန်း လုပ်ကိုင်သူ ၁၆ ဦးကို ငွေကျပ် ၅ ဒသမ ၆ သန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၁၄ ဦးကို ရန်ပုံငွေကျပ် ၄၅ သန်း ထုတ်ချေးပေးထားပြီး စီမံကိန်းလုပ်ငန်းများ လည်ပတ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အောင်ရဲကျော်

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၆၈၊ စာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၊၀၉-၄၅၈၈၉၁၃၀၀၊ ကြော်ငြာ-၈၄လမ်းနှင့် ၂၉-၃၀ လမ်းကြား- ၀၂-၄၀၆၆၆၅၊ ဖြန့်ချီရေး-၀၂-၄၀၃၆၄၂၊ E-mail-yadanarbonnewspaper@gmail.com၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ဝေရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

Yadanarbon newspaper

# ချမ်းမြသာစည်မြို့နယ်၌ စာဖတ်ရှိန်မြှင့်တင်ရေး အသိပညာပေးဟောပြောပွဲနှင့် ပြိုင်ပွဲများကျင်းပ

**မန္တလေး ဩဂုတ် ၆**

မန္တလေးတိုင်းဒေသကြီး ချမ်းမြသာစည်မြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ကျောင်းသား၊ ကျောင်းသူလူငယ်များ စာဖတ်သည့်အလေ့အကျင့်ကောင်းများ စွဲမြဲလာစေရန်နှင့် အသိပညာဗဟုသုတများ တိုးပွားလာစေရန်ရည်ရွယ်၍ စာဖတ်ရှိန်မြှင့်တင်ရေး အသိပညာပေးဟောပြောပွဲနှင့် ပြပွဲ၊ ပြိုင်ပွဲများကို ဩဂုတ် ၅ ရက် နံနက် ၉နာရီ မိနစ် ၃၀ က မန္တလေးမြို့ ချမ်းမြသာစည်မြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာန Community Centre ခန်းမ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာအသိပညာပေးဟောပြောပွဲတွင် မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဒုတိယဦးစီးမှူး ဒေါ်မြင့်ကေသွယ်ခိုင်က စာဖတ်ခြင်းမှ ရရှိနိုင်သော အကျိုးကျေးဇူးများ အကြောင်း၊ ကျောင်းချိန်အပြင် အားလပ်သော အချိန်များကို အကျိုးရှိစွာအသုံးချတတ်စေရန်နှင့် ဗလငါးတန်နှင့်ပြည့်စုံသော ကျောင်းသား၊ ကျောင်းသူလူငယ်များ ဖြစ်စေရေး အသိပညာပေးဟောပြောခဲ့သည်။

ထို့နောက် စာစီစာကုံးပြိုင်ပွဲ၊ ကဗျာရွတ်ပြိုင်ပွဲ၊ ပုံပြင်ပြောပြိုင်ပွဲ၊ အခြေခံပန်းချီရေးဆွဲနည်းပြိုင်ပွဲ၊ ဆေးရောင်ခြယ်ပြိုင်ပွဲ၊ ဉာဏ်စမ်းပဟေဠိပြိုင်ပွဲနှင့် စာဖတ်စွမ်းရည်ပြိုင်ပွဲများ ကျင်းပပြုလုပ်ရာ ကျောင်းသား၊ ကျောင်းသူများက ပျော်ရွှင်စွာ ဝင်ရောက်ယှဉ်ပြိုင်ကြပြီး ဆရာ၊ ဆရာမများက ဆုများအသီးသီးပေးအပ်ချီးမြှင့်ကြသည်။

ဆက်လက်၍ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနဝန်ထမ်းများက ခင်းကျင်းပြသထားသော နံရံကပ်စာစောင်များနှင့် သုတ၊ ရသစာအုပ်စာစောင်များကို ကျောင်းသား၊ ကျောင်းသူများက စိတ်ပါဝင်စားစွာ ဖတ်ရှုလေ့လာခဲ့ပြီး တာဝန်ရှိသူများက ကျောင်းသား၊ ကျောင်းသူများကို အသိပညာပေး လက်ကမ်းစာစောင်များလည်း ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။ **အလင်းသစ်**

# ပြင်ဦးလွင်မြို့နယ် ပင်လိန်(အလယ်)ကျေးရွာ၌ Smart Village စီမံကိန်း မိတ်ဆက်ခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းပြုလုပ်

**ပြင်ဦးလွင် ဩဂုတ် ၆**

မန္တလေးတိုင်းဒေသကြီးပြင်ဦးလွင်ခရိုင် ပြင်ဦးလွင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ပင်လိန်(အလယ်)ကျေးရွာ၌ ခေတ်မီစံပြကျေးရွာ Smart Village ထူထောင်ရေးစီမံကိန်း မိတ်ဆက်ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းကို ဩဂုတ် ၅ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ပြင်ဦးလွင်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခင်မွန်ကျော်က အမှာစကားပြောကြားပြီး ပြင်ဦးလွင်ခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ကေသွယ်မျိုးက စီမံကိန်းရည်ရွယ်ချက်၊ ဆောင်ရွက်ရမည့်နည်းလမ်းနှင့် စီမံကိန်းရွေးချယ်ရာတွင် အခြေခံရမည့်မူများကို ရှင်းလင်းပြောကြားပြီး စီမံကိန်းအဓိကလုပ်ငန်းစဉ်နှင့် အကျိုးကျေးဇူးများကို ဆွေးနွေးပြောကြားသည်။

ဆက်လက်၍ ပြင်ဦးလွင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်အိုင်းရစ်ချစ်က ခေတ်မီစံပြကျေးရွာ ထူထောင်ရေးစီမံကိန်း (Smart Village) သဘောသဘာဝများ၊ ရည်ရွယ်ချက်များ၊ မူဝါဒများနှင့်ကော်မတီဝင်ရွေးချယ်ဖွဲ့စည်းရာတွင် လိုက်နာရမည့်စည်းကမ်းချက်များ ရှင်းလင်းပြောကြားခဲ့ပြီး ကျေးရွာပြည်သူများ၏ သဘောဆန္ဒနှင့်အညီ ကျေးရွာစီမံကိန်းကော်မတီဝင် ကိုးဦးကို ရွေးချယ်ဖွဲ့စည်းခဲ့ကြောင်း သိရသည်။

**ချိုသန်းညွန့်**

# အင်းတော်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ စပါးဧက ၂၂၈၅၀ ထိ စိုက်ပျိုးပြီးစီးပြီဖြစ်



**အင်းတော် ဩဂုတ် ၆**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် အင်းတော်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ စပါးဧက ၂၂၈၅၀ ထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း အင်းတော်မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

အင်းတော်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ စပါး ၅၅၉၈၅ ဧကစိုက်ပျိုးရန်အတွက် လျာထားပြီး အဆိုပါစပါးစိုက်ပျိုးမှုကို ယခုနှစ် ဇွန်လမှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် ဧက ၂၂၈၅၀ ထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ အင်းတော်မြို့နယ်မှာ စပါး ၅၅၉၈၅ ဧက စိုက်ပျိုးဖို့လျာထားပါတယ်။ ဒီနေ့ထိ ဧက ၂၂၈၅၀ စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့ ဆောင်ရွက်ပေးနေပါတယ်။ စပါးစိုက်ပျိုးရာမှာ လိုအပ်တဲ့နည်းပညာတွေ၊ မျိုးတွေ ဆောင်ရွက်ပေးမယ်။ တောင်သူတွေအနေနဲ့ စပါးတွေ အချိန်မီစိုက်ပျိုးနိုင်ဖို့ ကွင်းဆင်း ဆောင်ရွက်ပေးပါတယ်"ဟု အင်းတော်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးသိန်းခိုင်က ပြောပြသည်။

အင်းတော်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ စပါးစိုက်တောင်သူများကို စပါးစိုက်ပျိုးရာတွင် အခက်အခဲမရှိစနစ်တကျ စိုက်ပျိုးနိုင်ရေး၊ စိုက်ပျိုးရေးဆိုင်ရာနည်းပညာပေးခြင်း၊ ပိုးမွှားကျရောက်မှုကာကွယ်ရေး၊ သီးနှံများပျက်ဆီးဆုံးရှုံးမှုမရှိစေရေးအတွက် သက်ဆိုင်ရာမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနနှင့် ဒေသခံတောင်သူများ ပူးပေါင်းဆောင်ရွက်ပေးလျက် ရှိကြောင်း သိရသည်။

စပါးကို အထွက်နှုန်းတိုးတက်အောင်စိုက်ပျိုးနိုင်ပါက ဒေသတွင်းစားသုံးမှုဖူလုံစေမည့်အပြင် ပိုလျှံမှုကိုရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် စပါးကိုတိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းသင့်ကြောင်း မြို့နယ်ဦးစီးမှူး ဦးသိန်းခိုင်က ပြောပြ၍ သိရသည်။ (၂၀၆)

# သာစည်မြို့နယ် အင်းကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**သာစည် ဩဂုတ် ၆**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် သာစည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက အင်းကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ ဆောင်ရွက်နေမှုကို ဩဂုတ် ၅ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် သာစည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မြသက်ဝင်း၊ ဦးစီးအရာရှိ ဒေါ်တိုးတိုးစိန်နှင့် စီမံကိန်း တာဝန်ခံဝန်ထမ်းများက အင်းကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အရောင်းအဝယ်လုပ်ငန်းများ ဆောင်ရွက်ထားရှိမှုနှင့် လအလိုက်ဖြည့်သွင်းရမည့် ငွေစာရင်းဇယားပုံစံပြည့်စုံမှု ရှိ၊ မရှိ ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

အင်းကုန်းကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၇၁ ဦး၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၄၂ ဦး၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ၄၉ ဦး စုစုပေါင်းအသင်းသား၊ အသင်းသူ ၁၆၂ ကို ငွေကျပ် ၅၀ ဒသမ ၅၅ သန်း ထုတ်ချေးပေးထားကြောင်း သိရသည်။ **ဟိန်းထက်စိုး(မလှိုင်)**

# မော်လမြိုင်ကျွန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇူလိုင်လအတွင်း ငါးရှဉ့်ပိဿာချိန် ၅၃၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့

**မော်လမြိုင်ကျွန်း ဩဂုတ် ၆**

ဧရာဝတီတိုင်းဒေသကြီး မော်လမြိုင်ကျွန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇူလိုင်လအတွင်း ငါးရှဉ့်ပိဿာချိန် ၅၃၀၀၀ ထိတင်ပို့ရောင်းချနိုင်ခဲ့ကြောင်း မော်လမြိုင်ကျွန်းမြို့နယ် ရေထွက်ကုန်ပစ္စည်းရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်စုစုထွေးက ပြောပြ၍ သိရသည်။

မော်လမြိုင်ကျွန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇွန်လအတွင်း ငါးရှဉ့်ပိဿာချိန် ၄၀၀၀၀ သာ တင်ပို့ရောင်းချခဲ့ပြီး ဇူလိုင်လအတွင်း ငါးရှဉ့်ပိဿာချိန် ၅၃၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း၊ အဆိုပါငါးရှဉ့်များ တင်ပို့ရောင်းချအားကောင်းလာခြင်းသည် ပြည်တွင်းမှ ငါးရှဉ့်များကို ပြည်ပဈေးကွက်သို့ တင်ပို့အားကောင်းသည့်အတွက် ဖြစ်ကြောင်း သိရသည်။

"ဇူလိုင်လ ပထမပတ်လောက်ကတည်းက ငါးရှဉ့်တွေ သိသိသာသာကို တင်ပို့အားကောင်းခဲ့ပါတယ်။ အရင်လထက် ငါးရှဉ့်ပိဿာချိန် ၁၃၀၀၀ ထိ ပိုမိုတင်ပို့ရောင်းချခဲ့ရပါတယ်။ ငါးရှဉ့်တွေ တင်ပို့ရောင်းချအား တက်ခဲ့တာကလဲ ပြည်ပကငါးရှဉ့် တင်ပို့တဲ့လုပ်ငန်းတွေ လည်ပတ်လုပ်ကိုင်လာတာနဲ့ ပြည်တွင်းက ငါးရှဉ့်ဝယ်လိုအား ကောင်းလာတာကြောင့်ပါ။ ဒေသထွက် ငါးရှဉ့်တွေကို ရန်ကုန်ဈေးကွက်ကိုပဲ အဓိကတင်ပို့တာပါ။ ရန်ကုန်ဈေးကွက်နေတစ်ဆင့် အခြားပြည်တွင်း၊ ပြည်ပဈေးကွက်တွေဆီ ဆက်လက်ဖြန့်ဖြူး ရောင်းချတာဖြစ်ပါတယ်။ အခုလိုဝယ်ယူအားကောင်းလာတော့ ငါးရှဉ့်မွေးမြူရေးပွဲရုံပိုင်ရှင်တွေနဲ့ လုပ်သားတွေ၊ ငါးရှဉ့်ရှာဖွေဖမ်းဆီးသူတွေ အဆင်ပြေလာတာ တွေ့ရပါတယ်"ဟု မော်လမြိုင်ကျွန်းမြို့နယ် ရေထွက်ကုန်ပစ္စည်းရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်စုစုထွေးက ပြောပြသည်။

မော်လမြိုင်ကျွန်းမြို့နယ်တွင် ဇူလိုင်လအတွင်း တင်ပို့ရောင်းချခဲ့ရသည့် ငါးရှဉ့် ၁၀ ပိဿာလျှင် ငွေကျပ် ၁၉၅၀၀၀ မှ ၂၄၅၀၀၀ ထိ ပေါက်ဈေးရှိကြောင်း သိရသည်။

**ကျော်ကျော်လင်း**



# ၃၂ ကြိမ်မြောက် ပခုက္ကူဦးအုံးဖေတည်ထောင်သော ပခုက္ကူစာပေဆု

မောင်ငြိမ်းသူ(ကြို့ပင်ကောက်)

၃၂ ကြိမ်မြောက် ပခုက္ကူဦးအုံးဖေ တည်ထောင်သော ပခုက္ကူစာပေဆုချီးမြှင့်ပွဲအခမ်းအနားကို ယခုနှစ် ဩဂုတ်လအတွင်း ရန်ကုန်မြို့၌ ကျင်းပတော့မည်ဖြစ်ရာ ပခုက္ကူတစ်သက်တာစာပေဆုနှင့် စာမူပြိုင်ပွဲဆုရရှိကြသူများစာရင်းကို ယခုနှစ် ဩဂုတ် ၁ ရက်ထုတ် နေ့စဉ်သတင်းစာများတွင် ထုတ်ပြန်ကြေညာလိုက်လေပြီ။

နိုင်ငံတော်အဆင့် အမျိုးသားစာပေတစ်သက်တာဆု၊ အမျိုးသားစာပေဆုနှင့် စာပေဗိမာန်စာမူဆုများပြီးလျှင် ပခုက္ကူစာပေဆုသည် စာပေသမိုင်းအစဉ်အလာကောင်းများရှိခဲ့သော နိုင်ငံတော်အဆင့်ဂုဏ်ဝင် ပုဂ္ဂလိကစာပေဆုဖြစ်သည်။

**ပခုက္ကူစာပေဆုရွေးချယ်ရေးအခြေခံမူများ**

ပခုက္ကူစာပေဆုအတွက် နှစ်စဉ် စာမူများ တင်သွင်းယှဉ်ပြိုင်ကြရာတွင် စာပေဆုရွေးချယ်ရေး အခြေခံမူများ သတ်မှတ်ဖော်ပြပြီး ဖိတ်ခေါ်ယှဉ်ပြိုင်စေခဲ့ကြသည်။ ထိုအခြေခံမူများမှာ (၁) မြန်မာစာပေဖွံ့ဖြိုးတိုးတက်ရေးအတွက် အားပေးရန်၊ (၂) မြန်မာ့ရိုးရာယဉ်ကျေးမှုထွန်းကားရေးအတွက် စာပေနည်းဖြင့် အထောက်အကူပြုရန်၊ (၃) မျိုးချစ်စိတ်နှင့် တိုင်းချစ်ပြည်ချစ်စိတ် ထက်သန်စေမှုကို ရှေးရှုရန်၊ (၄) အတွေးအခေါ်နှင့် အသိဉာဏ်ပညာ ဗဟုသုတ တိုးပွားကျယ်ပြန့်စေရေးအတွက်ကူညီရန်၊ (၅) အကျင့်စာရိတ္တပြုပြင်ရေးနှင့် ကိုယ်ကျင့်တရား ကောင်းမွန်စေရေးအတွက် အထောက်အပံ့ဖြစ်သော စာပေများ တိုးပွားစေရန်ဟူ၍ဖြစ်သည်။

**ပခုက္ကူစာပေဆု ဖြစ်ပေါ်လာပုံ**

အနိမ့်၊ အမြင့်၊ အတက်၊ အကျ ဘဝမျိုးစုံတွင် ကျင်လည်ခဲ့ရသော ဦးအုံးဖေသည် စာပေအလှ၊ စာပေတစ်စကြောင့် ဘဝပြောင်းလဲမြင့်မားလာခဲ့ရာ **"သိန်းတစ်ရာဆေးပေါင်းစုံရှိပိုင်ရှင်ကြီး"** ဖြစ်လာခဲ့သည်။ စာပေကျေးဇူးအထူးထူးကို ကြည်နူးစွာခံစားနေရသော ဦးအုံးဖေသည် **"စာဖတ်ပရိသတ်ပြည်သူများအတွက် အကျိုးပြုစာပေများ ရှင်သန်ထွန်းကားရေးနှင့် မြန်မာစာပေဖွံ့ဖြိုးရေး လိုအပ်ချက်များဖြည့်ဆည်းဆောင်ရွက်ရန်"** ဟူသောစာပေရည်ရွယ်ချက်ဖြင့် စာပေဒါနပြုလိုသောကြောင့် မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းဥက္ကဋ္ဌ ဦးစိုးညွန့်(ထီလာစစ်သူ)ထံသို့ ၁၉၉၁ ခုနှစ် နိုဝင်ဘာလက နှုတ်ဖြင့်ရော၊ စာဖြင့်ပါကမ်းလှမ်းခဲ့သည်။ သူ၏အသက် (၇၅) နှစ်မြောက်မွေးနေ့တွင် စာပေဆု မတည်ငွေသားကျပ် ၇၅ သိန်း လှူဒါန်းလိုကြောင်း၊ စာပေဆုကိုလည်း **"ပခုက္ကူစာပေဆု"**ဟုခေါ်တွင်စေလိုကြောင်း၊ စာပေဆုရန်ပုံငွေကို ထိန်းသိမ်းကြီးကြပ်စီမံခန့်ခွဲရန် ကော်မတီတစ်ရပ်ကို ဖွဲ့စည်းစေလိုကြောင်း၊ မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ကပင် စာပေဆုစိစစ်ရွေးချယ်ရေးအဖွဲ့ကိုဖွဲ့စည်းကာ စာပေဆုစည်းမျဉ်းများ ရေးဆွဲသတ်မှတ် ပြဋ္ဌာန်းပေးစေလိုကြောင်း မေတ္တာရပ်ခံ အကူညီတောင်းခဲ့သည်။ ဦးအုံးဖေ၏ မေတ္တာရပ်ခံချက်အရ မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ကလည်း လိုအပ်သည်များကို ပံ့ပိုးကူညီပေးခဲ့ရာ ဦးအုံးဖေက နိုင်ငံတော်သို့ ငွေကျပ် ၇၆၀၁၂၇၉ လွှဲအပ်လှူဒါန်းပွဲကို ၁၉၉၂ ခုနှစ် မေ ၃၁ ရက်တွင် ရန်ကုန်မြို့ ဒဂုံမြို့နယ် မြို့မကျောင်းလမ်းရှိ အမျိုးသားဇာတ်ရုံကြီး၌ ကျင်းပခဲ့သည်။

ပခုက္ကူစာပေဆုပြိုင်ပွဲကိုလည်း ၁၉၉၃ ခုနှစ်တွင် စတင်ဖိတ်ခေါ်ခဲ့ပြီး ပထမဆုံးအကြိမ် ပခုက္ကူစာပေဆုချီးမြှင့်ပွဲကို ၁၉၉၄ ခုနှစ်တွင် ပခုက္ကူမြို့၌ ကျင်းပနိုင်ခဲ့သည်။ မူလက (၇၅) နှစ်ပြည့် အထိမ်းအမှတ် ငွေကျပ် ၇၅ သိန်းလှူဒါန်းရန် ရည်မှန်းထားသော်လည်း (၇၆) နှစ်ထဲရောက်သွားသဖြင့် ငွေကျပ် ၇၆ သိန်းအပြင် သူ၏မွေးသက္ကရာဇ် ၁၂၇၉ ကိုပါရည်စူးကာ လှူဒါန်းသမျှတွင် ၁၂၇၉ ကျပ်ကိုပါ အမြဲတမ်းထည့်သွင်းလှူဒါန်းနေကြောင်း သိရသည်။ ထို့မျှသာမကသေးဘဲ ၂၀၀၃ ခုနှစ် ဖေဖော်ဝါရီ ၂၂ ရက်က ကျင်းပခဲ့သော (၁၀) ကြိမ်မြောက်ပခုက္ကူစာပေဆုချီးမြှင့်ပွဲတွင် ငွေကျပ် သိန်း ၅၀ ကို ထပ်မံလှူဒါန်းခဲ့သည်။

စာပေဆုအလှူရှင် ဦးအုံးဖေက သူမတည်လှူဒါန်းထားသော အလှူငွေများကို ရန်ပုံငွေစည်းကမ်းအရ ဘဏ်တွင်အပ်နှံထားရပြီး အတိုးငွေတန်ဖိုး စုစုပေါင်း၏ ၆၀ ရာခိုင်နှုန်းကို စာပေဆုအဖြစ်နှစ်စဉ်ခွဲဝေပေးရန် ၃၀ ရာခိုင်နှုန်းကို အသုံး

**❖ ပခုက္ကူစာပေဆုအတွက် နှစ်စဉ် စာမူများ တင်သွင်းယှဉ်ပြိုင်ကြရာတွင် စာပေဆုရွေးချယ်ရေး အခြေခံမူများသတ်မှတ်ဖော်ပြပြီး ဖိတ်ခေါ်ယှဉ်ပြိုင်စေခဲ့ကြသည်။ ထိုအခြေခံမူများမှာ (၁) မြန်မာစာပေဖွံ့ဖြိုးတိုးတက်ရေးအတွက် အားပေးရန်၊ (၂) မြန်မာ့ရိုးရာယဉ်ကျေးမှုထွန်းကားရေးအတွက် စာပေနည်းဖြင့် အထောက်အကူပြုရန်၊ (၃) မျိုးချစ်စိတ်နှင့် တိုင်းချစ်ပြည်ချစ်စိတ်ထက်သန်စေမှုကို ရှေးရှုရန်၊ (၄) အတွေးအခေါ်နှင့် အသိဉာဏ်ပညာဗဟုသုတ တိုးပွားကျယ်ပြန့်စေရေးအတွက်ကူညီရန်၊ (၅) အကျင့်စာရိတ္တပြုပြင်ရေးနှင့် ကိုယ်ကျင့်တရား ကောင်းမွန်စေရေးအတွက် အထောက်အပံ့ဖြစ်သော စာပေများ တိုးပွားစေရန်ဟူ၍ ဖြစ်သည်။ ❖**

စရိတ်အဖြစ်သုံးစွဲရန်၊ ၁၀ရာခိုင်နှုန်းကို အရင်းအနှီးတိုးပွားစေရန်အတွက် ဘဏ်တွင်ဆက်လက်ထားရှိရန် သတ်မှတ်ထားခဲ့သည်။ ပခုက္ကူစာပေဆု အမျိုးအစား ခြောက်မျိုးသတ်မှတ်ထားရာ (၁) ဝတ္ထုရှည်ဆု (၂)ဝတ္ထုတိုပေါင်းချုပ်ဆု (၃) ကဗျာပေါင်းချုပ်ဆု (၄) ကျမ်းစာပေဆု (၅) သုတေသနစာပေဆုနှင့် (၆) တစ်သက်တာစာပေဆုများ ဖြစ်ကြသည်။ စာပေဆုများအတွက် ဘာသာရပ်တစ်ခုချင်းစီအလိုက် စာမူများကို ဖိတ်ခေါ်ယှဉ်ပြိုင်စေခြင်းဖြစ်ပြီး တစ်သက်တာစာပေဆုအတွက် ဘဝတစ်သက်တာလုံး စာပေအကျိုးကို သယ်ပိုးထမ်းရွက်ခဲ့သူ၊ စာပေလောကသား သက်ရှိပုဂ္ဂိုလ်များထဲမှ စိစစ်ရွေးချယ်စေခြင်းဖြစ်သည်။ စာပေဆုအပြင် ၁၉၉၄ ခုနှစ်မှစ၍ **"ပညာသင်ဆုအဖြစ်"** အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်မှ ကျောင်းသား၊ ကျောင်းသူနှစ်ဦးစီကို ချီးမြှင့်ခဲ့ကြသည်။ ထို့ပြင် စာပေဆုကိုလည်း ဘာသာရပ်တစ်ခုချင်းတွင် တစ်ဆုစီသာ ချီးမြှင့်ခဲ့ရာမှ ၁၉၉၄ ခုနှစ်တွင် **"ဒုတိယဆုများ"** ၁၉၉၆ ခုနှစ်တွင် **"တတိယဆုများ"** တိုးမြှင့်ချီးမြှင့်ခဲ့သည်။

မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့၏အမွေကို ဆက်ခံခဲ့သောမြန်မာနိုင်ငံစာရေးဆရာအသင်းအနေဖြင့်လည်း ပခုက္ကူစာပေဆုစိစစ်ရွေးချယ်ခြင်း၊ ရန်ပုံငွေကြီးကြပ်ထိန်းသိမ်းခြင်းလုပ်ငန်းများကို နှစ်စဉ်မပျက် ကြိုးပမ်းထမ်းရွက်နေပြီး ဆုချီးမြှင့်ပွဲများကို ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန စာပေဗိမာန်မှတာဝန်ရှိသူများနှင့် ပူးတွဲလျက် အရှိန်အဟုန်မပျက် ဆက်လက်ဆောင်ရွက်ခဲ့ကြသည်။ စာပေဒါန အလှူရှင်ကြီး ပခုက္ကူဦးအုံးဖေ ကွယ်လွန်သွားပြီးနောက် ၂၀၁၁ ခုနှစ် ဇန်နဝါရီ ၁၁ ရက်တွင် ကျင်းပခဲ့သည့် ပခုက္ကူဦးအုံးဖေ စာပေဆု ရန်ပုံငွေကြီးကြပ်ရေးကော်မတီက ရန်ပုံငွေတိုးပွားလာစေရေးနှင့်ပိုမိုကျယ်ပြန့်စွာ ဆောင်ရွက်နိုင်ရေးအတွက် စာပေဆုအမည်ကို **"ပခုက္ကူဦးအုံးဖေတည်ထောင်သော ပခုက္ကူစာပေဆု"**ဟူ၍ အမည်ပြောင်းလဲသတ်မှတ်ခဲ့သည်။

ပခုက္ကူစာပေဆုကို ပြန်ကြားရေးဝန်ကြီးဌာနက တာဝန်ယူဆောင်ရွက်ခဲ့ရာမှ မြန်မာနိုင်ငံစာရေးဆရာအသင်းသို့ ၂၀၁၃ ခုနှစ်တွင် လွှဲပြောင်းပေးခဲ့မှုအခြေအနေကိုတင်ပြလိုသည်။ ထိုအချိန်က လွှဲပြောင်းပေးခဲ့သော ပခုက္ကူဦးအုံးဖေစာပေဆု ရန်ပုံငွေမှာ ငွေကျပ် ၃၆၈ သိန်းကျော်သာရှိခဲ့သည်။ ဘဏ်တိုးနှုန်းမှာ တစ်နှစ်လျှင် ငွေကျပ်သိန်း ၄၀ ခန့်သာရခဲ့ရာ မြန်မာနိုင်ငံ စာရေးဆရာအသင်းက စာပေစေတနာရှင်၊ အလှူရှင်များကို နှစ်စဉ်ရှာဖွေအကူအညီတောင်းခံခဲ့ရသည်။ ထိုအချိန်က စာပေဆုချီးမြှင့်ပွဲကုန်ကျစရိတ်မှာ နှစ်စဉ် ကျပ်သိန်း ၆၀ကျော်၊ ၇၀ ကျော်ခန့်သာ ကုန်ကျခဲ့သော်လည်း ယခုဆိုလျှင် ကျပ်သိန်း ၂၀၀ ခန့်ထိ ကုန်ကျနေသည်။ ထိုက်သင့်သောစာပေဆုချီးမြှင့်ငွေ တိုးမြှင့်ပေးခြင်းနှင့် ကုန်ကျစရိတ်မြင့်တက်လာခြင်းကြောင့် စာပေဆုရန်ပုံငွေကို နှစ်စဉ်စိစစ်ချွေတာသုံးစွဲနေခဲ့ရသကဲ့သို့ အလှူရှင်များကိုလည်း ရှာဖွေနေခဲ့ရသည်။

**ထူးချွန်ဆုများ**

"ပခုက္ကူ ဦးအုံးဖေတည်ထောင်သော ပခုက္ကူစာပေဆု" ၃၂ ကြိမ်မြောက်အတွင်းတွင် တစ်သက်တာ စာပေဆုရှင်ဦးရေ ၄၀ ပေါ်ထွက်ခဲ့ပြီး စာပေဆုပေါင်း ၃၈၈ ဆုကို ချီးမြှင့်နိုင်ခဲ့ပြီဖြစ်သည်။ ပခုက္ကူစာပေဆုချီးမြှင့်ပွဲတွင် ပခုက္ကူဦးအုံးဖေ စာကြည့်တိုက်ဆုကိုပါ ၂၀၀၃ ခုနှစ်မှစတင်၍ ပူးတွဲချီးမြှင့်ခဲ့ရာ ယခုအကြိမ်ထိ ၄၇ ဦး ချီးမြှင့်နိုင်ခဲ့ပြီဖြစ်သည်။

**အမျိုးသားစာပေဆုရသူများ**

ပခုက္ကူစာပေဆုကို ၁၉၉၄ ခုနှစ်မှစတင်၍ ချီးမြှင့်ခဲ့ရာ အကြိမ် (၃၀) မြောက်ထိ (ပထမဆု) စာပေဆုရရှိသူများထဲမှ အမျိုးသားစာပေဆု ၁၂ ဆုရရှိခဲ့သည်။

ပခုက္ကူစာပေဆုရှင်များထဲမှ အမျိုးသားစာပေဆုရသူများအဖြစ် ထူးချွန်ပေါ်ထွက်လာကြသည်ကို တွေ့ရှိခြင်းအားဖြင့် ပခုက္ကူစာပေဆု၏ ဂုဏ်ရည်မြင့်မားမှုကို သိသာနိုင်သည်။ ယခင်က ပခုက္ကူစာပေဆုများထဲမှ ပထမဆုရစာမူများကိုသာ ပြန်ကြားရေးဝန်ကြီးဌာန စာပေဗိမာန်က စာအုပ်အဖြစ် ပုံနှိပ်ထုတ်ဝေပေးနေခဲ့ရာ ယခုဆိုလျှင် ဒုတိယဆုရစာမူများကိုပါ ပုံနှိပ်ထုတ်ဝေပေးနေသည်။

**ပခုက္ကူဦးအုံးဖေ တစ်သက်တာစာပေဆုရှင်များ**

ပခုက္ကူဦးအုံးဖေ တစ်သက်တာစာပေဆုချီးမြှင့်ရန်အတွက် ရွေးချယ်ရေးအခြေခံမူများ သတ်မှတ်ထားရာ (၁) သက်ရှိထင်ရှားရှိသော စာပေပညာရှင်ဖြစ်ရမည်၊ (၂) သုတစာပေ၊ ရသစာပေနှင့် လူထုဆက်သွယ်ရေးလုပ်ငန်းတွင် ထိရောက်သောအတိုင်းအတာဖြင့် အားထုတ်ဆောင်ရွက်ခဲ့သူဖြစ်ရမည်။ (၃) ကိုယ်ပိုင်ရေးသားပြုစုသော ခိုင်ခံ့ပြည့်ဝသည့် စာအုပ်စာပေလက်ရာစာရင်းရှိရမည်။ (၄) စာပေလုပ်ငန်းတာဝန်ကို ထမ်းဆောင်ခဲ့သည့် နှစ်ကာလပရိစ္ဆေဒ ထည့်သွင်းတွက်ချက်ရမည်။ (အသက်အရွယ်အားဖြင့် အသက် ၆၀ အရွယ်နှင့် စာရေးသက်အနည်းဆုံး နှစ် ၄၀ ခန့်ရှိရမည်) ဟူ၍ဖြစ်သည်။ အဆိုပါ အခြေခံမူများနှင့် ရွေးချယ်ချီးမြှင့်ခဲ့သော ပခုက္ကူဦးအုံးဖေ တစ်သက်တာဆုရသူများမှာ ယခု ၃၂ ကြိမ်မြောက်ထိ ဦးရေ ၄၀ ရရှိခဲ့သည်။

**ပညာဒါနနှင့် ပညာထူးချွန်ဆု**

အလှူရှင်ဦးအုံးဖေသည် စာပေဆုများအပြင် ပညာရေးအတွက်ပါ လှူဒါန်းခဲ့ရာ ၁၉၉၇ ခုနှစ် ဇန်နဝါရီ ၉ ရက်က ရန်ကုန်မြို့ အမျိုးသားဇာတ်ရုံ၌ ကျင်းပခဲ့သော ပခုက္ကူဦးအုံးဖေစာပေဆု ဆုပေးပွဲ အခမ်းအနားတွင် ပညာရေးရန်ပုံငွေအဖြစ် ငွေကျပ် ၅၂၀၁၂၇၉ ကို နိုင်ငံတော်သို့ လှူဒါန်းခဲ့သည်။ ထိုလှူဒါန်းငွေကို ရင်းနှီးမြှုပ်နှံရာမှ ရရှိသောဘဏ်တိုးနှုန်းများဖြင့် အခြေခံပညာအထက်တန်းတွင် ဘာသာရပ် တစ်ခုချင်းအလိုက် အမှတ်အများဆုံးရရှိသော ကျောင်းသား၊ ကျောင်းသူ သုံးဦးစီကို ချီးမြှင့်စေခဲ့သည်။ ယခုတွင် ပညာရေးဝန်ကြီးဌာန ပညာရေးရန်ပုံငွေများကို ပခုက္ကူစာပေဆု ရန်ပုံငွေကြီးကြပ်ရေးကော်မတီသို့ ပြန်လည်လွှဲပြောင်းပေးအပ်ခဲ့ရာ အခြေခံပညာအထက်တန်း ပညာထူးချွန်ဆုများကို မချီးမြှင့်နိုင်တော့ပေ။

**စာကြည့်တိုက်ဆုနှင့် စာကြည့်တိုက်အလှူရှင်**

စေတနာရှင်ဦးအုံးဖေသည် သူနေထိုင်ကြီးပြင်းခဲ့ရာ ဇာတိကျေးရွာ **"ထနောင်းကုန်းရွာ အသိပညာစာကြည့်တိုက်"** သို့လည်း ငွေကျပ် ၂၄ သိန်း မတည်လှူဒါန်းခဲ့သည်။ ၁၉၉၅ ခုနှစ်တွင် ငွေကျပ်သိန်း ၆၀ မ တည်၍ **"ပခုက္ကူဦးအုံးဖေစာကြည့်တိုက်"**ကို တည်ဆောက်ဖွင့်လှစ်ပေးခဲ့ပြီး ပခုက္ကူစာကြည့်တိုက်ဆုကိုလည်း နှစ်စဉ်ချီးမြှင့်ပေးခဲ့သည်။ ဦးအုံးဖေသည် ၁၉၈၁ ခုနှစ်မှ ၂၀၀၄ ခုနှစ်ထိ ဘာသာရေးနှင့် လူမှုရေးအတွက် ငွေကျပ် ၄၇၈၀၂၃၅၃ (၄၇၈) သိန်းကျော် လှူဒါန်းခဲ့သည်။ ထိုခေတ်ထိုအခါကာလက လှူဒါန်းခဲ့သော စုစုပေါင်းအလှူငွေကျပ် ၄၇၈ သိန်းကျော်မှာ လွန်စွာတန်ဖိုးရှိ ထူးမြတ်လှပါပေသည်။

**ထိုက်တန်သော တုံ့ပြန်မှု**

လှူဒါန်းမှုရက်ရောပြီး စေတနာဖြူစင်သော ဦးအုံးဖေသည် စာပေဒါနအဖြစ် စာပေဆုများ၊ စာကြည့်တိုက်များ တည်ထောင်ဖွင့်လှစ်ပေးခဲ့ပြီး စာကြည့်တိုက်ဆု၊ ပညာရည်ချွန်ဆုများကို လှူဒါန်းရုံဖြင့် အားမရသေးဘဲ သူကိုယ်တိုင် တွေ့ကြုံခဲ့ရသော ဘဝအတွေ့အကြုံအဖုံဖုံထဲမှ အကောင်းအဆိုး၊ အကျိုးအပြစ်များကို မခြွင်းမချန်ဘဲ သူ၏ကိုယ်ရေးအတ္ထုပ္ပတ္တိစာအုပ်များအဖြစ် ရေးသားထုတ်ဝေခဲ့ရာ စာချစ်သူများကို ဆွဲဆောင်နိုင်စွမ်းရှိခဲ့သည်။ မျိုးဆက်သစ် လူငယ်များအတွက် သင်ခန်းစာရယူဖွယ်၊ သံဝေဂရဖွယ်၊ အားကျအတုယူဖွယ်များ ပါဝင်သည်။ သူ့ဘဝအတွေ့အကြုံ စာပေဒါနပေးဝေမျှခဲ့သည့် စာအုပ်သုံးအုပ်မှာ

**စာမျက်နှာ ၅ သို့** á

# လမ်းလျှောက်ခြင်းဖြင့် အဆုတ်အားကောင်းစေနိုင်သည်



လမ်းလျှောက်တဲ့အခါမှာ မိမိတို့ရဲ့အဆုတ်က အောက်ဆီဂျင်ကို ပိုမိုရရှိပါတယ်။ ရရှိလာတဲ့ အောက်ဆီဂျင်တွေကို သွေးနီဥတွေကရယူပြီး ခန္ဓာကိုယ်တစ်လျှောက်ကို သယ်ဆောင်သွားပေးပါတယ်။

ဒါ့အပြင် အဆိပ်အတောက်တွေကိုလည်း ဖယ်ရှားပေးနိုင်တဲ့အတွက် အဆုတ်ရဲ့ လုပ်ငန်းလည်ပတ်မှုကိုလည်း အားကောင်းစေတာကြောင့် အသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါတွေဖြစ်ပွားနိုင်မှုကိုလည်း လျှော့ချပေးနိုင်ပါတယ်။

# မြစ်သားမြို့နယ်တွင် နွေသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော စပါးကေ ၉၃၇၀ ထိ ရိတ်သိမ်းပြီးစီးပြီဖြစ်



**မြစ်သား ဩဂုတ် ၆**

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင် မြစ်သားမြို့နယ်တွင် နွေသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော စပါးကေ ၉၃၇၀ ထိ ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း မြစ်သားမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

မြစ်သားမြို့နယ်တွင် နွေသီးနှံစိုက်ပျိုးရာသီ၌ စပါး ကေ ၂၀၁၁၀ စိုက်ပျိုးနိုင်ခဲ့ပြီး အဆိုပါစိုက်ပျိုးထားသော စပါးစိုက်ခင်းများကို ယခုနှစ် ဇွန်လမှ စတင်ရိတ်သိမ်းခဲ့ရာ ယနေ့တွင် ကေ ၉၃၇၀ ရိတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ကေလျှင် ၁၀၆ ဒသမ ၄၁ တင်း ထွက်ရှိကြောင်း သိရသည်။

"မြစ်သားမြို့နယ်မှာ နွေသီးနှံစိုက်ပျိုးရာသီက စပါးကေ ၂၀၁၁၀ စိုက်ပျိုးနိုင်ခဲ့ပါတယ်။ အဲဒီ စိုက်ပျိုးထားတဲ့စပါးစိုက်ခင်းတွေ ရိတ်သိမ်းလျက်ရှိရာ ဒီနေ့ထိ ကေ ၉၃၇၀ ရိတ်သိမ်း ပြီးစီးပြီဖြစ်ပါတယ်။ စပါးစိုက်ပျိုးတဲ့ အချိန်မှာလဲ တောင်သူတွေ အခက်အခဲမရှိ စိုက်ပျိုးနိုင်အောင်၊ အထွက်နှုန်းတွေကောင်းမွန်အောင် လိုအပ်တဲ့ စိုက်ပျိုးရေးနည်းပညာ၊ မျိုးကောင်းမျိုးသန့်တွေနဲ့ သွင်းအားစုတွေကို ပံ့ပိုးဆောင်ရွက်ပေးခဲ့ပါတယ်"ဟု မြစ်သားမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစိုးမင်းနိုင်က ပြောပြသည်။

စပါးကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးမှုဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် စပါးကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းသင့်ကြောင်း မြို့နယ်ဦးစီးမှူး ဦးစိုးမင်းနိုင်က ပြောပြ၍သိရသည်။

**ဝါဝါမြင့်(မြစ်သား)**

á **စာမျက်နှာ ၄ မှအဆက်**

**"တွေ့ရကြုံရကျွန်တော့်ဘဝ"** (ပထမတွဲ) (ဒုတိယတွဲ) (တတိယတွဲ) များဖြစ်ကြသည်။ ထိုစာအုပ်များမှာ ခေတ်သစ်လူငယ် တက်ကျမ်းများဆိုက မမှားပေ။

ဦးအုံးဖေ၏ဘဝတစ်စိတ်တစ်ပိုင်းအမှန်များကို ဦးအုံးဖေ၏ဆန္ဒနှင့်အညီ ဆရာတက္ကသိုလ်စိန်တင်က **"ပခုက္ကူဦးအုံးဖေ ဘဝခရီးနှင့် အောင်မြင်နည်းအတွေ့အကြုံများ"**စာအုပ်ကို ရေးသားထုတ်ဝေခဲ့ရာ ၁၉၉၃ ခုနှစ်တွင် အမျိုးသားစာပေဆုကို ရရှိခဲ့သည်။ ထိုနည်းတူ ဦးအုံးဖေကလည်း သူရေးသားခဲ့သည့် **"တွေ့ရကြုံရ ကျွန်တော့်ဘဝ"** စာအုပ်များဖြင့် ၂၀၀၁ ခုနှစ် ဆရာဝန်တင်ရွှေ စာပေဆုကို ထိုက်တန်စွာရရှိခဲ့သည်။ မြန်မာနိုင်ငံစာရေးဆရာအသင်း၏ သက်ကြီးကန်တော့ခံ စာပေပညာရှင်ကြီးလည်းဖြစ်ခဲ့သည်။

မြန်မာသက္ကရာဇ် ၁၂၇၉ ခုနှစ်တွင် ပခုက္ကူမြို့ ထနောင်းကုန်းရွာတောကျေးရွာ၌မွေးဖွားခဲ့ပြီး ၂၀၀၈ ခုနှစ် ဧပြီ ၁၃ ရက်၊ မြန်မာသက္ကရာဇ် ၁၃၇၀ ပြည့်နှစ် အသက် ၉၁ နှစ်အရွယ်တွင် ပခုက္ကူမြို့၌ ကွယ်လွန်သွားခဲ့သည်။ ထို့ကြောင့် ဦးအုံးဖေအား နိုင်ငံတော်က ၁၉၉၃ ခုနှစ်တွင် **"လူမှုထူးချွန်(ပထမဆင့်)"** နှင့် ၂၀၂၂ခုနှစ်တွင် **"သီပွကျော်စွာ"**ဘွဲ့ ပေးအပ်ချီးမြှင့်ခဲ့သည်။ ကွယ်လွန်သွားရှာသော ကွယ်လွန်သူ ဦးအုံးဖေသည် မြန်မာစာပေလောကတွင် ဘယ်သောအခါမှ နာမည်မသေဘဲ သားအစဉ်မြေးအဆက် မြစ်အညွန့် အဓွန့်ရှည်ကြာ တည်တံ့ခိုင်မြဲနေမည်ဟု ယုံကြည်နေပါသည်။

သို့သော် ပခုက္ကူဦးအုံးဖေစာပေဆု ရေရှည်တည်တံ့ခိုင်မြဲတိုးတက်ရေးအတွက် ရန်ပုံငွေတိုးပွားရန်လည်း အထူးပင်လိုအပ်လှသည်။ ယခုလက်ရှိအခြေအနေအရ ပခုက္ကူစာပေဆုအတွက် လှူဒါန်းငွေမရှိဘဲ ဘဏ်တိုးအနည်းငယ်မျှဖြင့်သာ ခရီးဆက်နေရပါက ဆုချီးမြှင့်နိုင်မှု အခြေအနေ ရပ်တန့်သွားမည်ကို စိုးရိမ်နေကြရသည်။

ဤသည်ကို သိရှိနေသော ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ကူညီသည့်အနေဖြင့် (၂၉) ကြိမ်မြောက် ပခုက္ကူစာပေဆုချီးမြှင့်ပွဲကို နေပြည်တော်၌ အကုန်အကျခံကာ စည်ကားခမ်းနားသိုက်မြိုက်စွာ ဂုဏ်ပြုကျင်းပပေးခဲ့ရာ မေ့မရနိုင်ဘဲ တသသ ဖြစ်နေကြသည်။ ထို့ပြင် ရန်ကုန်မြို့၌ကျင်းပခဲ့သော ၂၀၂၄ ခုနှစ် အကြိမ် (၃၀) မြောက် ပခုက္ကူစာပေဆုချီးမြှင့်ပွဲတွင် "နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ မိသားစုက ငွေကျပ်သိန်း ၁၀၀ ကို လှူဒါန်းခဲ့ရာ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက ဆုချီးမြှင့်ပွဲတွင် အသင်းဥက္ကဋ္ဌထံ လှူဒါန်းပေးအပ်ခဲ့သည်။

ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ကလည်း ပခုက္ကူစာပေဆု ရန်ပုံငွေကြီးကြပ်ရေးကော်မတီသို့ ငွေကျပ် ၇၅ သိန်း လှူဒါန်းခဲ့သည်။ ထိုသို့ သောလှူဒါန်းမှုအစုစုအတွက် ပခုက္ကူစာပေဆု ရန်ပုံငွေကြီးကြပ်ရေးကော်မတီနှင့် စာပေလောကသားများက အထူးပင်ကျေးဇူးတင်ဝမ်းမြောက်ကြည်နူးနေကြသည်။

သို့ဖြစ်ရာ အစဉ်အလာကောင်းရှိခဲ့သော ပခုက္ကူဦးအုံးဖေစာပေဆု ရေရှည်တည်တံ့ခိုင်မြဲတိုးတက်ရေးအတွက် စာပေစေတနာရှင်များ၊ စာပေဒါနပြုကြလိုသူများ ထပ်မံပေါ်ပေါက်လာကြပါစေဟု ဆန္ဒမွန်ပြုလိုက်ရပါသည်။

**ကိုးကား**

- **တက္ကသိုလ်စိန်တင်၏ ပခုက္ကူဦးအုံးဖေ ဘဝခရီးနှင့်အောင်မြင်နည်းအတွေ့အကြုံများစာအုပ်၊**
- **ဆုချီးမြှင့်ပွဲတိုင်းတွင် ဖြန့်ဝေခဲ့သော ပခုက္ကူစာပေဆု အကြောင်းအရာစာအုပ်များ၊**

# ချစ်တေးဆိုသော ငှက်ကလေး

- မုန်းတေးမဆို ချစ်တေးဆို၍
  မိုးကိုလည်းချစ် မြေကိုချစ်သည်
  ချစ်တတ်လွန်းစွာ မျက်ဝန်းပြာနှင့်
  သံသာနွဲ့အေး ငှက်ကလေးကို
  ဆဲရေးငြိုငြင် အပြစ်မြင်လျက်
  တမင်မုန်းရက် ကြသည်တကား။

- လေးညို့ကိုဆ မျက်ဒေါသနှင့်
  မြငှက်ကလေး ရိပ်ညိုအေး၌
  ချစ်တေးသီခိုက် ပစ်ခွင်းလိုက်သော်
  သည်းခိုက်စူးရှ ခံခက်လှ၍
  သွေးစဖြိုးဖြိုး တောင်ပံကျိုးအောင်
  မုန်းမိုးစွေရက် ကြသည်တကား။

- ဆဲရေးငြိုငြင် အပြစ်မြင်လည်း
  မြင်နိုင်သည်သာ ခွင့်လွှတ်ပါ၏
  ဣဿာစိတ်ပျိုး အတောင်ချိုးလည်း
  ချိုးရက်ပါစေ ခွင့်လွှတ်ပေ၏
  သည်းကြွေလုနိုး အတောင်ကျိုး၍
  မိုးမပျံနိုင် ခွင့်မပိုင်လည်း
  ပျံနိုင်သမျှ စွမ်းအစဖြင့်
  မြစိမ်းခက်ဝေ မြလယ်မြေဝယ်
  ချစ်ဆွေလုပ်သား လယ်သမားတို့
  ခွန်အားအသစ် တစ်ဖန်ဖြစ်ရန်
  ချစ်တေးဖွဲ့ဆို နေဦးမည်။

- မိုးမြင့်ပြာဝေ အာကာဗွေဝယ်
  ပျံနေကြသေး မြငှက်ကျေးတို့
  ရန်ဘေးကင်းပ ရှိစေကြဖို့
  ဆန္ဒမွန်ခြွေ မြတ်ဆုဝေလျက်
  စေတနာသစ် မေတ္တာသစ်ဖြင့်
  ချစ်တတ်သောငှက် ချစ်မပျက်ဘဲ
  ချစ်လျက်သီကြွေး ချစ်သံပေးသည်
  ချစ်တေး မဆုံးစေနိုင်တော့ပြီကို။ ။

**မြင်းမူမောင်နိုင်မိုး**

# ကိုဗစ်-၁၉ ရောဂါကူးစက်မှုမှ ကာကွယ်နိုင်ရန်

á **Home Stay** နေထိုင်ပါ။ တစ်ကိုယ်ရေသန့်ရှင်းရေး၊ နေအိမ်နှင့် ပတ်ဝန်းကျင်သန့်ရှင်းရေးတို့ကို အလေးထားဆောင်ရွက်ပါ။

á မကြာခဏ ထိတွေ့အသုံးပြုတဲ့ စားပွဲ၊ တံခါးလက်ကိုင်၊ ဖုန်း၊ လှေကားလက်ရန်း စသည်တို့ကို **Alcohol** ၇၀ ရာခိုင်နှုန်းပါဝင်သော ပိုးသန့်စင်ဆေးရည်ဖြင့် မကြာခဏ ဆေးကြောပါ။

# ဩစတြေးလျနှင့် နယူးဇီလန် နိုင်ငံတို့သို့ ဗီယက်နမ်သမ္မတ တိုလမ်း သွားရောက်မည်

**ဟနွိုင်း ဩဂုတ် ၆**

ဗီယက်နမ်သမ္မတ တိုလမ်းသည် လာမည့်ရက်သတ္တပတ်အတွင်း ဩစတြေးလျနိုင်ငံနှင့် နယူးဇီလန်နိုင်ငံတို့သို့ သွားရောက်ရန်စီစဉ်ထားကြောင်း ဗီယက်နမ်အစိုးရက ယနေ့တွင် သတင်းထုတ်ပြန်ထားသည်ဟု Xinhua သတင်းဌာနက ဖော်ပြထားသည်။

သမ္မတတိုလမ်းသည် ဩဂုတ် ၉ ရက်မှ ၁၄ ရက်ထိ ဩစတြေးလျနိုင်ငံနှင့် နယူးဇီလန်နိုင်ငံတို့သို့ သွားရောက်မည်ဖြစ်ကြောင်း ဗီယက်နမ်အစိုးရ သတင်းထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

သို့ရာတွင် သမ္မတတိုလမ်း၏ ခရီးစဉ် အသေးစိတ်အချက်အလက်များကို ဗီယက်နမ်အစိုးရက ထုတ်ပြန်ခြင်းမရှိသေးကြောင်း သိရသည်။

ဗီယက်နမ် ကွန်မြူနစ်ပါတီ အထွေထွေ အတွင်းရေးမှူးရာထူးကို ၂၀၂၄ ခုနှစ်တွင် စတင်ရရှိခဲ့ပြီးနောက်ပိုင်း သမ္မတ တိုလမ်းသည် သံတမန်ရေးရာ ခရီးစဉ်အများအပြား သွားရောက်ခဲ့သည်။

ဗီယက်နမ်နိုင်ငံသည် ၂၀၂၄ ခုနှစ်တွင် ဩစတြေးလျနိုင်ငံနှင့် ဆက်ဆံရေး အဆင့်မြှင့်တင်ခဲ့ပြီး ရာသီဥတု၊ သဘာဝပတ်ဝန်းကျင်၊ စွမ်းအင်၊ ကာကွယ်ရေး၊ လုံခြုံရေး၊ စီးပွားရေးကဏ္ဍတို့၌ ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရန် ကြိုးပမ်းလျက်ရှိသည်။

သမ္မတတိုလမ်းသည် ဩစတြေးလျနိုင်ငံနှင့် နယူးဇီလန်နိုင်ငံခရီးစဉ်တို့အတွင်း နှစ်နိုင်ငံသဘောတူညီချက်အများအပြား ရယူဖွယ်ရှိကြောင်းသိရသည်။

Ref : Xinhua

Trs : KKO

# ရုရှားမောင်းသူမဲ့ဒရုန်းယာဉ်တပ်ဖွဲ့၏ အကြီးအကဲသစ်အဖြစ် ဗိုလ်ချုပ်ကြီး ဒင်းနစ်လျာမင်ကို သမ္မတပူတင် ခန့်အပ်



**မော်စကို ဩဂုတ် ၆**

ရုရှားသမ္မတ ပူတင်သည် ရုရှားမောင်းသူမဲ့ ဒရုန်းယာဉ်တပ်ဖွဲ့၏ အကြီးအကဲသစ်အဖြစ် ရုရှားထိပ်တန်းဗိုလ်ချုပ်ကြီး ဒင်းနစ်လျာမင်ကို တာဝန်ပေးခဲ့ကြောင်း ရုရှားမီဒီယာများက ဩဂုတ် ၅ ရက်တွင် သတင်းထုတ်ပြန်ခဲ့သည်ဟု RT သတင်းဌာနက ယနေ့တွင် ဖော်ပြထားသည်။

ဗိုလ်ချုပ်ကြီး ဒင်းနစ်လျာမင်သည် ၂၀၂၃ ခုနှစ်မှစ၍ ရုရှားကြည်းတပ် အလယ်ပိုင်းစစ်ဒေသစစ်ဦးစီးချုပ်အဖြစ် တာဝန်ထမ်းဆောင်ခဲ့သူဖြစ်သည်။

ရုရှားသမ္မတ ပူတင်သည် ရုရှားမောင်းသူမဲ့ ဒရုန်းယာဉ်တပ်ဖွဲ့ အကြီးအကဲသစ်အဖြစ် ဩဂုတ် ၅ ရက်တွင် ဗိုလ်ချုပ်ကြီး ဒင်းနစ်လျာမင်ကို ခန့်အပ်ခဲ့ခြင်းဖြစ်သည်။

မောင်းသူမဲ့ ဒရုန်းယာဉ်တပ်ဖွဲ့သည် ရုရှားတပ်မတော်၏ မောင်းသူမဲ့ဒရုန်းယာဉ် စစ်ဆင်ရေးများကို တာဝန်ယူရေးအတွက် အသစ်ဖွဲ့စည်းထားသော တပ်ဖွဲ့သစ်ဖြစ်သည်။

ယူကရိန်းနှင့် စစ်ရေးပဋိပက္ခဖြစ်ပွားနေချိန်တွင် တပ်မတော်ဆိုင်ရာ ဖွဲ့စည်းတည်ဆောက်ပုံပြောင်းလဲရေးအစီအစဉ်အရ ရုရှားသမ္မတပူတင်က ဒင်းနစ်လျာမင်ကို မောင်းသူမဲ့ ဒရုန်းယာဉ်တပ်ဖွဲ့ အကြီးအကဲအဖြစ် တာဝန်ပေးခဲ့ခြင်းဖြစ်သည်။

ယူကရိန်း စစ်ရေးပဋိပက္ခတွင် မောင်းသူမဲ့ ဒရုန်းယာဉ်များမှာ အဓိက အခန်းကဏ္ဍတွင် ပါဝင်လျက်ရှိပြီး ရုရှားနှင့် ယူကရိန်း နှစ်ဖက်လုံးတို့က တာဝေးပျံ မောင်းသူမဲ့ ဒရုန်းယာဉ်များကို အသုံးပြုလျက်ရှိကြောင်း သိရသည်။

Ref : RT

Trs : KKO

# လက်ဘနွန်တောင်ပိုင်း စစ်ရေးပစ်မှတ်များကို အစ္စရေးတပ်မတော် ပြန်လည်စတင်တိုက်ခိုက်



**ဘေရွတ် ဩဂုတ် ၆**

နှစ်နိုင်ငံကြား စေ့စပ်ဆွေးနွေးမှုများပြုလုပ်နေသော်လည်း အစ္စရေးတပ်မတော်က ဩဂုတ် ၅ ရက်တွင် လက်ဘနွန်တောင်ပိုင်းရှိ စစ်ရေးပစ်မှတ်များကို ပြန်လည်စတင်တိုက်ခိုက်ခဲ့ကြောင်း RT သတင်းဌာန ယနေ့တွင် ဖော်ပြထားသည်။

အပစ်အခတ် ရပ်စဲရေးကို လက်ဘနွန်အခြေစိုက် ဟစ်ဇ်ဘိုလာအုပ်စုက ချိုးဖောက်နေကြောင်း ပြောကြားခဲ့ပြီးနောက် အစ္စရေးတပ်မတော်က လက်ဘနွန်တောင်ပိုင်း၌ စစ်ရေးတိုက်ခိုက်မှုများ ပြန်လည်စတင်ခဲ့ခြင်းဖြစ်သည်။

ဟစ်ဇ်ဘိုလာအုပ်စု၏ အပစ်အခတ်ရပ်စဲရေး သဘောတူညီချက် ချိုးဖောက်မှုများကို တုံ့ပြန်သည့်အနေဖြင့် လက်ဘနွန်တောင်ပိုင်းမင်ဆိုရီမြို့ရှိ ဟစ်ဇ်ဘိုလာပစ်မှတ်များကို တိုက်ခိုက်ခဲ့ကြောင်း အစ္စရေးတပ်မတော်က သတင်းထုတ်ပြန်ထားသည်။

တိုက်ခိုက်မှုများ မပြုလုပ်မီ ဘေးလွတ်ရာ နေရာများသို့ ရွှေ့ပြောင်းထားကြရန် အစ္စရေးတပ်မတော်က မင်ဆိုရီမြို့ ဒေသခံများကို သတိပေးခဲ့သည်။

အီတလီနိုင်ငံ ရောမမြို့၌ အစ္စရေးနှင့် လက်ဘနွန်တာဝန်ရှိသူများကြား ငြိမ်းချမ်းရေး ဆွေးနွေးပွဲများ ကျင်းပနေချိန်မှာပင် အစ္စရေးတပ်မတော်က လက်ဘနွန်တောင်ပိုင်း၌ စစ်ရေးအရ တိုက်ခိုက်မှုများ ပြန်လည်စတင်နေခြင်း ဖြစ်သည်။

ယခုနှစ်မတ် ၂ ရက်တွင် လက်ဘနွန်အခြေစိုက် ဟစ်ဇ်ဘိုလာအုပ်စုက အစ္စရေးနိုင်ငံကို ဒုံးကျည်များဖြင့် တိုက်ခိုက်ခဲ့ပြီးနောက် အစ္စရေးတပ်မတော်က လက်ဘနွန်တောင်ပိုင်းရှိ ဟစ်ဇ်ဘိုလာပစ်မှတ်များကို စတင်တိုက်ခိုက်ခဲ့ကြောင်း သိရသည်။

Ref : RT

Trs : KKO

# အမေရိကန်နိုင်ငံအပေါ် မောင်းသူမဲ့ဒရုန်းယာဉ် ထုတ်ကုန်များတင်ပို့မှု တရုတ်အစိုးရကန့်သတ်

**ပေကျင်း ဩဂုတ် ၆**

အမေရိကန်နိုင်ငံသို့ မောင်းသူမဲ့ ဒရုန်းယာဉ် ထုတ်ကုန်များ တင်ပို့မှုဆိုင်ရာ ကန့်သတ်ချက်များကို တရုတ်နိုင်ငံက ဩဂုတ် ၅ ရက်တွင် ကြေညာခဲ့ကြောင်း Xinhua သတင်းဌာန ယနေ့တွင် ဖော်ပြထားသည်။

ထို့ပြင် တရုတ်နိုင်ငံသည် အမေရိကန် ကုမ္ပဏီခြောက်ခုတို့ကို နာမည်ပျက်စာရင်းအတွင်း ထပ်မံထည့်သွင်းခဲ့ကြောင်းလည်း တရုတ်အစိုးရမီဒီယာများက သတင်းထုတ်ပြန်ထားသည်။

အမျိုးသား လုံခြုံရေးဆိုင်ရာ အကြောင်းပြချက်များဖြင့် အမေရိကန်အစိုးရချမှတ်ခဲ့သော ကုန်သွယ်ရေးအရေးယူ ပိတ်ဆို့မှုများကို တုံ့ပြန်သည့်အနေဖြင့် အမေရိကန်နိုင်ငံသို့ မောင်းသူမဲ့ဒရုန်းယာဉ် ထုတ်ကုန်များတင်ပို့မှုကို တရုတ်အစိုးရက ကန့်သတ်ခဲ့ခြင်းဖြစ်သည်။

ထို့ပြင် တရုတ်အစိုးရသည် ဇီဝနည်းပညာကုမ္ပဏီများနှင့် ဘူမိသိပ္ပံကုမ္ပဏီများအပါအဝင် အမေရိကန်ကုမ္ပဏီ ခြောက်ခုတို့ကိုလည်း ဩဂုတ် ၅ ရက်တွင် နာမည်ပျက်စာရင်းထည့်သွင်းခဲ့သည်။

အမေရိကန်အစိုးရသည် တရုတ်နိုင်ငံအပါအဝင် ကုန်သွယ်ရေး မိတ်ဖက်နိုင်ငံပေါင်း ၆၀ တို့၏ ပို့ကုန်များအပေါ် အမျိုးသားလုံခြုံရေးအကြောင်းပြချက်၊ လူ့အခွင့်အရေးချိုးဖောက်မှု စွပ်စွဲချက်များဖြင့် ဇူလိုင် ၂၄ ရက်တွင် အခွန်စည်းကြပ်မှုများ ကြေညာခဲ့သည်။

အမေရိကန်အစိုးရ၏ အဆိုပါလုပ်ရပ်သည်တရုတ်နိုင်ငံ၏ တရားဝင်ရပိုင်ခွင့်ရှိသော အခွင့်အရေးများနှင့် အကျိုးစီးပွားများကို ထိခိုက်စေနိုင်သည်ဟု တရုတ်အစိုးရက ပြောကြားထားကြောင်း သိရသည်။

Ref : Xinhua

Trs : KKO

# အဏုမြူဗုံးကြဲတိုက်ခိုက်ခံရမှု ၈၀ နှစ်ပြည့် အထိမ်းအမှတ်အခမ်းအနား ဟီရိုရှီးမားမြို့၌ ကျင်းပ



**ဟီရိုရှီးမား ဩဂုတ် ၆**

ဂျပန်နိုင်ငံ ဟီရိုရှီးမားမြို့တော်သည် အဏုမြူဗုံးကြဲတိုက်ခိုက်ခံရမှု ၈၀ နှစ်ပြည့် အထိမ်းအမှတ်အခမ်းအနားကို ယနေ့တွင် ကျင်းပခဲ့ကြောင်း Xinhua သတင်းဌာနက ဖော်ပြထားသည်။

အဆိုပါ အထိမ်းအမှတ်အခမ်းအနားတွင် ဟီရိုရှီးမားမြို့တော်ဝန် ကာဇူမီမတ်ဆူအီက စစ်ရေးပဋိပက္ခများကို တားဆီးရေးအတွက် နျူကလီးယားလက်နက် အရံအတား ထားရှိရေးကို လက်တွေ့ကျသည့် သဘောတရားအဖြစ် ကမ္ဘာ့နိုင်ငံ အများအပြားက မှတ်ယူနေကြဆဲဖြစ်ရာ ကမ္ဘာပေါ်၌ နျူကလီးယားလက်နက်ကင်းစင်ရေး ရည်မှန်းချက်မှာလည်း အလှမ်းဝေးနေဆဲဖြစ်ကြောင်း ပြောကြားခဲ့သည်။

အမေရိကန် လေတပ်သည် ဒုတိယကမ္ဘာစစ် ပြီးဆုံးကာလ ၁၉၄၅ ခုနှစ် ဩဂုတ် ၆ ရက်တွင် ဟီရိုရှီးမားမြို့ကို အဏုမြူဗုံးကြဲချတိုက်ခိုက်ခဲ့ရာ လူဦးရေ ၁၄၀၀၀၀ ခန့် သေဆုံးခဲ့ပြီး နောက်သုံးရက်အကြာတွင် နာဂါဆာကီမြို့ကို အဏုမြူဗုံးဖြင့် ဆက်လက်တိုက်ခိုက်ခဲ့ရာ လူဦးရေ ၇၀၀၀၀ ထပ်မံသေဆုံးခဲ့ပြီး ဂျပန်တပ်များလည်း လက်နက်ချခဲ့ရသည်။

ဟီရိုရှီးမားနှင့် နာဂါဆာကီမြို့တို့သည် အဏုမြူလက်နက်ဖြင့် တိုက်ခိုက်ခံခဲ့ရသည့် ကမ္ဘာ့ပထမဆုံး မြို့များဖြစ်ကြောင်း သိရသည်။

Ref : Xinhua

Trs : KKO

# တရုတ်အမျိုးသားအာကာသအေဂျင်စီက အင်တာနက်ဆက်သွယ်ရေးဂြိုဟ်တုအုပ်စုသစ်ကို အောင်မြင်စွာလွှတ်တင်ခဲ့



ပေကျင်း ဩဂုတ် ၆

တရုတ်အမျိုးသား အာကာသ အေဂျင်စီသည် ဩဂုတ် ၄ ရက်တွင် အင်တာနက် ဆက်သွယ်ရေး ဂြိုဟ်တု အုပ်စုသစ်ကို အောင်မြင်စွာ လွှတ်တင်ခဲ့ကြောင်း ဩဂုတ် ၅ ရက် သတင်းများအရ သိရသည်။

အဆိုပါ အင်တာနက်ဝန်ဆောင်မှုဂြိုဟ်တုအုပ်စုသစ်ကို လောင်းမတ်ချ်-၈ အေ ဒုံးပျံဖြင့် တရုတ်နိုင်ငံတောင်ပိုင်း ဟိုင်နန်အာကာသစခန်းမှတစ်ဆင့် လွှတ်တင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

လွှတ်တင်ပြီး မကြာမီမှာပင် လောင်းမတ်ချ်-၈ အေ ဒုံးပျံသည် သယ်ဆောင်ထားသည့် အင်တာနက် ဆက်သွယ်ရေးဂြိုဟ်တုများကို သတ်မှတ်ပတ်လမ်းပေါ်သို့ အောင်မြင်စွာ ပို့ဆောင်ပေးနိုင်ခဲ့သည်ဟု တရုတ်အမျိုးသား အာကာသအေဂျင်စီက သတင်း ထုတ်ပြန်ထားကြောင်း သိရသည်။

အထက်ပါမစ်ရှင်သည် ကမ္ဘာပတ်လမ်းအနိမ့်ပိုင်း အင်တာနက်ဝန်ဆောင်မှု ဂြိုဟ်တုကွန်ရက်အတွက် လောင်းမတ်ချ်-၈ အေဒုံးပျံဖြင့် လွှတ်တင်ခဲ့သည့် ၂၃ သုတ်မြောက် အင်တာနက်ဝန်ဆောင်မှု ဂြိုဟ်တုအုပ်စုဖြစ်ကြောင်း သိရသည်။

အဆိုပါမစ်ရှင်တွင် လွှတ်တင်ခဲ့သည့် အင်တာနက်ဝန်ဆောင်မှုဂြိုဟ်တုအရေအတွက်ကို တရုတ်အမျိုးသား အာကာသအေဂျင်စီက သတင်း ထုတ်ပြန်ထားကြောင်း သိရသည်။

ဩဂုတ် ၄ ရက် လောင်းမတ်ချ်-၈ အေ မစ်ရှင်သည် လောင်းမတ်ချ် အုပ်စုဝင် ဒုံးပျံများ၏ ၆၆ ကြိမ်မြောက် မစ်ရှင်ဖြစ်ကြောင်း သိရသည်။

Ref : Xinhua News

Trs : KKO

# လမ်းအမြန်လျှောက်ခြင်းကို တစ်ပတ်လျှင်တစ်ကြိမ် ပြုလုပ်ခြင်းဖြင့် ဝမ်းဗိုက်အဆီစုစည်းမှုကို လျှော့ချနိုင်

ပေကျင်း ဩဂုတ် ၆

လမ်းအမြန်လျှောက်ခြင်းကို တစ်ပတ်လျှင် တစ်ကြိမ် ပြုလုပ်ခြင်းဖြင့် ဝမ်းဗိုက် အဆီခတ်စုစည်းမှုကို လျှော့ချပေးနိုင်ကြောင်း သုတေသနပညာရှင်များ၏ အဆိုကိုကိုးကား၍ ဩဂုတ် ၅ ရက် သတင်းများတွင်ဖော်ပြထားသည်။

တရုတ်နိုင်ငံ ဟောင်ကောင် တက္ကသိုလ်မှ သုတေသနပညာရှင်များသည် လမ်းအမြန်လျှောက် လေ့ကျင့်ခန်း၏ ကိုယ်တွင်းအဆီစုစည်းမှုအပေါ် အကျိုးသက်ရောက်မှုကို ဖော်ထုတ်ရန် အရွယ်ရောက်သူ ၃၁၅ ဦးတို့ဖြင့် လေ့လာခဲ့ကြသည်။

လေ့လာချက်တွင် ပါဝင်သူအားလုံးမှာ ဝမ်းဗိုက်အဆီခတ် (Visceral Fat) စုစည်းမှုလွန်ကဲနေသူများဖြစ်ကြသည်။

လေ့လာချက်မှ ပေါ်ထွက်လာသည့် ရလဒ်များအရ လမ်းအမြန်လျှောက်လေ့ကျင့်ခန်းကို တစ်ပတ်လျှင် တစ်ကြိမ် ၇၅ မိနစ်ကြာ ပြုလုပ်မှုသည် တစ်ပတ်လျှင် သုံးကြိမ် လေ့ကျင့်ခန်းပြုလုပ်မှုကဲ့သို့ပင် ဝမ်းဗိုက်ပိုင်း အဆီစုစည်းမှုကို လျှော့ချပေးနိုင်သည်ကို တွေ့ရသည်ဟု တရုတ်သုတေသနပညာရှင်များက ပြောကြားကြောင်း သိရသည်။


သို့ဖြစ်ရာ တစ်ပတ်လျှင် တစ်ကြိမ် လမ်းအမြန်လျှောက် လေ့ကျင့်ခန်းပြုလုပ်မှုသည် နေ့စဉ်လေ့ကျင့်ခန်းပြုလုပ်ရန် အခက်အခဲရှိနေသူများအတွက် ဝမ်းဗိုက်ပိုင်း အဆီလျှော့ချနိုင်ရေးကို အထောက်အကူ ပြုနိုင်ကြောင်း သုတေသန ပညာရှင်များက ပြောကြားသည်။

Ref : Sputnik News

Trs : KKO

# နေအဖွဲ့အစည်း၏အပြင်ပိုင်းအကျဆုံးဂြိုဟ်ဖြစ်သော နက်ပကျွန်းဂြိုဟ်၏ပတ်ပတ်လည်၌ နေအဖွဲ့အစည်းစတင်ဖွဲ့စည်းဖြစ်တည်စကာလက ရှေးဟောင်းဂြိုဟ်ကြီးများပြိုကွဲပျက်စီးခဲ့

ဝါရှင်တန် ဩဂုတ် ၆



နေအဖွဲ့အစည်း၏ အပြင်ပိုင်း အကျဆုံးဂြိုဟ်ဖြစ်သော နက်ပကျွန်းဂြိုဟ်၏ ပတ်ပတ်လည်၌ နေအဖွဲ့အစည်း စတင်ဖွဲ့စည်းဖြစ်တည်စကာလက ရှေးဟောင်း ဂြိုဟ်ကြီးများ ပြိုကွဲပျက်စီးခဲ့ရဖူးကြောင်း ဩဂုတ် ၅ ရက် သတင်းများအရ သိရသည်။

အမေရိကန်အစိုးရ အမျိုးသားလေကြောင်းနှင့် အာကာသစီမံခန့်ခွဲရေးအေဂျင်စီ (နာဆာ)က လွှတ်တင်ထားသော ဂျိမ်းစ်ဝက်ဘ် အာကာသရေဒီယိုတယ်လီစကုပ်မှ ရရှိသော သတင်းအချက်အလက်များအရ နက်ပကျွန်းဂြိုဟ်၌ အတွင်းပိုင်းဂြိုဟ်ရံလ သုံးစင်းတွင် ရှေးဟောင်းဂြိုဟ်များ၌ တွေ့ရခဲ့သည့် ရွံ့စေးတွင်းထွက်များကို အမေရိကန် သိပ္ပံပညာရှင်များက တွေ့ရှိခဲ့သည်။

ရှေးဟောင်းဂြိုဟ်များ၌ ရှိတတ်သော ရွံ့စေးတွင်းထွက်ပစ္စည်းများ ရှာဖွေတွေ့ရှိခဲ့ရသော နက်ပကျွန်းဂြိုဟ် ဂြိုဟ်ရံလသုံးစင်းမှာ ပရိုတီးယပ်စ်၊ လာရစ်ဆာနှင့် ဂါလာတီးယား ဂြိုဟ်ရံလများဖြစ်ကြကြောင်း သုတေသနပညာရှင်များ၏ အဆိုအရ သိရသည်။

ထို့ပြင် နက်ပကျွန်းဂြိုဟ်ခါးပတ်ကွင်းများတွင်လည်း ရှေးဟောင်းဂြိုဟ်များ၏ ရွံ့စေးတွင်းထွက်ဓာတ်များ တည်ရှိနေကြောင်း အမေရိကန် သိပ္ပံပညာရှင်များက ပြောကြားသည်။

နက်ပကျွန်းဂြိုဟ်၏ ဒြပ်ဆွဲအားကြောင့် ကွိုင်ပါခါးပတ်ကွင်းထဲမှ နက်ပကျွန်းဂြိုဟ်ပတ်လမ်းအတွင်း ဝင်ရောက်လာသော ထရိုင်တန်ဂြိုဟ်ရံလ ဝင်တိုက်မှုကြောင့် နက်ပကျွန်းဂြိုဟ်ဝန်းကျင်ရှိ ရှေးဟောင်းဂြိုဟ်များ ပျက်စီးခဲ့ရခြင်း ဖြစ်နိုင်ကြောင်း သိပ္ပံပညာရှင်များက ယူဆထားသည်။

Ref : Sputnik News

Trs : KKO

# မိခင်နို့ရည်တွင်ပါသော Osteopontin ပရိုတင်းက ကလေးများ၏ခုခံအားစနစ်ကို မြှင့်တင်ပေးနိုင်

ကင်ဘာရာ ဩဂုတ် ၆

မိခင်နို့ရည်တွင်ပါဝင်သော Osteopontin ခေါ် ပရိုတင်းတစ်မျိုးသည် ကလေးများ၏ ခုခံအားစနစ်ကို မြှင့်တင်ပေးနိုင်ကြောင်း ဩဂုတ် ၅ ရက် သတင်းများအရ သိရသည်။

ဩစတြေးလျ သုတေသနပညာရှင်များ၏ လေ့လာတွေ့ရှိချက်အရ Osteopontin ပရိုတင်းသည် ကလေးများ၏ အသည်းနှင့် အဆုတ်တို့၌ ခုခံအားစနစ်ဆဲလ်များဖွံ့ဖြိုးမှုကို အထောက်အကူပြုသည့် ဇီဝအချက်ပြလှိုင်းများ ပေါ်ထွက်လာစေရန် စေ့ဆော်ပေးနိုင်ကြောင်း သိရသည်။

ထို့ပြင် Osteopontin ပရိုတင်းသည် ကလေးများ၌ အသက်ရှူလမ်းကြောင်း ကူးစက်ရောဂါများမှလည်း ကာကွယ်ပေးနိုင်သည်ဟု ဩစတြေးလျ သုတေသနပညာရှင်များက ပြောကြားခဲ့ကြောင်း သိရသည်။

မီးဖွားပြီး ပထမပတ်များအတွင်း မိခင်နို့ရည်၌ Osteopontin ပရိုတင်းပါဝင်မှုအဆင့် မြင့်တက်လာတတ်သည်ဟု သုတေသနပညာရှင်များက ရှေးယခင်ကပင် သိရှိနားလည်ခဲ့ကြပြီးဖြစ်ကြောင်း သိရသည်။

မိမိတို့၏ လေ့လာတွေ့ရှိချက်အရ Osteopontin ပရိုတင်းသည် ကလေးငယ်များ၏ ဘက်တီးရီးယားစုဖွဲ့ ဖွဲ့စည်းပုံအပေါ် အကျိုးသက်ရောက်မှုရှိကြောင်း ဩစတြေးလျ သုတေသနပညာရှင်များက ပြောကြားသည်။

မိခင်နို့ရည်တွင် Osteopontin ပရိုတင်းပါဝင်မှု အဆင့်မြင့်မားကြောင်း သိရှိထားပြီးဖြစ်သော်လည်း ၎င်းပရိုတင်းများ၏ ကျန်းမာရေးအပေါ် အကျိုးသက်ရောက်မှုကို နားလည်နိုင်ရန် ဆေးပညာရှင်များက လေ့လာနေရဆဲဖြစ်ကြောင်း သိရသည်။

Ref : Russia Today

Trs : KKO



# ဂျပန်နိုင်ငံ ဟီရိုရှီးမား နျူကလီးယားဗုံးပေါက်ကွဲမှုကြောင့် ကမ္ဘာဂြိုဟ်ပေါ်၌မရှိခဲ့ဖူးသော သတ္တုဒြပ်စင်တစ်မျိုးပေါ်ထွက်လာ

ရောမ ဩဂုတ် ၆

ဂျပန်နိုင်ငံ ဟီရိုရှီးမား နျူကလီးယားဗုံးပေါက်ကွဲမှုကြောင့် ကမ္ဘာဂြိုဟ်ပေါ်၌မရှိခဲ့ဖူးသော သတ္တုဒြပ်စင်တစ်မျိုးပေါ်ထွက်လာခဲ့ကြောင်း သိပ္ပံပညာရှင်များ၏ အဆိုကို ကိုးကား၍ ဩဂုတ် ၅ ရက်သတင်းများတွင် ဖော်ပြထားသည်။

အဆိုပါ သတ္တုဒြပ်စင်သစ်ကို အီတလီနိုင်ငံ ဖလောရင့်တက္ကသိုလ်မှ သိပ္ပံပညာရှင်များက နျူကလီးယားဗုံးပေါက်ကွဲပြီးနောက် ပေါ်ထွက်လာသည့် ဟီရိုရှီးမိုက် (Heroshimite) ခေါ် ဖန်မှုန်များထဲတွင် ရှာဖွေတွေ့ရှိခဲ့ခြင်းဖြစ်သည်။

အီတလီသိပ္ပံပညာရှင်များ ရှာဖွေတွေ့ရှိခဲ့ရသည့် သတ္တုဒြပ်စင်သစ်တွင် သံ၊ ခရိုမီယမ်၊ နီကယ်၊ မဂ္ဂနိစ်၊ မိုလီဒီနမ်၊ ဆီလီကွန်နှင့် အလူမီနီယမ်တို့ဖြင့် ဖွဲ့စည်းထားကြောင်း သိရသည်။

သို့ရာတွင် အထက်ပါသတ္တုဓာတ် ဖွဲ့စည်းပုံမျိုးကို ကမ္ဘာပေါ်၌ ရှေးယခင်က မတွေ့ခဲ့ဖူးကြောင်း အီတလီ သုတေသနပညာရှင်များက ပြောကြားသည်။

အဆိုပါ သတ္တုဒြပ်စင်သစ်သည် နျူကလီးယားဗုံး ပေါက်ကွဲမှု၏ နောက်ဆက်တွဲအဖြစ် ပေါ်ထွက်လာသည့် အပူချိန် ၇၀၀၀ ဒီဂရီဆဲလ်စီးယပ်စ် အောက်တွင် အဆောက်အအုံများ၊ မြေဆီလွှာနှင့် မှန်သားအရည်ပျော်အငွေ့ပျံခဲ့ရပြီးနောက် ပေါ်ထွက်လာသည့် သတ္တုဒြပ်စင် ဖြစ်နိုင်ကြောင်း၊ အထက်ပါ လေ့လာတွေ့ရှိချက်အရ လူ့ပယောဂကြောင့် ပေါ်ထွက်လာသည့် ပြင်းထန်လွန်ကဲသော အခြေအနေများအောက်တွင် ဒြပ်စင်သစ်များ ပေါ်ထွက်လာတတ်ကြောင်း အီတလီသိပ္ပံပညာရှင်များက သုံးသပ်ထားသည်။

Ref : Russia Today

Trs : KKO

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ၏ ထိုင်းနိုင်ငံသို့သွားရောက်သည့် တရားဝင်ခရီးစဉ်အတွင်း ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတနှင့် ထိုင်းနိုင်ငံဝန်ကြီးချုပ်တို့၏ ပူးတွဲကြေညာချက်

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်သည် ထိုင်းနိုင်ငံဝန်ကြီးချုပ် မစ္စတာ အနုထင် ချာဝီရကွန်၏ ဖိတ်ကြားချက်အရ ၂၀၂၆ ခုနှစ် ဩဂုတ် ၆ ရက်မှ ၇ ရက်ထိ ထိုင်းနိုင်ငံသို့ တရားဝင်ခရီးစဉ်သွားရောက်ခဲ့ပါသည်။ ခရီးစဉ်အတွင်း နှစ်နိုင်ငံခေါင်းဆောင်များသည် ချစ်ကြည်ရင်းနှီးစွာဖြင့် နှစ်နိုင်ငံတွေ့ဆုံဆွေးနွေးမှုများကို ပြုလုပ်ခဲ့ကြသည်။

၂။ နှစ်နိုင်ငံခေါင်းဆောင်များသည် မြန်မာနိုင်ငံနှင့် ထိုင်းနိုင်ငံတို့အကြား ကာလရှည်ကြာတည်ရှိခဲ့သော ချစ်ကြည်ရင်းနှီးမှု၊ ပူးပေါင်းဆောင်ရွက်မှုနှင့် အိမ်နီးချင်းကောင်းပီသမှုတို့ကို အားရကျေနပ်မှုများဖြင့် ဖော်ပြခဲ့ကြပြီး နှစ်နိုင်ငံနှင့် ဒေသတွင်း အပြန်အလှန်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဘုံသာယာဝပြောရေးအတွက် အပြန်အလှန်အကျိုးစီးပွားများဖြစ်ထွန်းစေသည့်ကဏ္ဍပေါင်းစုံတွင် ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုခိုင်မာစေရန် ကတိကဝတ်များကို ထပ်လောင်းအတည်ပြုခဲ့ကြသည်။

၃။ နှစ်နိုင်ငံခေါင်းဆောင်များသည် အဓိကကျသည့် အောက်ပါကဏ္ဍများတွင် နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်မှုများကို ပိုမိုခိုင်မာစေရန် အရေးကြီးကြောင်း အလေးပေးပြောကြားခဲ့သည်-

**၃.၁ နိုင်ငံရေးနှင့် လုံခြုံရေးပူးပေါင်းဆောင်ရွက်မှု**

၃.၁.၁ နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်ရေးပူးတွဲကော်မရှင်(Joint Commission-JC)ကို ဆောလျင်စွာ ကျင်းပနိုင်ရေးအပါအဝင် ကဏ္ဍပေါင်းစုံ၌ နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှု ခိုင်မာစေရန်အဆင့်တိုင်းတွင် တွေ့ဆုံဆွေးနွေးမှုများနှင့် အပြန်အလှန်အဆင့်မြင့်ခရီးစဉ်များကို ပိုမိုလေးနက်ခိုင်မာစွာ ဆောင်ရွက်သွားရန် နှစ်ဖက်စလုံးက သဘောတူညီခဲ့ကြသည်။ နိုင်ငံရေးရာညှိနှိုင်းဆွေးနွေးပွဲ(political consultations)၊ မြန်မာနိုင်ငံ၏ သံတမန်သစ်များနှင့် အလယ်အလတ်အဆင့် သံတမန်များအတွက် စွမ်းဆောင်ရည်မြှင့်တင်ရေးအစီအစဉ်များ၊ နှစ်နိုင်ငံ သံတမန်များ အပြန်အလှန်စေလွှတ်ရေးအစီအစဉ်များမှတစ်ဆင့် နှစ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနများအကြား ပူးပေါင်းဆောင်ရွက်မှု ပိုမိုတိုးမြှင့်ဆောင်ရွက်သွားရေး၊ မြန်မာသံတမန်သင်တန်းကျောင်း(MDA)နှင့် ထိုင်းနိုင်ငံ Devawongse Varopakarn Institute of Foreign Affairs (DVIFA)တို့အကြား နီးကပ်စွာ ပူးပေါင်းဆောင်ရွက်သွားရေးအပေါ် ကြိုဆိုခဲ့ကြသည်။

၃.၁.၂ မြန်မာနိုင်ငံနှင့် ထိုင်းနိုင်ငံတို့အကြား ကာကွယ်ရေးနှင့် လုံခြုံရေးဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးတွင် ခိုင်မာပြီး ကာလရှည်ကြာတည်ရှိခဲ့သည့် မိတ်ဖက်ဆက်ဆံရေးကို နှစ်ဖက်စလုံးက ကြိုဆိုခဲ့ကြပြီး ၂၀၂၆ ခုနှစ် ဇွန် ၂၉ ရက်မှ ဇူလိုင် ၁ ရက်ထိ ကျိုင်းတုံမြို့၌ ကျင်းပခဲ့သည့် ၃၈ ကြိမ်မြောက် ဒေသဆိုင်ရာနယ်ခြားကော်မတီအစည်းအဝေး(Regional Border Committee-RBC) အပါအဝင် သက်ဆိုင်ရာ နှစ်နိုင်ငံယန္တရားများမှတစ်ဆင့် စဉ်ဆက်မပြတ်ဖြစ်ပေါ်တိုးတက်မှုများအပေါ် ကျေနပ်အားရစွာဖြင့် မှတ်သားခဲ့ကြသည်။ ၉ ကြိမ်မြောက် မြန်မာ-ထိုင်း တပ်မတော်နှစ်ရပ်အကြား အဆင့်မြင့်အရာရှိကြီးများ (9th High-Level Committee-HLC) အစည်းအဝေးကို ၂၀၂၆ ခုနှစ် ဩဂုတ် ၁၉ ရက်မှ ၂၁ ရက်ထိ ဗန်ကောက်မြို့တွင် ကျင်းပနိုင်ရန် မျှော်မှန်းခဲ့ကြသည်။

၃.၁.၃ နှစ်နိုင်ငံအကြား မဟာဗျူဟာအဆင့်တွင် လုံခြုံရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုကို ခိုင်မာအားကောင်းစေရန်အတွက် မြန်မာနိုင်ငံ အမျိုးသားလုံခြုံရေးဆိုင်ရာအကြံပေးပုဂ္ဂိုလ်နှင့် ထိုင်းနိုင်ငံ အမျိုးသားလုံခြုံရေးကောင်စီအတွင်းရေးမှူးချုပ်တို့အကြား ကျင်းပမည့် လုံခြုံရေးဆိုင်ရာဆွေးနွေးပွဲ (Security Dialogue)ကို နှစ်ဖက်စလုံးက ကြိုဆိုခဲ့ကြသည်။

၃.၁.၄ နှစ်နိုင်ငံပြည်သူများ၏ ဘေးအန္တရာယ်ကင်းရှင်းရေး၊ လုံခြုံရေးနှင့် ပိုမိုကောင်းမွန်သည့် လူမှုဘဝအခြေခံလိုအပ်ချက်များရရှိရေးတို့ကို ဖော်ဆောင်ပေးနိုင်ရန် မြန်မာ-ထိုင်း နယ်စပ်တွင် ငြိမ်းချမ်းရေးနှင့် တည်ငြိမ်ရေးကိုဖော်ဆောင်မည့် ပူးတွဲကတိကဝတ်ကို နှစ်ဖက်စလုံးက ဖော်ပြခဲ့ကြသည်။

၃.၁.၅ နိုင်ငံဖြတ်ကျော်မှုခင်းများ အထူးသဖြင့် အွန်လိုင်းလိမ်လည်မှုများနှင့် မူးယစ်ဆေးဝါးကိစ္စရပ်များကို တိုက်ဖျက်ရာတွင် ပူးတွဲကြိုးပမ်းဆောင်ရွက်မှုများကို တိုးမြှင့်လုပ်ဆောင်သွားရန် နှစ်ဖက်စလုံးက သဘောတူညီခဲ့ကြသည်။ ထို့ပြင် နိုင်ငံဖြတ်ကျော်မှုခင်းကွန်ရက်များ၏ ငွေကြေးစီးဆင်းမှုများကို ဖြတ်တောက်ဟန့်တားရေး ပူးတွဲဆောင်ရွက်မှုများနှင့် သတင်းအချက်အလက်မျှဝေမှုများမှတစ်ဆင့် မြန်မာ-ထိုင်းနယ်စပ်တစ်လျှောက်ရှိ အွန်လိုင်းလိမ်လည်မှုစင်တာများကို နှိမ်နင်းရန်အတွက် သက်ဆိုင်ရာအဖွဲ့အစည်းများအကြား ညှိနှိုင်းဆောင်ရွက်မှုများကို တိုးမြှင့်ရန် သဘောတူညီခဲ့ကြသည်။ အထူးသဖြင့် စွမ်းဆောင်ရည်မြှင့်တင်ရေးအစီအစဉ်များမှတစ်ဆင့် နှစ်နိုင်ငံ ငွေကြေးခဝါချမှုတိုက်ဖျက်ရေး အာဏာပိုင်များအကြား ရှိရင်းစွဲပူးပေါင်းဆောင်ရွက်မှုကို ပိုမိုခိုင်မာစေရေး တည်ဆောက်သွားရန် သဘောတူညီခဲ့ကြသည်။ ငွေကြေးဆိုင်ရာ စုံစမ်းထောက်လှမ်းရေးသတင်းအချက်အလက်များ မျှဝေမှုကို လွယ်ကူချောမွေ့စေရန်အတွက် မြန်မာနိုင်ငံ၏ Egmont Group အဖွဲ့ဝင်ဖြစ်ရေးကို ထိုင်းဘက်က ဆက်လက်ထောက်ခံကြောင်း ဖော်ပြခဲ့သည်။ မူးယစ်ဆေးဝါးများနှင့် မူးယစ်ဆေးဝါးချက်လုပ်ရာတွင် အသုံးပြုသည့် ဓာတုပစ္စည်းများ တားဆီးကာကွယ်နှိမ်နင်းရေး ပူးပေါင်းဆောင်ရွက်ရာတွင် ခိုင်မာအားကောင်းစေရေးအတွက် ကတိကဝတ်များကို နှစ်နိုင်ငံခေါင်းဆောင်များက ထပ်လောင်းအတည်ပြုခဲ့ကြသည်။

၃.၁.၆ နှစ်နိုင်ငံခေါင်းဆောင်များသည် မြန်မာနိုင်ငံ ပြည်ထောင်စုလွှတ်တော်နှင့် ထိုင်းနိုင်ငံ အမျိုးသားလွှတ်တော်တို့အကြား ပိုမိုနီးကပ်စွာ ပူးပေါင်းဆောင်ရွက်သွားရန် တိုက်တွန်းခဲ့ကြသည်။

**၃.၂ စီးပွားရေးဆိုင်ရာပူးပေါင်းဆောင်ရွက်မှု**

၃.၂.၁ နှစ်နိုင်ငံ ကုန်သွယ်မှုရည်မှန်းချက်၊ အမေရိကန်ဒေါ်လာ ၁၂ ဘီလီယံထိရရှိစေရေးအတွက် နှစ်ဖက်စလုံးက နှစ်နိုင်ငံကုန်သွယ်မှုကို မြှင့်တင်ရေးနှင့် လွယ်ကူချောမွေ့ရေးတို့ကို ဆောင်ရွက်နိုင်ရန် နီးကပ်စွာပူးပေါင်းဆောင်ရွက်ရေးအတွက် သဘောတူညီခဲ့ကြသည်။ ၂၀၂၆ ခုနှစ်အတွင်း ထိုင်းနိုင်ငံ၌ ကျင်းပရန်စီစဉ်ထားရှိသည့် ၈ ကြိမ်မြောက် ပူးတွဲကုန်သွယ်ရေးကော်မရှင် အစည်းအဝေးတွင် နှစ်နိုင်ငံအကြား ကုန်သွယ်မှုပိုမိုချောမွေ့စွာစီးဆင်းနိုင်ရေးအတွက် စည်းမျဉ်းစည်းကမ်းဆိုင်ရာ အခက်အခဲများနှင့် အခြားအခက်အခဲများကို ဖြေရှင်းရန် နှစ်နိုင်ငံခေါင်းဆောင်များက ကြိုဆိုခဲ့ကြသည်။ တရားဝင်နယ်စပ်ဖြတ်ကျော်ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုတို့ အဆင်ပြေချောမွေ့စေရေးအတွက် နည်းလမ်းများကို ရှာဖွေရန် သက်ဆိုင်ရာအာဏာပိုင်များကို တိုက်တွန်းအားပေးဆောင်ရွက်သွားရန်လည်း ခေါင်းဆောင်များက သဘောတူညီခဲ့ကြသည်။

၃.၂.၂ နှစ်နိုင်ငံခေါင်းဆောင်များသည် နှစ်နိုင်ငံ နယ်စပ်ကုန်သွယ်ရေးတွင် အရေးပါသောအခန်းကဏ္ဍမှပါဝင်သည့် အမှတ်(၂) မြန်မာ-ထိုင်း ချစ်ကြည်ရေးတံတား (မြဝတီ- မဲဆောက်) နယ်စပ်ဂိတ် ပြန်လည်ဖွင့်လှစ်ခဲ့မှုကို ကြိုဆိုခဲ့ကြသည်။ နှစ်ဖက်စလုံးက နှစ်နိုင်ငံအကြား ကုန်သွယ်မှုနှင့် ဆက်သွယ်ချိတ်ဆက်မှုကိုမြှင့်တင်စေမည့် သတ်မှတ်ထားသော နယ်စပ်ဂိတ်မှတစ်ဆင့် နယ်စပ်ဖြတ်ကျော်ကုန်သွယ်မှုကို လွယ်ကူချောမွေ့လျင်မြန်စေရန် နည်းလမ်းများဆွေးနွေးခဲ့ကြသည်။ နှစ်ဖက်စလုံးသည် နှစ်နိုင်ငံနယ်စပ်ကုန်သွယ်ရေးနှင့် ချိတ်ဆက်ဆောင်ရွက်မှုများကို ပိုမိုမြှင့်တင်နိုင်ရေးအတွက် နှစ်နိုင်ငံသဘောတူညီချက်နှင့် မြေပြင်လုံခြုံရေးအခြေအနေအပေါ်မူတည်၍ ကျန်ရှိနေသည့် နယ်စပ်ဂိတ်၊ ကုန်သွယ်ရေးဂိတ်များကို ပြန်လည်ဖွင့်လှစ်နိုင်ရေး စဉ်းစားရန် သဘောတူညီခဲ့ကြသည်။

၃.၂.၃ နှစ်နိုင်ငံ ခေါင်းဆောင်များသည် အဆင့်မြှင့်တင်ထားသည့် သယ်ယူပို့ဆောင်ရေးနှင့် အခြေခံအဆောက်အအုံဆိုင်ရာ ချိတ်ဆက်မှုများမှတစ်ဆင့် လမ်းပန်းဆက်သွယ်ရေးကွန်ရက်များကို ခိုင်မာအားကောင်းစေရေး ကတိကဝတ်များကို ထပ်လောင်းအတည်ပြုခဲ့ကြသည်။ ကုန်းလမ်း၊ ပင်လယ်ရေကြောင်း၊ ဆိပ်ကမ်းနှင့် နယ်စပ်ဖြတ်ကျော်လမ်းကြောင်းများပါဝင်သော ဘက်စုံပို့ဆောင်ဆက်သွယ်ရေး(Multi-modal Connectivity) ချိတ်ဆက်မှုအစီအစဉ်တစ်ခုလုံးကို ပေါင်းစပ်ညှိနှိုင်းရန်နှင့် နှစ်နိုင်ငံ ပြည်တွင်းဥပဒေများနှင့်အညီ သင့်လျော်သည့်နေရာတွင် နှစ်နိုင်ငံ၏ သက်ဆိုင်ရာမူဝါဒများ၊ လုပ်ထုံးလုပ်နည်းများ၊ စည်းမျဉ်းများ ဟန်ချက်ညီစေရန်တို့အတွက် "မြန်မာ-ထိုင်းအကြား လမ်းပန်းဆက်သွယ်ရေးကွန်ရက် မြှင့်တင်ရေးဆိုင်ရာ ပူးတွဲလုပ်ငန်းအဖွဲ့" ထူထောင်ရေး၏ အရေးပါမှုကို ဖော်ပြခဲ့ကြသည်။ အနာဂတ်ဆွေးနွေးမှုနယ်ပယ်များတွင် နှစ်နိုင်ငံစလုံး၏ နှစ်ဖက်သဘောတူညီချက်၊ သက်ဆိုင်ရာဖြစ်နိုင်ခြေလေ့လာမှုများ၊ သက်ဆိုင်ရာ ပြည်တွင်းဥပဒေများနှင့် လုပ်ထုံးလုပ်နည်းများနှင့်အညီ ရနောင်းဆိပ်ကမ်းနှင့် မြန်မာနိုင်ငံရှိ သင့်လျော်သည့် ဆိပ်ကမ်းများအကြား နှစ်ဖက်အကျိုးရှိသည့် ပင်လယ်ရေကြောင်းဆက်သွယ်ရေး၊ အလားအလာရှိသော စီးပွားဖြစ်ကမ်းရိုးတန်းရေကြောင်းပို့ဆောင်ရေးဝန်ဆောင်မှုများ မြှင့်တင်ရေး၊ ဖူနမ်ရွမ်-ထီးခီး-ထားဝယ် သယ်ယူပို့ဆောင်ရေးစင်္ကြံဖွံ့ဖြိုးတိုးတက်ရေး၊ အိန္ဒိယ-မြန်မာ-ထိုင်း သုံးနိုင်ငံ အဝေးပြေးလမ်းမကြီး စီမံကိန်းအဆင့်မြှင့်တင်ရေး၊ နယ်စပ်ဖြတ်ကျော်ပို့ဆောင်မှု လွယ်ကူချောမွေ့စေရေးနှင့် နယ်စပ်တစ်လျှောက် သင့်လျော်သည့် အထူးစီးပွားရေးဇုန်များနှင့် ထောက်ပံ့ပို့ဆောင်ရေးဆိုင်ရာ အထောက်အကူပြုပစ္စည်းနေရာများ ဖော်ဆောင်ရေးတို့ ပါဝင်ပါသည်။ ထိုသို့ကြိုးပမ်းမှုများက နှစ်နိုင်ငံစလုံးနှင့် ပိုမိုကျယ်ပြန့်သည့် ဒေသအတွင်းကုန်သွယ်မှုမြှင့်တင်ရန်၊ ထောက်ပံ့ပို့ဆောင်ရေးဆိုင်ရာ အထောက်အကူပြုပစ္စည်းနေရာများ အဆင်ပြေစေရန်၊ ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှု လွယ်ကူချောမွေ့စေရန်၊ ချိတ်ဆက်မှုခိုင်မာစေရန် မျှော်မှန်းပါသည်။ မြန်မာနိုင်ငံ၏ အခြေခံအဆောက်အအုံ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ထိုင်းနိုင်ငံ အိမ်နီးချင်းနိုင်ငံများ စီးပွားဖွံ့ဖြိုးတိုးတက်ရေး ကူညီပေးရေးအေဂျင်စီ(NEDA)၏ ကူညီပံ့ပိုးမှုကိုလည်း နှစ်နိုင်ငံ ခေါင်းဆောင်များက ကြိုဆိုခဲ့ကြသည်။

၃.၂.၄ နှစ်ဖက်စလုံးသည် စွမ်းအင်ဖူလုံရေးကို မဟာဗျူဟာမြောက် ဦးစားပေးကိစ္စရပ်အဖြစ် အသိအမှတ်ပြုခဲ့ကြပြီး စွမ်းအင်ကဏ္ဍပူးပေါင်းဆောင်ရွက်ရန်၊ အထူးသဖြင့် တည်ငြိမ်၍ ယုံကြည်စိတ်ချရသော စွမ်းအင်အထောက်အပံ့ကို အာမခံချက်ရှိရန်နှင့် ရေရှည်တည်တံ့သော စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကိုမြှင့်တင်နိုင်ရန်အတွက် သဘာဝဓာတ်ငွေ့သယံဇာတများ ဖွံ့ဖြိုးတိုးတက်ရေး ရှာဖွေတူးဖော်မှု တိုးမြှင့်သွားရန် ထပ်လောင်းအတည်ပြုခဲ့ကြသည်။ နှစ်ဖက်စလုံးက နှစ်နိုင်ငံ စွမ်းအင်ဖူလုံမှုနှင့်

**စာမျက်နှာ ၉ သို့**

စာမျက်နှာ ၈ မှအဆက်

အပြန်အလှန်အကျိုးစီးပွားကိုမြှင့်တင်ရန် ရှိရင်းစွဲစီမံကိန်းများ ဆက်လက်ဆောင်ရွက်နိုင်ရေး အထောက်အပံ့ပေးရန်နှင့် အနာဂတ်စီမံကိန်းများနှင့်ပတ်သက်သည့် ဆောင်ရွက်ဆဲလုပ်ငန်းစဉ်များ လွယ်ကူချောမွေ့စေရန် သဘောတူညီခဲ့ကြသည်။

၃.၂.၅ နှစ်ဖက်စလုံးသည် နှစ်နိုင်ငံအကြား အလုပ်သမားရေးရာ ပူးပေါင်းဆောင်ရွက်ခြင်းဆိုင်ရာ နားလည်မှုစာချွန်လွှာအသစ်နှင့် အလုပ်သမားများ အလုပ်ခန့်ထားရေးဆိုင်ရာ သဘောတူညီချက်တို့ လက်မှတ်ရေးထိုးခဲ့ခြင်းကိုလည်း ကြိုဆိုခဲ့ကြသည်။

၃.၂.၆ နှစ်နိုင်ငံ ခေါင်းဆောင်များသည် နှစ်နိုင်ငံ ပုဂ္ဂလိကကဏ္ဍများအကြား ကွန်ရက်ချိတ်ဆက်မှုနှင့် ပူးပေါင်းဆောင်ရွက်မှုကို မြှင့်တင်နိုင်ရန်အတွက် ၂၀၂၆ ခုနှစ် ဩဂုတ် ၆ ရက်တွင် ဗန်ကောက်မြို့၌ မြန်မာ-ထိုင်း စီးပွားရေးဖိုရမ် ကျင်းပခဲ့ခြင်းကို ကြိုဆိုခဲ့ကြသည်။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် (UMFCCI)၊ ထိုင်း-မြန်မာ စီးပွားရေးကောင်စီ (TMBC)၊ မြန်မာနိုင်ငံ ထိုင်းစီးပွားရေးလုပ်ငန်းရှင်များအသင်း (TBAM) တို့အပါအဝင် ပုဂ္ဂလိကကဏ္ဍ အဖွဲ့အစည်းများအကြား ပိုမိုနီးကပ်စွာ ထိတွေ့ဆက်ဆံကြရန်နှင့် နယ်စပ်ဒေသများရှိ ဒေသဆိုင်ရာကုန်သည်ကြီးများအသင်းများအကြား တိုက်ရိုက်ပူးပေါင်းဆောင်ရွက်ကြရန်လည်း တိုက်တွန်းခဲ့ကြသည်။

## ၃.၃ သဘာဝပတ်ဝန်းကျင်ကိစ္စရပ်များ ပူးပေါင်းဆောင်ရွက်မှု

၃.၃.၁ နှစ်နိုင်ငံ ခေါင်းဆောင်များသည် မီးခိုးမြူညစ်ညမ်းမှု၊ လဟာပြင်မီးရှို့ခြင်းနှင့် ရေညစ်ညမ်းမှုတို့အပါအဝင် နယ်စပ်ဖြတ်ကျော် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ စိန်ခေါ်မှုများ ဖြေရှင်းရာတွင် ပူးပေါင်းဆောင်ရွက်မှုများ ခိုင်မာအားကောင်းစေရန် ၎င်းတို့၏ကတိကဝတ်များကို ထပ်လောင်းအတည်ပြုခဲ့ကြသည်။

၃.၃.၂ နှစ်ဖက်စလုံးသည် တောမီးလောင်ကျွမ်းမှုလေ့လာစောင့်ကြည့်ရေးစနစ်နှင့် လေ့ကျင့်ရေးသင်တန်းများ တိုးတက်စေမှုမှတစ်ဆင့် အပါအဝင် တောမီးလောင်ကျွမ်းမှုတားဆီးကာကွယ်ရေးလုပ်ငန်းတွင် ဆက်လက်ပူးပေါင်းဆောင်ရွက်မှုများကို ကြိုဆိုခဲ့ကြသည်။ ထို့ပြင် ထိရောက်ပြီး ရေရှည်တည်တံ့သော ဖြေရှင်းမှုများကို တိုးမြှင့်လုပ်ဆောင်ရာတွင် နယ်စပ်ဖြတ်ကျော် မီးခိုးမြူငွေ့ညစ်ညမ်းမှုထိန်းချုပ်ရေး သုံးနိုင်ငံ ပူးတွဲလုပ်ငန်းစီမံချက် (CLEAR Sky Strategy) နှင့် နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်မှုများမှတစ်ဆင့် အပါအဝင် နီးကပ်စွာပူးပေါင်းဆောင်ရွက်ရေး၊ စဉ်ဆက်မပြတ် သတင်းအချက်အလက်များ မျှဝေရေးနှင့် စွမ်းဆောင်ရည်မြှင့်တင်ရေးတို့၏ အရေးပါမှုကို အလေးထားပြောကြားခဲ့ပါသည်။

၃.၃.၃ နှစ်နိုင်ငံ ခေါင်းဆောင်များသည် နှစ်နိုင်ငံအကြား နယ်နိမိတ်နှင့် နယ်စပ်ဖြတ်ကျော်မြစ်များ ရေအရည်အသွေးစီမံခန့်ခွဲမှုဆိုင်ရာ ပူးတွဲလုပ်ငန်းအဖွဲ့၏ လုပ်ငန်းလမ်းညွှန်(TOR) ကို လက်မှတ်ရေးထိုးခဲ့ခြင်းကို ကြိုဆိုခဲ့ကြသည်။ သက်ဆိုင်ရာဌာနများအနေဖြင့် ရေအရည်အသွေးစီမံခန့်ခွဲမှုနယ်ပယ်တွင် နီးကပ်စွာပူးပေါင်းဆောင်ရွက်နိုင်ရန်နှင့် ပူးတွဲလုပ်ငန်းအဖွဲ့၏ အစည်းအဝေးကို ဆောလျင်စွာနှင့် နှစ်ဖက်အဆင်ပြေမည့်အချိန်တွင် ကျင်းပရန် တာဝန်ပေးအပ်ခဲ့ကြသည်။

## ၃.၄ လူမှု-ယဉ်ကျေးမှုဆိုင်ရာပူးပေါင်းဆောင်ရွက်မှု

၃.၄.၁ နှစ်နိုင်ငံခေါင်းဆောင်များက ပြည်သူအချင်းချင်း ကူးလူးဆက်ဆံမှု(people-to-people exchanges)သည် မြန်မာနှင့် ထိုင်း နှစ်နိုင်ငံအကြား ကာလရှည်ချစ်ကြည်ရင်းနှီးမှု၏ အခြေခံအုတ်မြစ်တစ်ရပ်ဖြစ်ကြောင်း အလေးထားပြောကြားခဲ့ကြသည်။ နှစ်ဖက်စလုံးက ၂၀၁၇ ခုနှစ် ခရီးသွားလာရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုနားလည်မှုစာချွန်လွှာ ဆက်လက်အကောင်အထည်ဖော်ခြင်းကို ကြိုဆိုခဲ့ကြပြီး သတင်းအချက်အလက်များနှင့် အလေ့အကျင့်ကောင်းများ အပြန်အလှန်မျှဝေရေး၊ စွမ်းဆောင်ရည်မြှင့်တင်ရေး၊ ခရီးသွားလုပ်ငန်း မြှင့်တင်ရေး၊ ခရီးသွားဧည့်သည်များ၏ ဘေးကင်းလုံခြုံရေးနှင့် ရေရှည်တည်တံ့သော ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးတို့မှတစ်ဆင့် သက်ဆိုင်ရာ ခရီးသွားလာရေးကဏ္ဍ တာဝန်ရှိသူများအကြား ပူးပေါင်းဆောင်ရွက်မှုကို ပိုမိုခိုင်မာစေရန် သဘောတူညီခဲ့ကြသည်။

၃.၄.၂ နှစ်ဖက်စလုံးသည် ၁၇ ကြိမ်မြောက် ထိုင်း-မြန်မာ နည်းပညာပူးပေါင်းဆောင်ရွက်မှု အစည်းအဝေးတွင် မြန်မာနိုင်ငံနှင့် ထိုင်းနိုင်ငံအကြား မြန်မာ-ထိုင်း သုံးနှစ်တာ ဖွံ့ဖြိုးတိုးတက်မှု ပူးပေါင်းဆောင်ရွက်ရေးအစီအစဉ် (၂၀၂၆-၂၀၂၈) အတည်ပြုချမှတ်ရေးကို မျှော်မှန်းခဲ့ကြသည်။ မြန်မာ-ထိုင်း သုံးနှစ်တာဖွံ့ဖြိုးတိုးတက်မှု ပူးပေါင်းဆောင်ရွက်ရေးအစီအစဉ်သည် နှစ်နိုင်ငံ အပြန်အလှန်အကျိုးစီးပွားအတွက် စွမ်းဆောင်ရည်မြှင့်တင်ရေး၊ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးနှင့် ရေရှည်တည်တံ့ခိုင်မြဲသော လူမှု-စီးပွားဖွံ့ဖြိုးတိုးတက်ရေး၊ အထူးသဖြင့် ကျန်းမာရေး၊ ပညာရေး၊ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ(MSMEs) ဖွံ့ဖြိုးတိုးတက်ရေး၊ စိုက်ပျိုးရေးနှင့် သဘာဝပတ်ဝန်းကျင်ကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်မှု ခိုင်မာစေရေးကတိကဝတ်ကို ထင်ဟပ်စေသည်။

၃.၄.၃ ခေါင်းဆောင်များသည် နှစ်နိုင်ငံအကြား ချိတ်ဆက်သွားလာမှုကို ပိုမိုကောင်းမွန်စေပြီး ခရီးသွားလုပ်ငန်းနှင့် စီးပွားရေးအပြန်အလှန်ဆက်သွယ်မှုများကို ပိုမိုမြှင့်တင်ပေးနိုင်ရေးအတွက် ၂၀၂၆ ခုနှစ် စတုတ္ထသုံးလပတ်တွင် ထိုင်းလေကြောင်းလိုင်းမှ ဗန်ကောက်-ရန်ကုန် လေကြောင်းခရီးစဉ် ထပ်မံတိုးချဲ့ပြေးဆွဲရန် စတင်မှုကိုလည်း ကြိုဆိုခဲ့ကြသည်။

၃.၄.၄ နှစ်နိုင်ငံခေါင်းဆောင်များက ကမ္ဘာမြေလေ့လာစောင့်ကြည့်ရေးနည်းပညာနှင့် ယင်း၏ အသုံးချမှုများ၊ အထူးသဖြင့် ဘေးအန္တရာယ်၊ စိုက်ပျိုးရေးနှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ စီမံခန့်ခွဲမှုနယ်ပယ်များတွင် ပူးပေါင်းဆောင်ရွက်မှုကိုမြှင့်တင်ရန် မြန်မာအာကာသအေဂျင်စီ(MSA)နှင့် ထိုင်းနိုင်ငံ Geo-Informatics နှင့် အာကာသနည်းပညာဖွံ့ဖြိုးတိုးတက်ရေးအေဂျင်စီ (Geo-Informatics and Space Technology Development Agency -GISTDA)တို့အကြား နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးခဲ့ခြင်းကို ကြိုဆိုခဲ့ကြသည်။

## ၄။ ဒေသတွင်းအဆင့် ပူးပေါင်းဆောင်ရွက်မှု

၄.၁ ဒေသတွင်း ငြိမ်းချမ်းရေး၊ တည်ငြိမ်ရေး၊ ရေရှည်တည်တံ့သော ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဘုံအကျိုးစီးပွား မြှင့်တင်ရေးတို့အတွက် အာဆီယံ၊ ဘင်းမ်စတက် (BIMSTEC)၊ ဧရာဝတီ-ကျောက်ဖရား-မဲခေါင် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုမဟာဗျူဟာ (ACMECS)နှင့် မဲခေါင်ဒေသယန္တရားများ အပါအဝင် ဒေသတွင်းမူဘောင်များမှတစ်ဆင့် ပူးပေါင်းဆောင်ရွက်ရေးနှင့် အပြန်အလှန်ပံ့ပိုးကူညီရေးတို့ကို တိုးမြှင့်သွားရန် နှစ်ဖက်စလုံးက သဘောတူညီခဲ့ကြသည်။

၄.၂ မြန်မာနိုင်ငံမှ ACMECS ဥက္ကဋ္ဌတာဝန်ယူမှုအတွက် ထိုင်းနိုင်ငံက အစဉ်တစိုက်ထောက်ခံအားပေးမှုကို ထပ်လောင်းဖော်ပြခဲ့ပြီး ကျင်းပရန်ရှိသည့် ၁၁ ကြိမ်မြောက် ACMECS ထိပ်သီးအစည်းအဝေးကို အောင်မြင်စွာကျင်းပနိုင်ရေး မျှော်မှန်းခဲ့ကြသည်။

၄.၃ အာဆီယံပဋိညာဉ်စာတမ်း၊ မူများ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ အာဆီယံယန္တရားများနှင့် လုပ်ငန်းစဉ်များတွင် မြန်မာနိုင်ငံ၏ အပြည့်အဝတန်းတူညီမျှပါဝင်ခွင့်ရရှိရေးအတွက် ထိုင်းနိုင်ငံအနေဖြင့် မြန်မာနိုင်ငံနှင့် နီးကပ်စွာဆက်လက်လုပ်ဆောင်သွားရန်နှင့် ကူညီသွားရန် ထပ်လောင်းအတည်ပြုခဲ့သည်။ မြန်မာနိုင်ငံသည် အာဆီယံနှင့် ပုံမှန်ဆက်ဆံရေးပြန်လည်ရရှိစေရေးအတွက် ကူညီဆောင်ရွက်ပေးရာတွင် ထိုင်းနိုင်ငံ၏ အပြုသဘောဆောင်သောအခန်းကဏ္ဍကို ကျေးဇူးတင်ကြောင်း ဖော်ပြခဲ့သည်။

## ၅။ အခြားကိစ္စရပ်များ

မြန်မာဦးဆောင်သော မြန်မာ့ကိုယ်ပိုင်နည်းလမ်းမှတစ်ဆင့် ရေရှည်တည်တံ့သော ငြိမ်းချမ်းရေးရရှိရန် ရည်ရွယ်ချက်ဖြင့် ငြိမ်းချမ်းရေးဆွေးနွေးမှုများ တိုးမြှင့်ဆောင်ရွက်ရေးအပေါ် မြန်မာနိုင်ငံ၏ ဆက်လက်ကတိကဝတ်ထားရှိမှုကို ထိုင်းနိုင်ငံက ကြိုဆိုခဲ့သည်။ ထိုသို့ဆောင်ရွက်ရာတွင် ထိုင်းနိုင်ငံအနေဖြင့် မြန်မာနိုင်ငံနှင့် နီးကပ်စွာဆွေးနွေးညှိနှိုင်းဆောင်ရွက်လျက်ရှိခြင်းကိုလည်း မြန်မာနိုင်ငံက ကြိုဆိုခဲ့သည်။

၆။ နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်၏ တရားဝင်ခရီးစဉ်သည် မြန်မာနှင့် ထိုင်း နှစ်နိုင်ငံအကြား ကာလရှည်ချစ်ကြည်ရင်းနှီးမှုနှင့် နီးကပ်သောမိတ်ဖက်ဆက်ဆံရေး၊ နှစ်နိုင်ငံ အကျိုးစီးပွားအတွက် ပူးပေါင်းဆောင်ရွက်မှုကို ပိုမိုခိုင်မာစေရန် နှစ်နိုင်ငံစလုံး၏ အပြန်အလှန်ဘုံကတိကဝတ်တို့ကို ထပ်လောင်းအတည်ပြုနိုင်ခဲ့သည်။ အဆင့်အားလုံးတွင် နီးကပ်သောထိတွေ့ဆက်ဆံမှုများကို ဆက်လက်လုပ်ဆောင်သွားရန် နှစ်ဖက်စလုံးက သဘောတူညီခဲ့ကြသည်။

၇။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတက ခရီးစဉ်အတွင်း နိုင်ငံတော်သမ္မတနှင့် မြန်မာကိုယ်စားလှယ်အဖွဲ့အပေါ် နွေးထွေးစွာဧည့်ဝတ်ကျေပွန်ခဲ့မှုများအတွက် ထိုင်းတော်ဝင်အစိုးရကို လှိုက်လှဲစွာကျေးဇူးတင်ရှိကြောင်း ဖော်ပြခဲ့ပြီး ထိုင်းဘုရင့်နိုင်ငံ ဝန်ကြီးချုပ်အား နှစ်ဖက်စလုံးအဆင်ပြေမည့်ကာလ၌ မြန်မာနိုင်ငံသို့ လာရောက်လည်ပတ်ပါရန် ခင်မင်ရင်းနှီးစွာဖိတ်ကြားခဲ့သည်။








# Prime Minister of Thailand Mr Anutin Charnvirakul welcomes and holds meeting with President U Min Aung Hlaing, currently in Thailand during his official visit

**Nay Pyi Taw August 6**

Prime Minister of Thailand Mr Anutin Charnvirakul warmly welcomed President of the Republic of the Union of Myanmar U Min Aung Hlaing during his official visit to Thailand with a Guard of Honour ceremony at the Government House building in Bangkok this morning.

**Welcoming with Guard of Honour ceremony**

On the arrival of the special motorcade carrying President of the Republic of the Union of Myanmar U Min Aung Hlaing at the lawn in front of the Government House building, Thai Prime Minister Mr Anutin Charnvirakul warmly welcomed and greeted him.

The two Heads of State took the positions on the dais and took salute of the Guard of Honour of the Royal Thai Armed Forces. Meanwhile, the national anthens of both countries were played.

They saluted the flag of the Guard of Honour and inspected the Guard of Honour. They introduced their respective entourages to each other.


They had documentary photos taken at the hall of Government House.

Afterwards, the President of Myanmar paid respects to the royal portrait of Her Majesty Queen Sirikit, the Queen Mother of Thailand, and signed the Guests' Book at the Government House of Thailand. *See Page 11*



**President U Min Aung Hlaing and Thai Prime Minister Mr Anutin Charnvirakul inspect the Guard of Honour.**

# High-level Myanmar delegation led by President of Republic of Union of Myanmar U Min Aung Hlaing on official visit arrives in Thailand



**President U Min Aung Hlaing being welcomed at Don Mueang International Airport in Bangkok.**

**Nay Pyi Taw August 6**

A high-level Myanmar delegation led by President of Republic of the Union of Myanmar U Min Aung Hlaing left Nay Pyi Taw Airport by special flight this morning to pay an official visit to Thailand at the invitation of Prime Minister of Thailand Mr. Anutin Charnvirakul.

The high-level delegation was seen off at the airport by Vice President Daw Nan Ni Ni Aye, Speaker of Pyithu Hluttaw U Khin Yi, Speaker of Amyotha Hluttaw U Aung Lin Dwe, Commander-in-Chief of Defence Services General Ye Win Oo, union ministers, the commander of Nay Pyi Taw Command and officials of Royal Thai Embassy in Myanmar.

The President was accompanied on the official visit by union ministers U Khin Maung Yi, U Tin Maung Swe, U Ko Ko Lwin, U Khin Maung Soe and U Tun Ohn, Kayin State Chief Minister U Saw Myint Oo, Tanintharyi Region Chief Minister U Zaw Naing Oo, senior officers from the Office of the Commander-in-Chief of Defence Services, deputy ministers and officials.

Then, the special flight carrying the high-level delegation led by the President arrived at Don Mueang International Airport in Bangkok at about 9.20 am local time and the high-level delegation was warmly welcomed by senior officials and officials led by Deputy Prime Minister Minister of Foreign Affairs Mr. Sihasak Phuangketkeow, Myanmar Ambassador to Thailand U Zaw Zaw Soe and his wife, Myanmar Military Attaché (Army, Navy and Air) to Thailand Brig-Gen Win Thu Lin and officials at the airport.

During the welcoming ceremony, the President of the Republic of the Union of Myanmar U Min Aung Hlaing was greeted by the salute of the guard of honor of the Royal Thai Army on both side of the red carpet and a 21-gun salute by the honorary artillery battery in accordance with the protocol of greeting heads of state.

MNA


# Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# Republic of the Union of Myanmar, Thailand hold meeting and sign MoU and agreements



The Myanmar delegation led by President U Min Aung Hlaing holds talks with the Thai delegation led by Thai Prime Minister Mr Anutin Charnvirakul.



President U Min Aung Hlaing shakes hands with Thai Prime Minister Mr Anutin Charnvirakul.

**Nay Pyi Taw August 6**

A meeting between the Republic of the Union of Myanmar and Thailand took place at Pakdi Bodin Building of the Government House in Bangkok today.

The meeting was attended by President of the Republic of the Union of Myanmar U Min Aung Hlaing, Prime Minister of Thailand Mr. Anutin Charnvirakul, Union Ministers U Khin Maung Yi, U Tin Maung Swe, U Ko Ko Lwin, U Khin Maung Soe and U Tun Ohn, Kayin State Chief Minister U Saw Myint Oo, Tanintharyi Region Chief Minister U Zaw Naing Oo, deputy ministers, officials, Myanmar Ambassador to Thailand U Zaw Zaw Soe, Myanmar Military Attaché (Army, Navy and Air) Brig-Gen Win Thu Lin and officials, together with senior officers from the Thai government and officials.

At the meeting, the Thai Prime Minister extended greetings. He said he warmly welcomed the high-level delegation from Myanmar led by President of the Republic of the Union of Myanmar U Min Aung Hlaing. The two countries are good neighbours and good friends, and Thailand is a reliable and trusted partner of Myanmar. With the two countries sharing a long common border, peace and development are closely interconnected. Thailand wishes to see Myanmar return to its original position of participation within the ASEAN community. There are also many good opportunities for the two countries to continue enhancing mutual cooperation. Therefore, today's discussion is a beneficial and meaningful meeting for both countries. The Thai Prime Minister invited His Excellency the President of the Republic of the Union of Myanmar to engage in sincere and open discussions for the mutual interests of the two countries.

The President of Myanmar stated that Myanmar and Thailand have maintained close ties for many years and are inseparable neighbouring countries with strong connections and relations between their peoples. As both countries share similarities in religious values, traditions, culture, customs, lifestyles, and even cuisine, they can be regarded as countries with the highest level of friendship and goodwill among their peoples. The President expressed his heartfelt gratitude to His Excellency for sending a congratulatory message on his election as President of the State and for Thailand's dispatch of a special representative to attend the oath-taking ceremony as President of the State. Through this meeting today, expressed his firm belief that they will be able to hold sincere and open discussions to further strengthen the existing comprehensive cooperation in multiple sectors between the two countries.

The President continued that the current period can be considered an important transitional period for both countries. Just as a new government has emerged in Thailand through the election results, Myanmar is also at a time when a newly elected government has been formed. Myanmar has returned to the path of democracy and is moving forward towards a better future. The new government is currently prioritizing the restoration of stability and peace in the country, as well as national reconciliation and unity. In terms of international relations, Myanmar will continue to maintain friendly relations with neighbouring countries and regional partner countries, while placing emphasis on restoring normal relations with ASEAN.

Regarding peace, the President outlined that Myanmar has been pursuing a multiparty democratic system for only about 15 years, and peace is an essential prerequisite for strengthening democracy. Therefore, the peace process is being carried out as a top priority. In this regard, Myanmar will continue to proceed along the path of the Nationwide Ceasefire Agreement (NCA). Myanmar welcomes and appreciates Thailand's willingness to support Myanmar's peace process in order to contribute to stability and peace along the border areas between the two countries. Since the signing of the NCA in 2015,

*See Page 15*



*From Page 10*

The President of Myanmar and the Thai Prime Minister held a separate meeting at the reception hall of the Government House together with Union Ministers U Khin Maung Yi and U Tin Maung Swe, Myanmar Ambassador to Thailand U Zaw Zaw Soe and officials.

**President U Min Aung Hlaing holds talks with Thai Prime Minister Mr Anutin Charnvirakul.**

**Holding a meeting**

At the meeting, the President of Myanmar and the Thai Prime Minister frankly-exchanged views on political progress of Myanmar, bilateral cooperation in peace and stability of border regions between the two countries and restoring the peace process, anti-online gambling and scam activities, combatting illegal border trade measures, cooperation on preventing transboundary haze and river water pollution, and energy sectors, the plans of Myanmar to continuously sustain positive and beneficial cooperation with ASEAN and further cooperation with each ASEAN member state based on existing friendly relations, and the enhancement of friendly relations and strategic partnership cooperation between the two countries.

After the meeting, the President of Myanmar and the Thai Prime Minister cordially greeted each other. MNA

# President of the Republic of the Union of Myanmar U Min Aung Hlaing, who is on Official Visit to Thailand, delivers address at Myanmar-Thai Business Forum




**President U Min Aung Hlaing delivers an address at the Myanmar-Thai Business Forum.**

**Nay Pyi Taw August 6**

The **Myanmar-Thai Business Forum** took place at the Queen Sirikit National Convention Center in Bangkok, Thailand this afternoon, graced by President of the Republic of the Union of Myanmar U Min Aung Hlaing, who delivered an address on further promotion of investment and trade between the two countries.

Present at the **Myanmar-Thai Business Forum** were members of the high Myanmar delegation led by the President, Prime Minister of Thailand Mr. Anutin Charnvirakul and officials of the Thai government, and businesspersons of the two countries.

On arrival at the Plenary Hall of the Queen Sirikit National Convention Center, the venue of the forum, the Myanmar President and the Thai Prime Minister were warmly welcomed by the chairman and officials of the Thai-Myanmar Association for Friendship and businesspersons.

According to the agenda of the **Myanmar-Thai Business Forum**, the chairman of Thai-Myanmar Association for Friendship and the chairman of Union of Myanmar Federation of Chambers of Commerce and Industry extended greetings.

In his address, the Thai Prime Minister expressed special pleasure at the opportunity to attend the forum together with President of the Republic of the Union of Myanmar U Min Aung Hlaing. Thailand and Myanmar are ready to jointly enter a new chapter of economic partnership based on mutual trust, and interest of the peoples of both countries. Currently, Myanmar is one of the important economic partners of Thailand, and potentials are high for raising the volume of bilateral trade.

Thailand has a broad array of investments in Myanmar from energy, production, transportation, logistics, and communication to real estate business and tourism sectors that formed as a vital foundation for long-term economic development. During the talks with the Myanmar President, constructive results could be produced through the extensive discussions for the development of the mutual interests of the peoples of both countries. Thailand will host a Joint Trade Committee meeting this year to increase the bilateral trade volume to 12 billion USD.

Today, the world is reestablishing the global supply chain, and the countries that can effectively set up interlinks between persons, trade and investments will get the opportunities first. The governments of the two countries will provide full support for ensuring a close cooperation between businesspersons, trade associations and entrepreneurs, while turning opportunities into practical results.

Today's Myanmar-Thai Business Forum is more meaningful than just a place to exchange views, serving as a source for cooperation and changes jointly created by the government and the private sector for the economic future of both countries. The Prime Minister thanked the Thai-Myanmar Association for Friendship and all the organizations of the two countries that joined hands for the forum to become a reality.

In his address, the President expressed special pleasure at the opportunity to deliver a speech at the Myanmar-Thai Business Forum, vital for bilateral economic cooperation, during the Thai visit. The President noted "I believe that the economic partnership that serves mutual interest of the two countries will be able to open a new chapter that can withstand the current unpredictable and rapidly changing economic challenges in the word according to its theme -- **A New Chapter in Thailand-Myanmar Business Partnership."**

**Myanmar and Thailand are neighbors sharing a long sea and land border. In addition, they are also good neighbors and true friends bound by strong ties of affection like siblings, and having good foundations of shared culture, traditions, religion, and historical friendship**. The two countries established diplomatic ties in 1948, the year Myanmar regained independence. Now, they have passed the diamond jubilee milestone and reached 78 years. On the 70th anniversary of diplomatic ties in 2018, **Natural Strategic Partnership** was set up.

The President **expressed belief that the current visit will strengthen friendship and economic cooperation between the peoples of Myanmar and Thailand and support and enhance regional economic development**. Moreover, both Myanmar and Thailand are joining hands in the Regional Comprehensive Economic Partnership (RCEP), ASEAN and BIMSTEC with the aim of deepening cooperation in the interest of the peoples of the region. They are also taking part in Greater Mekong Subregion (GMS), Mekong Lancang Cooperation, and Ayeyawady-Chao Phraya-Mekong Economic Cooperation Strategy (ACMECS), through close bilateral cooperation. He then **thanked and appreciated Thailand for its stance and support as a good friend, based on mutual understanding, trust and respect, whenever Myanmar faces challenges.**

He stated that as Myanmar and Thailand are ASEAN member states and share a border, they closely cooperate in sectors such as the economy, trade, investment, energy, tourism, and human resource development, with further opportunities available to expand and upgrade these relations.

He added that Thailand stands as one of Myanmar's key and most vital trading partners, with Myanmar primarily exporting natural gas, agricultural products, aquatic goods, and garments to Thailand, while importing capital goods, machinery, motor vehicles and spare parts, industrial supplies, consumer goods, and pharmaceuticals.

He then stated that bilateral trade reached over USD 4 billion in the 2025–2026 fiscal year and over USD 1 billion through June of the 2026–2027 fiscal year. He added that total bilateral trade reached USD 20.758 billion from 2022 through June of this year, emphasizing that this reciprocal trade pattern not only supports both economies but also plays a pivotal role in developing regional value chains. He noted that the border between the two countries spans over 2,400 miles, extending from the tri-junction with Laos in the north down to the Andaman Sea coast in the south, emphasizing that Myanmar–Thailand border trade plays a highly critical role in bilateral trade relations. He stated that border checkpoints such as Myawaddy–Mae Sot and Tachileik–Mae Sai serve as the vital economic lifelines for trade flows, while highlighting the need for both nations to jointly combat illegal trade and unauthorized border crossings.



**President U Min Aung Hlaing meets with the delegation of Thai business leaders.**

*See Page 13*

# President U Min Aung Hlaing of Myanmar honoured with gala dinner hosted by Thai Prime Minister Anutin Charnvirakul during official visit to Thailand



**President U Min Aung Hlaing attends the honorary dinner hosted by Thai Prime Minister Mr. Anutin Charnvirakul.**

**Nay Pyi Taw August 6**

At the invitation of Thai Prime Minister Mr. Anutin Charnvirakul, President U Min Aung Hlaing of the Republic of the Union of Myanmar, who is currently on an Official Visit to Thailand, was hosted to a gala dinner this evening at the Government House in Bangkok by the Thai Prime Minister.

The gala dinner was attended by members of the high-level delegation accompanying the President on the visit, the Thai Ambassador to Myanmar, Myanmar's Military Attachés (Army, Navy and Air) and responsible officials, as well as senior officials and responsible personnel from the Thai government.

Upon the President's arrival at the dinner venue, he was warmly welcomed and greeted by the Thai Prime Minister and responsible officials.

Subsequently, the gala dinner ceremony commenced. The Thai Prime Minister and the President delivered welcoming speeches and then dined together.

During the dinner, Thai cultural troupes performed celebratory songs and dances from both nations as entertainment.

After the dinner, the President and the Thai Prime Minister presented commemorative floral bouquets to the Thai cultural troupes that had performed, and exchanged cordial farewells.

MNA



**President U Min Aung Hlaing presents a bouquet to the Thai cultural troupe.**

---

*From Page 12*

Also, he stated that illegal trade not only results in the loss of state revenues for both nations but also allows substandard food items and pharmaceuticals that pose severe hazards to consumers to enter the market, calling on local residents and business owners to actively cooperate in countering this issue. He added that Thailand currently ranks as the fifth-largest foreign investor in Myanmar, with 103 investment projects valued at USD 4,605.484 million. He noted that Thailand has long maintained its position as a major trading partner and primary investor across key Myanmar sectors including energy, manufacturing, agriculture, and consumer goods, currently accounting for 6.30 percent of total foreign investment value at USD 4,605.484 million. He added that Thailand has invested in Myanmar's agriculture, livestock and fisheries, mining, manufacturing, electric power, oil and gas, construction, transport and communications, hotel and tourism, industrial zone development, and services sectors.

He emphasized that as the world becomes increasingly interconnected and economic integration deepens, supply chain routes and trade corridors that drive regional connectivity play a vital role. He noted that Myanmar possesses strong fundamentals for development, boasting rich human and natural resources alongside a strategic geographic position. He added that **Myanmar serves as a land bridge connecting East Asia, Southeast Asia, and South Asia, occupying a central position in future maritime transport by linking the Pacific and Indian Oceans.**

He highlighted that these strategic dynamics offer strong potential to facilitate trade and transport connections across regional markets, thereby driving broader economic integration and development. He noted that Myanmar is actively implementing the Thilawa Special Economic Zone, the Kyaukphyu Special Economic Zone, and the Dawei Special Economic Zone along with its deep-sea port project. He added that the Dawei Deep Seaport is located closest to Thailand, positioning it as the most accessible export point for Thailand to reach South Asia and West Asia. He added that the **China–Myanmar Economic Corridor, the Myanmar–India Kaladan Multi-Modal Transit Transport Project, and the Myanmar–Thailand–India Trilateral Highway Initiative** further demonstrate Myanmar's central role in regional and international trade. He emphasized that as part of both the Asian Highway and Trans-Asian Railway networks, the country possesses strong opportunities to seamlessly integrate with regional logistics networks.

Myanmar is an agriculture-based nation endowed with abundant natural resources and considerable potential. To meet the country's current needs, he stated to prioritize the invitation of investment in energy infrastructure, while also to extend opportunities in agriculture, livestock and agro-based manufacturing, renewable energy production, education, healthcare, technology, and digital services. He actively encouraged the investment in fertilizer production, public transportation, electric vehicle manufacturing, cement production, steel manufacturing, value-added agricultural and livestock products and pharmaceuticals and medical equipments. Furthermore, he mentioned to promote the development of high-value rubber products based on domestic raw materials, including rubber-based furniture and tire manufacturing, and also presented Thai entrepreneurs with viable investment opportunities in this sector.

Pointing to Thailand's advanced healthcare industry; he extended an invitation for joint investments in medical services. To enhance trade and economic partnership between the two nations, transport connectivity is of paramount importance. The India-Myanmar-Thailand Trilateral Highway is a key conduit that will not only facilitate bilateral trade but also unlock access to the RCEP framework and the ASEAN Economic Corridor. Opportunities for border economic zones and logistics hubs were noted in key gateway towns, including Myawaddy, Tachileik and Kawthaung.

To reassure prospective investors, the government outlined efforts to build a transparent, stable business environment through streamlined administrative procedures and supportive policies. The Agreement on the Promotion and Protection of Investments between Myanmar and Thailand came into force on 8 June 2012, and investors are encouraged to invest with confidence. Similarly, to protect domestic production and investment, four intellectual property laws are being fully implemented as of 2024.

Currently, to boost trade and facilitate the smooth flow of goods between Myanmar and Thailand, direct payment using Myanmar Kyat and Thai Baht was introduced in border regions in 2022. This system is expected to significantly benefit not only bilateral trade

*See Page 15*

# Joint Statement by the President of Republic of the Union of Myanmar and the Prime Minister of the Kingdom of Thailand on the occasion of Official Visit of the President of the Republic of the Union of Myanmar to the Kingdom of Thailand

1. His Excellency U Min Aung Hlaing, President of the Republic of the Union of Myanmar, paid an Official Visit to the Kingdom of Thailand from 6 to 7 August 2026 at the invitation of His Excellency Mr. Anutin Charnvirakul, Prime Minister of the Kingdom of Thailand. During the visit, the two leaders held warm and cordial bilateral discussion.

2. The two leaders underscored with great satisfaction the longstanding ties of friendship, cooperation, and good neighbourliness between Myanmar and Thailand, and reaffirmed their commitment to further strengthening cooperation in all areas of mutual interest, for the shared prosperity and advancement of the two countries and the region.

3. The two leaders stressed the importance of further strengthening and deepening bilateral cooperation in the following key areas:

3.1 **Political and Security Cooperation**

3.1.1 Both sides agreed to further deepen dialogue at all levels and exchanges of high-level visits to strengthen bilateral cooperation in all dimensions, including **the convening of the Joint Commission (JC)** at an early date. They welcomed and supported the **strengthening of cooperation between the two Ministries of Foreign Affairs**, particularly through Political Consultations, capacity-building programme for Myanmar's newly recruited and mid-level diplomats, and an exchange programme for diplomats of the two countries as well as closer cooperation between the Myanmar Diplomatic Academy (MDA) and the Devawongse Varopakarn Institute of Foreign Affairs (DVIFA) of Thailand.

3.1.2 Both sides welcomed the robust and longstanding partnership in defence and security cooperation between Myanmar and Thailand, and noted with satisfaction the continued progress achieved through relevant bilateral mechanisms, including the 38th **Regional Border Committee (RBC) Meeting** held in Kyaing Tong from 29 June to 1 July 2026. They looked forward to the **9th High-Level Committee (HLC), to be held in Bangkok** from 19 to 21 August 2026.

3.1.3 Both sides welcomed the upcoming **Security Dialogue between** the National Security Advisor of Myanmar and the Secretary-General of the National Security Council of Thailand to strengthen security cooperation at strategic level.

3.1.4 Both sides expressed their **joint commitment to achieve a peaceful and stable Myanmar–Thailand border**, which will ensure safety, security and better livelihoods of the people on both sides.

3.1.5 Both sides agreed to **step up joint efforts to combat transnational crimes, particularly online scams and narcotic drugs**. They agreed to enhance coordination among relevant agencies to crack down on scam centres along the Myanmar–Thailand border through information sharing and joint efforts to disrupt the financial flows of transnational criminal networks. They agreed to build on existing cooperation between the anti-money laundering authorities of both countries, particularly through capacity-building programmes. The Thai side further expressed its support for Myanmar's membership in the Egmont Group to facilitate financial intelligence sharing. Both leaders reaffirmed their commitment to **strengthening cooperation on prevention and suppression of narcotic drugs and related precursor chemicals**.

3.1.6 The two leaders encouraged **closer cooperation between the Pyidaungsu Hluttaw of Myanmar and the National Assembly of Thailand.**

3.2 **Economic Cooperation**

3.2.1 With a view to achieving the bilateral trade target of USD 12 billion, both sides agreed to closely cooperate with each other to promoting and facilitating bilateral trade. The two leaders welcomed **the 8th Joint Trade Commission Meeting between the two countries scheduled to be held in Thailand within 2026**, with addressing regulatory barriers and issues to improve the trade flow between the two countries. The leaders also agreed to encourage their relevant authorities to explore ways to further facilitate legitimate cross-border trade and investment.

3.2.2 Both leaders **welcomed the reopening of the border checkpoint at the Second Myanmar–Thailand Friendship Bridge (Myawaddy-Mae Sot)**, which plays a vital role in bilateral border trade. **Both sides discussed ways to facilitate and expedite cross-border trade through the said border checkpoint**, which will boost trade and connectivity between the two countries. Both sides also **agreed to consider reopening of additional border trade posts/ checkpoints, subject to mutual agreement** and prevailing security situation on the ground in order to further promote border trade and connectivity between the two countries.

3.2.3 Both leaders reaffirmed their commitment to strengthening connectivity through enhanced transport and infrastructure linkages. They **underscored the importance of establishing a Joint Working Group on Enhancing Connectivity between the two countries** to coordinate overall multi-modal connectivity plan covering road, maritime, port and cross-border linkages, and to facilitate greater coordination and, where appropriate, alignment of relevant policies, procedures and regulations, in accordance with the respective national laws of both countries. Areas for future discussion may include mutually beneficial maritime connectivity between Ranong Port and appropriate ports in Myanmar; the promotion of commercially viable coastal shipping services; improvement of the Ban Phu Nam Rom-Htee Khee–Dawei transport corridor; advancement of the India-Myanmar-Thailand Trilateral Highway Project, facilitation of cross–border transport and the exploration of suitable Special Economic Zones and logistics facilities along the border, subject to mutual agreement, relevant feasibility studies, and the respective national laws and procedures of both countries. These efforts are expected to enhance trade, logistics efficiency, facilitate trade and investment, and strengthen connectivity between the two countries and the broader region. Both leaders also welcomed the contribution of Thailand's Neighbouring Countries Economic Development Cooperation Agency (NEDA) to infrastructure development in Myanmar.

3.2.4 Both sides recognised **energy security** as a strategic priority and reaffirmed their commitment to enhancing cooperation in the energy sector, particularly in **the development of natural gas resources**, in order to ensure a stable and reliable energy supply and promote the sustainable economic development. Both sides agreed to support the continuity of existing projects and facilitate ongoing processes related to future projects to enhance the energy security and mutual interest of both countries.

3.2.5 Both sides welcomed the signing of the new Memorandum of Understanding on Labour Cooperation and the Agreement on Employment of Workers between the two countries.

3.2.6 Both leaders welcomed the convening of the Myanmar-Thailand Business Forum in Bangkok on 6 August 2026 to strengthen networking and cooperation between the private sectors of the two countries. They encouraged closer engagement among private sector organisations, including the Republic of the Union of Myanmar Federation of Chambers of Commerce and Industry (UMFCCI), the Thai-Myanmar Business Council (TMBC), the Thai Business Association of Myanmar (TBAM) as well as direct cooperation between provincial chambers of commerce in the border areas.

3.3 **Cooperation on Environmental Issues**

3.3.1 Both leaders reaffirmed their commitment to strengthen cooperation in **addressing transboundary environmental challenges, including haze pollution, open burning, and water pollution.**

3.3.2 Both sides welcomed the ongoing cooperation in **forest fire prevention**, including through the development of forest fire monitoring systems and training programme. They further underscored the importance of close coordination, continuous information sharing, and capacity building, including under the CLEAR Sky Strategy and through bilateral cooperation, in promoting effectiveness and sustainable solutions.

3.3.3 The two leaders **welcomed the signing of the Terms of Reference for the Joint Working Group on Water Quality Management in Boundary and Transboundary Rivers between the two countries**. They tasked the relevant agencies to closely cooperate in the area of water quality management and to hold the meeting of the Joint Working Group at an early and mutually convenient time.

*See Page 15*

*From Page 11*

Thailand has participated as an international witness and has sent representatives to attend the NCA anniversary ceremonies. The President expressed his gratitude for Thailand's continued support and assistance to Myanmar's peace process.

The President stated that Myanmar is moving forward towards the establishment of a Union based on democracy and a federal system. Based on the experiences gained throughout its history, Myanmar will adopt a region-based federal system that is suitable for the country's own circumstances. The government has repeatedly invited ethnic armed organizations and terrorist groups to peacefully resolve political issues through political means. Peace talks are being conducted not only with ethnic armed organizations that have signed the Nationwide Ceasefire Agreement (NCA), but also with groups that have not yet signed the agreement.

He said that relations between the two countries remain strong and robust across all sectors, including government-to-government ties, military-to-military relations, people-to-people exchanges, and cooperation between organizations, noting that the two nations enjoy a natural strategic partnership. He added that diplomatic relations were established in 1948 and that the two countries will celebrate the 80th anniversary of diplomatic ties in 2028. He expressed confidence that, through enduring friendship and cooperation in political and security affairs, the two countries would further strengthen their close partnership for the benefit of their peoples. He also voiced confidence that the positive outcomes of today's meeting would be translated into practical implementation and that the existing momentum of cooperation and friendship would continue to grow stronger in the years ahead.

Afterwards, the Prime Minister of Thailand expressed his gratitude to the President of the Republic of the Union of Myanmar for holding such an open and cordial discussion on matters concerning bilateral relations and the mutual interests of the two countries. He said that Thailand has always been a reliable friend of Myanmar and affirmed that Thailand would continue to address border-related issues with due consideration for the interests of both countries and their peoples. He also stated that Thailand would continue to cooperate with Myanmar as a development partner in support of its development efforts. Furthermore, he expressed confidence that by continuing to implement cooperation across all sectors, the two countries would be able to promote the well-being and shared interests of their peoples.

The President and the Prime Minister of Thailand then held cordial discussions and exchanged views on expanding cooperation through reciprocal study visits between the legislatures of the two countries; strengthening strategic-level security and defence cooperation; enhancing collaboration in combating transnational crimes, including border security issues, drug trafficking, online scams, human trafficking, and illegal trade; and broadening cooperation in the fields of economy, trade, aviation, tourism, energy, culture, and environmental conservation and ways to strengthen cooperation on issues relating to migrant workers between the two countries.

**Exchange of Memoranda of Understanding (MoUs) and Agreements**

Following the meeting, a ceremony was held for the exchange of memoranda of understanding (MoUs) and agreements between the Republic of the Union of Myanmar and the Kingdom of Thailand. In the presence of President U Min Aung Hlaing of the Republic of the Union of Myanmar and Thai Prime Minister Mr. Anutin Charnvirakul, officials from the two countries exchanged four MoUs and agreements in their respective sectors. These included an MoU on labour cooperation, an agreement on the employment of workers, an MoU on the development of space technology, and the terms of reference for the Joint Working Group on Water Quality Management of Boundary and Transboundary Rivers.

After the signing ceremony, the two leaders warmly greeted the officials from both countries who had attended the event.

The President then departed from the Government House, where the Prime Minister of Thailand warmly accompanied him to the President's official motorcade and bade him farewell.

MNA

*From Page 13*

but also overall economic cooperation between the two countries. The government places special emphasis on inviting quality and responsible investments that ensure a balanced and sustainable economic ecosystem. The state will provide the necessary support to the fullest extent possible.

The government is undertaking economic reforms to improve the business and investment climate. For instance, tariff rates have been reduced to encourage investment in the electric vehicle (EV) sector and related industries. In particular, he highlighted to foster the development of micro, small, and medium-sized enterprises (MSMEs) through the review of procedures and greater collaboration with regional business partners. MSMEs are recognized as the engine of economic growth for both nations. With a view to rendering business procedures more convenient and efficient, a shift towards digital systems is being carried out and the **Myanmar Digital Roadmap 2030** is currently being drawn up to facilitate this process.

Additionally, Thai investors were invited to participate in the Yadanabon Cyber City project, which is being implemented on approximately 10,000 acres in a central highland region of Myanmar with a favorable climate.

Through today's forum, he remarked that the bilateral economic cooperation can advance to a new chapter. He called on all stakeholders to work together to further strengthen trade, investment, cross-border commerce, and regional economic network linkages.

There is every confidence that, through collective synergy, both countries will be able to further enhance cooperation across a wide range of mutually beneficial areas, including trade and investment, tourism, and people-to-people connectivity, thereby reinforcing the foundations of shared prosperity and bilateral partnership. He concluded to build a more robust win-win business environment by combining Myanmar's natural resource advantages with the technology, capital, and management expertise of Thai entrepreneurs. He wished for stronger ties between the business communities and for more solid opportunities and outcomes in economic cooperation.

Following the addresses, the President and the Prime Minister of Thailand posed for official commemorative photographs before touring the Myanmar-Thailand Economic Forum's exhibition booths alongside attendees to observe company displays and engaging with officials and posing questions on the presentations.

Subsequently, the Thai Prime Minister personally accompanied the President to his official motorcade upon departure.

Later in the evening, the President met separately with a delegation of Thai business leaders at the hotel lounge to discuss strategies for further expanding bilateral investment and trade, according to reports.

MNA

*From Page 14*

3.4 **Socio-Cultural Cooperation**

3.4.1 The two leaders underscored the importance of people-to-people exchanges as a cornerstone of the longstanding friendship between Myanmar and Thailand. The two sides welcomed the continued implementation of the 2017 Memorandum of Understanding on Tourism Cooperation and agreed to further strengthen cooperation between their respective tourism authorities through the exchange of information and best practice exchanges, capacity-building, tourism promotion, tourist safety, and sustainable tourism development.

3.4.2 Both sides looked forward to the adoption of the 3-Year Development Cooperation Programme (2026-2028) between Myanmar and Thailand at the 17th Thailand-Myanmar Technical Cooperation Meeting. The 3-Year Development Cooperation Programme reflects the shared commitment to strengthening capacity-building, human resource development, and sustainable socio-economic development for the mutual benefit of the two countries, particularly in the areas of health, education, MSME development, agriculture and the environment.

3.4.3 The leaders also **welcomed Thai Airways' launch of an additional Bangkok–Yangon flight in the fourth quarter of 2026**, which is expected to contribute to enhanced connectivity and promote tourism and business exchanges between the two countries.

3.4.4 Both leaders welcomed the signing of the Memorandum of Understanding between Myanmar Space Agency (MSA) and Geo-Informatics and Space Technology Development Agency (GISTDA) of Thailand to enhance partnership on Earth Observation technology and its applications, particularly in the fields of disaster, agriculture and environmental management.

4. **Cooperation at the Regional Level**

4.1 Both sides agreed to strengthen cooperation and mutual support across regional platforms, including ASEAN, BIMSTEC, the ACMECS and Mekong mechanisms with a view to promoting regional peace, stability, sustainable development, and shared prosperity.

4.2 Thailand reiterated its unwavering support to Myanmar for its ACMECS Chairmanship and looked forward to successful convening of the upcoming 11th ACMECS Summit.

4.3 Thailand reaffirmed its commitment to supporting and continuing to work closely with Myanmar for Myanmar's full and equal participation in ASEAN mechanisms and processes in accordance with the ASEAN Charter, principles and procedures. Myanmar expressed its appreciation for Thailand's constructive role in facilitating the normalization of its relations with ASEAN.

5. **Other Matters**

Thailand welcomed Myanmar's continued commitment in advancing the peace talks with the goal of achieving lasting peace through a Myanmar-owned and Myanmar-led process. Thailand's support in this regard, in close consultation with Myanmar, was welcomed.

6. The official visit of President U Min Aung Hlaing reaffirmed the long-standing friendship and close partnership between Myanmar and Thailand and the shared commitment of both countries to further strengthen cooperation for the mutual benefit of the two countries. Both sides agreed to continue close engagement at all levels.

7. The President of the Republic of the Union of Myanmar expressed his sincere appreciation to the Royal Thai Government for the warm hospitality extended to him and his delegation during the visit, and extended a cordial invitation to the Prime Minister of the Kingdom of Thailand to visit Myanmar at a mutually convenient time.

☆ **ကျောဖုံးမှအဆက်**

Queen Sirikit National Convention Center Plenary Hall သို့ ရောက်ရှိလာရာ ထိုင်း-မြန်မာ ချစ်ကြည်ရေးအသင်းဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ၊ စီးပွားရေးလုပ်ငန်းရှင်များက လှိုက်လှဲနွေးထွေးစွာ ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် "မြန်မာ-ထိုင်း စီးပွားရေးဖိုရမ်"ကိုအခမ်းအနား အစီအစဉ်အတိုင်း စတင်ကျင်းပရာ ထိုင်း-မြန်မာ ချစ်ကြည်ရေးအသင်းဥက္ကဋ္ဌနှင့် မြန်မာနိုင်ငံကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် (UMFCCI)ဥက္ကဋ္ဌတို့က ကြိုဆိုဂုဏ်ပြုစကားများ ပြောကြားကြသည်။

ယင်းနောက် ထိုင်းနိုင်ငံဝန်ကြီးချုပ်က မိန့်ခွန်းပြောကြားရာတွင် ယခု မြန်မာ-ထိုင်း စီးပွားရေးဖိုရမ်သို့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့်အတူ တက်ရောက်ခွင့်ရသည့်အတွက် အထူးပင်ဝမ်းမြောက်မိပါကြောင်း၊ ထိုင်းနှင့် မြန်မာနိုင်ငံတို့သည် ယုံကြည်မှု၊ အပြန်အလှန်လေးစားမှုနှင့် နှစ်နိုင်ငံပြည်သူများ၏ အကျိုးစီးပွားကို အခြေခံထားသည့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှု၏ကဏ္ဍသစ်ကို အတူတကွ လျှောက်လှမ်းရန် အသင့်ဖြစ်နေပြီဖြစ်ပါကြောင်း၊ လက်ရှိအချိန်တွင် မြန်မာနိုင်ငံသည် ထိုင်းနိုင်ငံ၏အရေးပါသော စီးပွားရေးမိတ်ဖက်နိုင်ငံများအနက် တစ်နိုင်ငံဖြစ်ပြီး နှစ်နိုင်ငံကုန်သွယ်မှုပမာဏသည် ဆက်လက်တိုးတက်နိုင်သည့်အလားအလာများစွာလည်း ရှိနေပါကြောင်း။

ထိုင်းနိုင်ငံ၏ မြန်မာနိုင်ငံအတွင်း ရင်းနှီးမြှုပ်နှံမှုများသည် စွမ်းအင်ကဏ္ဍ၊ ထုတ်လုပ်မှုလုပ်ငန်းများ၊ သယ်ယူပို့ဆောင်ရေး၊ ထောက်ပံ့ပို့ဆောင်ရေး (Logistics)၊ ဆက်သွယ်ရေး၊ အိမ်ခြံမြေလုပ်ငန်းနှင့် ခရီးသွားလုပ်ငန်းများထိ ကျယ်ပြန့်စွာရှိနေပြီး ယင်းကဏ္ဍများအားလုံးသည် ရေရှည်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် အရေးပါသော အခြေခံအုတ်မြစ်များဖြစ်ပါကြောင်း၊ ယနေ့တွင် မိမိအနေဖြင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတကြီးနှင့် တွေ့ဆုံ၍ နှစ်နိုင်ငံနှင့် နှစ်နိုင်ငံပြည်သူတို့၏ အကျိုးစီးပွားဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် ကျယ်ကျယ်ပြန့်ပြန့်ဆွေးနွေးခဲ့ပြီး ကောင်းမွန်သည့်ဆွေးနွေးမှုရလဒ်များကို ဖော်ဆောင်နိုင်ခဲ့ပါကြောင်း၊ ယခုနှစ်အတွင်း ထိုင်းနိုင်ငံက နှစ်နိုင်ငံကုန်သွယ်ရေးဆိုင်ရာပူးတွဲကော်မတီ(Joint Trade Committee) အစည်းအဝေးကို အိမ်ရှင်အဖြစ် လက်ခံကျင်းပမည်ဖြစ်ပြီး နှစ်နိုင်ငံကုန်သွယ်မှုပမာဏကို အမေရိကန်ဒေါ်လာ ၁၂ ဘီလီယံထိ တိုးမြှင့်နိုင်ရန်တွန်းအားပေးသွားမည်ဖြစ်ပါကြောင်း။

ယနေ့ကမ္ဘာကြီးသည် ကမ္ဘာလုံးဆိုင်ရာ ထောက်ပံ့ရေးကွင်းဆက်(Supply Chain)ကို ပြန်လည်ဖွဲ့စည်းနေသည့်ကာလဖြစ်ပြီး လူများ၊ ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုများကို ထိရောက်စွာချိတ်ဆက်ပေးနိုင်သည့် နိုင်ငံများသည် အခွင့်အလမ်းများကို ဦးစွာရရှိမည်ဖြစ်ပါကြောင်း၊ မိမိတို့နှစ်နိုင်ငံ အစိုးရများသည် စီးပွားရေးလုပ်ငန်းများ၊ ကုန်သည်အသင်းများနှင့် လုပ်ငန်းရှင်များကို အနီးကပ်ပူးပေါင်းဆောင်ရွက်နိုင်စေရန် အပြည့်အဝထောက်ခံအားပေးသွားမည်ဖြစ်ပြီး အခွင့်အလမ်းများကို လက်တွေ့ရလဒ်များအဖြစ် ပြောင်းလဲနိုင်စေရန် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။


ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့် ထိုင်းနိုင်ငံဝန်ကြီးချုပ် မစ္စတာ အနုထင် ချာဝီရကွန်တို့ "မြန်မာ-ထိုင်း စီးပွားရေးဖိုရမ်"တွင် ခင်းကျင်းပြသထားသည့်ပြခန်းများကို လှည့်လည်ကြည့်ရှုစဉ်။

ယနေ့ကျင်းပသည့် "မြန်မာ-ထိုင်းစီးပွားရေးဖိုရမ်"သည် အမြင်ချင်းဖလှယ်သည့် ဆွေးနွေးပွဲတစ်ခုထက် ပိုမိုအဓိပ္ပာယ်ရှိပြီး အစိုးရနှင့် ပုဂ္ဂလိက ကဏ္ဍတို့ပူးပေါင်းဖန်တီးမည့်နှစ်နိုင်ငံ၏စီးပွားရေးအနာဂတ်အတွက် ပူးပေါင်းဆောင်ရွက်မှုနှင့် အပြောင်းအလဲများ၏အစပြုရာဖြစ်ပါကြောင်း၊ ယခုဖိုရမ်ဖြစ်မြောက်မှုရှိစေရေး ထိုင်း-မြန်မာချစ်ကြည်ရေးအသင်းနှင့် ယနေ့အခမ်းအနားကို ပူးပေါင်းစီစဉ်ပေးကြသော နှစ်နိုင်ငံမှ အဖွဲ့အစည်းအားလုံးကို အထူးကျေးဇူးတင်ရှိပါကြောင်း ပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတက မိန့်ခွန်းပြောကြားရာတွင် မိမိ၏ထိုင်းနိုင်ငံခရီးစဉ်အတွင်း ယခုကဲ့သို့နှစ်နိုင်ငံစီးပွားရေးပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရန် အရေးပါသည့် "မြန်မာ-ထိုင်း စီးပွားရေးဖိုရမ်"သို့ တက်ရောက် မိန့်ခွန်းပြောကြားခွင့်ရသည့်အတွက် အထူးပင်ဂုဏ်ယူဝမ်းမြောက်မိပါကြောင်းနှင့် ဖိုရမ်၏ **"မြန်မာ-ထိုင်းစီးပွားရေးမိတ်ဖက်ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေး၏အနာဂတ်နှင့်စာမျက်နှာသစ်"** ဟူသည့် ခေါင်းစဉ်နှင့်အညီ နှစ်နိုင်ငံအကြား အပြန်အလှန် အကျိုးပြုမည့်မိတ်ဖက်စီးပွားရေးပူးပေါင်းဆောင်ရွက်မှုသည် ကမ္ဘာကြီးတွင် လက်ရှိဖြစ်ပေါ်နေသည့် ခန့်မှန်းရခက်ခဲပြီး အပြောင်းအလဲမြန်ဆန်လွန်းသည့် စီးပွားရေးဆိုင်ရာစိန်ခေါ်မှုများကို ကြံ့ကြံ့ခံနိုင်သည့် စာမျက်နှာသစ် တစ်ရပ်ဖွင့်လှစ်နိုင်မည်ဟု ယုံကြည်ပါကြောင်း။

**မြန်မာနိုင်ငံနှင့် ထိုင်းနိုင်ငံတို့သည် ရှည်လျားသည့် ကုန်းမြေရေပြင်နယ်နိမိတ်ချင်းထိစပ်နေသည့် အိမ်နီးချင်းနိုင်ငံများဖြစ်ကြရုံမျှမကဘဲ တူညီသည့်ယဉ်ကျေးမှု၊ ဓလေ့ထုံးတမ်း၊ ဘာသာတရားနှင့် သမိုင်းဝင်ချစ်ကြည်ရေး အခြေခံကောင်းများရှိသည့် ညီရင်းအစ်ကိုမောင်ရင်းနှမကဲ့သို့ သံယောဇဉ်ခိုင်မြဲသည့် အိမ်နီးချင်းကောင်းများ၊ မိတ်ဆွေစစ်များဖြစ်**ကြပါကြောင်း၊ နှစ်နိုင်ငံ သံတမန်ဆက်ဆံရေးသည် မြန်မာနိုင်ငံ လွတ်လပ်ရေးရရှိခဲ့သည့် ၁၉၄၈ ခုနှစ်တွင် စတင်ထူထောင်ခဲ့ခြင်းဖြစ်ပြီး ယခုဆိုပါက စိန်ရတုမှတ်တိုင်ကိုကျော်လွန်၍ နှစ်ပေါင်း ၇၈ နှစ်တိုင်ခဲ့ပြီဖြစ်ပါကြောင်း၊ သံတမန်ဆက်သွယ်ရေး ထူထောင်မှု နှစ် ၇၀ ပြည့်သည့် ၂၀၁၈ ခုနှစ်တွင် နှစ်နိုင်ငံဆက်ဆံရေးကို **"မဟာဗျူဟာမြောက် မိတ်ဖက်ဆက်ဆံရေး(Natural Strategic Partnership)"**အဖြစ် အဆင့်မြှင့်တင်နိုင်ခဲ့ပါကြောင်း။

**ယနေ့ကျင်းပသည့် ဖိုရမ်ကနေတစ်ဆင့် နှစ်နိုင်ငံစီးပွားရေးပူးပေါင်းဆောင်ရွက်မှုသည် အခန်းသစ်တစ်ခုသို့တက်လှမ်းနိုင်မည်ဖြစ်ပြီး ကုန်သွယ်ရေး၊ရင်းနှီးမြှုပ်နှံမှု၊ နယ်စပ်ကုန်သွယ်ရေးနှင့် ဒေသတွင်းစီးပွားရေးကွန်ရက်ချိတ်ဆက်မှုများ ပိုမိုတိုးတက်ခိုင်မာလာစေရန် အားလုံးကလက်တွဲဆောင်ရွက်သွားကြရန် တိုက်တွန်းလို . . .**

**ယခုခရီးစဉ်တွင် မြန်မာ-ထိုင်း ပြည်သူများအကြား ချစ်ကြည်ရင်းနှီးမှုနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုများကို ပိုမိုအားကောင်းခိုင်မာစေပြီး ဒေသတွင်းစီးပွားရေးဖွံ့ဖြိုးမှုများကိုလည်း အားပေးမြှင့်တင်နိုင်မည်ဟု ယုံကြည်**ပါကြောင်း၊ ထို့ပြင် မြန်မာ-ထိုင်း နှစ်နိုင်ငံစလုံးသည် ဒေသတွင်းဘက်စုံစီးပွားရေးပူးပေါင်းဆောင်ရွက်မှု သဘောတူစာချုပ် (RCEP)၊ အာဆီယံ၊ BIMSTEC တို့တွင်လည်း ဒေသတွင်းပြည်သူများကို အကျိုးရှိစေမည့် ပူးပေါင်းဆောင်ရွက်မှုများ မြှင့်တင်ရန် ရည်ရွယ်ပြီး အတူတကွပူးပေါင်းပါဝင်ဆောင်ရွက်လျက်ရှိကြောင်း၊ ထို့အတူ ဒေသတွင်း သာယာဝပြောမှုနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုတို့အတွက် ဦးတည်ဆောင်ရွက်နေသည့် မဟာမဲခေါင်ဒေသ(Greater Mekong Sub-region-GMS)၊ မဲခေါင်-လန်ချန်းပူးပေါင်းဆောင်ရွက်မှု(Mekong Lancang Coop-eration)၊ ဧရာဝတီ-ကျောက်ဖရား-မဲခေါင် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုမဟာဗျူဟာ (ACMECS) စသည့် အစီအစဉ်များတွင်လည်း နီးနီးကပ်ကပ် အတူတကွပူးပေါင်းပါဝင် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း၊ **မြန်မာနိုင်ငံအနေဖြင့် စိန်ခေါ်မှုများနှင့်ရင်ဆိုင်ရသည့် အချိန်တိုင်းတွင် ထိုင်းနိုင်ငံသည် မိတ်ဆွေကောင်းပီသစွာ အစဉ်ရပ်တည်ပေးခဲ့ပြီး နားလည်မှု၊ ယုံကြည်မှုနှင့် အပြန်အလှန်လေးစားမှုများကိုအခြေခံ၍ ကူညီပံ့ပိုးပေးမှုများအတွက် အသိအမှတ်ပြုကျေးဇူးတင်ရှိ**ကြောင်း။

မြန်မာနှင့် ထိုင်းနိုင်ငံတို့သည် အာဆီယံအဖွဲ့ဝင်နိုင်ငံများဖြစ်သည့်အပြင် နယ်နိမိတ်ချင်း ထိစပ်လျက်ရှိသည်နှင့်အညီ စီးပွားရေး၊ ကုန်သွယ်ရေး၊ ရင်းနှီးမြှုပ်နှံမှု၊ စွမ်းအင်၊ ခရီးသွားလုပ်ငန်းနှင့် လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေး စသည့်ကဏ္ဍများတွင် နီးကပ်စွာ ပူးပေါင်းဆောင်ရွက်နေကြပြီး ထပ်မံတိုးချဲ့အဆင့်မြှင့်တင်နိုင်သည့် အခွင့်အလမ်းများလည်းရှိနေကြောင်း၊ ထိုင်းနိုင်ငံသည် မြန်မာနိုင်ငံ၏ အဓိကကျပြီး အရေးပါဆုံးသော ကုန်သွယ်ဖက်နိုင်ငံတစ်ခုဖြစ်ပြီး မြန်မာနိုင်ငံမှ ထိုင်းနိုင်ငံသို့ သဘာဝဓာတ်ငွေ့၊ လယ်ယာထွက်ကုန်ပစ္စည်းများ၊ ရေထွက်ကုန်ပစ္စည်းများနှင့် အထည်များကို အဓိကတင်ပို့လျက်ရှိပြီး ထိုင်းနိုင်ငံမှ ရင်းနှီးမြှုပ်နှံမှုကုန်ပစ္စည်းများ၊ စက်ပစ္စည်းများ၊ မော်တော်ယာဉ်နှင့် ဆက်စပ်ပစ္စည်းများ၊ စက်မှုလုပ်ငန်းသုံးပစ္စည်း၊ လူသုံးကုန်ပစ္စည်းများနှင့် ဆေးဝါးများ အဓိကတင်ပို့လျက်ရှိပါကြောင်း။

နှစ်နိုင်ငံကုန်သွယ်မှု(Bilateral Trade) ပမာဏသည် ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်တွင် အမေရိကန်ဒေါ်လာ လေးဘီလီယံကျော်နှင့် ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်၏ ဇွန်လထိ အမေရိကန်ဒေါ်လာ တစ်ဘီလီယံကျော် အသီးသီးရှိခဲ့ပါကြောင်း၊ ပြီးခဲ့သည့် ၂၀၂၂ ခုနှစ်မှစတင်ပြီး ယခုနှစ် ဇွန်လထိဆိုပါက နှစ်နိုင်ငံကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာ ၂၀ ဒသမ ၇၅၈ ဘီလီယံရှိခဲ့ကြောင်း၊ ယခုကဲ့သို့ အပြန်အလှန်ကုန်သွယ်မှုပုံစံသည် နှစ်နိုင်ငံစီးပွားရေးကို အထောက်အကူပြုရုံမျှသာမက ဒေသတွင်းတန်ဖိုးကွင်းဆက်(Regional Value Chains) ဖွံ့ဖြိုးတိုးတက်ရေးအတွက်ပါ အဓိကကျသည့် အခန်းကဏ္ဍတွင် ပါဝင်နေကြောင်း၊ မိမိတို့နှစ်နိုင်ငံအကြား နယ်နိမိတ်သည် မိုင် ၂၄၀၀ ကျော်ရှည်လျားပြီး မြောက်ဘက်ရှိ လာအိုနိုင်ငံနှင့် ထိစပ်နေသည့် သုံးနိုင်ငံဆုံမှတ်မှတောင်ဘက် အက်ဒမန်ပင်လယ်ကမ်းရိုးတန်းထိ ထိစပ်လျက်ရှိပြီး မြန်မာ-ထိုင်းနယ်စပ်ကုန်သွယ်ရေးသည် နှစ်နိုင်ငံကုန်သွယ်ရေးကဏ္ဍတွင် လွန်စွာအရေးပါသည်ကိုတွေ့ရကြောင်း၊ မြဝတီ-မဲဆောက်၊ တာချီလိတ်-မယ်ဆိုင်စသည့် နယ်စပ်ဂိတ်များတွင် နယ်စပ်ကုန်သွယ်ရေးနှင့်စီးပွားရေးစီးဆင်းမှု၏ အဓိကအသက်သွေးကြောဟုဆိုနိုင်ပါကြောင်း၊ တစ်ဖက်တွင်လည်း တရားမဝင် ကုန်သွယ်ရေးဂိတ်နှင့် တရားမဝင်ကုန်သွယ်မှုကို နှစ်နိုင်ငံပူးပေါင်းတိုက်ဖျက်သွားရန် လိုအပ်လျက်ရှိပါကြောင်း။

တရားမဝင်ကုန်သွယ်မှုကြောင့် နှစ်နိုင်ငံ၏ နိုင်ငံတော်ဘဏ္ဍာငွေများ ဆုံးရှုံးမှုများသာမက အရည်အသွေးမမီသည့်အတွက် သုံးစွဲသူများအတွက် အန္တရာယ်ဖြစ်စေမည့် စားသောက်ကုန်နှင့်ဆေးဝါးများ ဈေးကွက်အတွင်း ဝင်ရောက်လာသည့် အန္တရာယ်ကို ဒေသခံများနှင့် စီးပွားရေးလုပ်ငန်းရှင်များအနေဖြင့် ဝိုင်းဝန်းကူညီပေးရန် တိုက်တွန်းပြောကြားလိုကြောင်း၊ လက်ရှိတွင် ထိုင်းနိုင်ငံသည် မြန်မာနိုင်ငံတွင် ပဉ္စမမြောက်ရင်းနှီးမြှုပ်နှံမှုအများဆုံးနိုင်ငံဖြစ်ပြီး အမေရိကန်ဒေါ်လာ ၄၆၀၅ ဒသမ ၄၈၄ သန်း တန်ဖိုးရှိ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းပေါင်း ၁၀၃ ခု ဆောင်ရွက်လျက်ရှိကြောင်း၊ ထိုင်းနိုင်ငံသည် မြန်မာနိုင်ငံ၏ စွမ်းအင်ကဏ္ဍ၊ ကုန်ထုတ်လုပ်မှု၊ စိုက်ပျိုးရေးနှင့် လူသုံးကုန် ပစ္စည်းများစသည့် အဓိကကဏ္ဍကြီးများတွင် အကြီးမားဆုံး ကုန်သွယ်ဖက်နှင့် အဓိကရင်းနှီးမြှုပ်နှံသည့်နိုင်ငံအဖြစ် ကာလရှည်ကြာရပ်တည်ခဲ့သည့်နိုင်ငံဖြစ်ပြီး လက်ရှိတွင်ရင်းနှီးမြှုပ်နှံမှုတန်ဖိုးအားလုံး၏ ၆ ဒသမ ၃၀ ရာခိုင်နှုန်း(အမေရိကန်ဒေါ်လာ ၄၆၀၅ ဒသမ ၄၈၄သန်း)နှင့် ရင်းနှီးမြှုပ်နှံမှုပြုလုပ်ထားကြောင်း၊ ထိုင်းနိုင်ငံအနေဖြင့် မြန်မာနိုင်ငံ၏ စိုက်ပျိုးရေးကဏ္ဍ၊ မွေးမြူရေးနှင့် ရေလုပ်ငန်းကဏ္ဍ၊ သတ္တုတူးဖော်ရေးကဏ္ဍ၊ စက်မှုကဏ္ဍ၊ လျှပ်စစ်ဓာတ်အားကဏ္ဍ၊ ရေနံနှင့်သဘာဝဓာတ်ငွေ့ကဏ္ဍ၊ ဆောက်လုပ်ရေးကဏ္ဍ၊ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးကဏ္ဍ၊ ဟိုတယ်နှင့် ခရီးသွားကဏ္ဍ၊ စက်မှုဇုန်တည်ဆောက်မှုကဏ္ဍနှင့် ဝန်ဆောင်မှုကဏ္ဍများတွင် ရင်းနှီးမြှုပ်နှံမှုများပြုလုပ်ထားသည်လည်းဖြစ်ပါကြောင်း။

ယနေ့ကမ္ဘာကြီးသည် အပြန်အလှန်ချိတ်ဆက်မှုပိုမိုမြန်ဆန်လာပြီး စီးပွားရေးအရပေါင်းစည်းမှု ပိုမိုနက်ရှိုင်းလာသည်နှင့်အမျှ ထောက်ပံ့ပို့ဆောင်ရေးလမ်းကြောင်းများနှင့် ဒေသတွင်းပေါင်းစည်းချိတ်ဆက်ပေးသည့် ကုန်သွယ်ရေးနှင့် စီးပွားရေးစင်္ကြံများ၏အခန်းကဏ္ဍသည် လွန်စွာအရေးပါလာကြောင်း၊ မြန်မာနိုင်ငံသည် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရေချိမြေချိကောင်းများ ပိုင်ဆိုင်ထားပြီး လူ့စွမ်းအားအရင်းအမြစ်နှင့် သဘာဝသယံဇာတအရင်းအမြစ်များ ပေါကြွယ်ဝသည့်အပြင် မဟာဗျူဟာကျသည့် ပထဝီဝင်အနေအထားကိုလည်း ပိုင်ဆိုင်ထားကြောင်း၊ **မြန်မာနိုင်ငံသည် အရှေ့အာရှ၊ အရှေ့တောင်အာရှ၊ တောင်အာရှတို့နှင့် ကုန်းမြေပေါင်း**

**ကူးတံတား(Land Bridge) သဖွယ်တည်ရှိနေပြီး ပထဝီအနေအထားအရ ပစိဖိတ်သမုဒ္ဒရာနှင့် အိန္ဒိယသမုဒ္ဒရာ နှစ်စင်းတို့ကို ဆက်စပ်ပေးသည့်အတွက် အနာဂတ်ပင်လယ်ရေကြောင်းသယ်ယူပို့ဆောင်ရေးတွင် အချက်အချာကျသည့်နေရာ၌ တည်ရှိနေပါကြောင်း။**

ဒေသတွင်း ဈေးကွက်များအကြား ကုန်သွယ်ရေးနှင့် သယ်ယူပို့ဆောင်ရေး ချိတ်ဆက်မှုများကို အထောက်အကူပြုလျက် ပိုမိုကျယ်ပြန့်သည့် စီးပွားရေးပေါင်းစည်းမှုနှင့် ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုရန် အလားအလာကောင်းများလည်းရှိနေကြောင်း၊ သီလဝါအထူးစီးပွားရေးဇုန်၊ ကျောက်ဖြူအထူးစီးပွားရေးဇုန်၊ ထားဝယ်အထူးစီးပွားရေးဇုန်နှင့် ရေနက်ဆိပ်ကမ်းစီမံကိန်းတို့ကိုလည်း ဖော်ဆောင်လျက်ရှိကြောင်း၊ ထားဝယ်ရေနက်ဆိပ်ကမ်းသည် ထိုင်းနိုင်ငံနှင့် အနီးကပ်ဆုံးရှိပြီး ထိုင်းနိုင်ငံအတွက် တောင်အာရှနှင့် အနောက်အာရှတို့အတွက် အနီးဆုံးကုန်တင်ပို့နိုင်သည့်နေရာဖြစ်ပါကြောင်း၊ ထို့ပြင် **တရုတ်-မြန်မာစီးပွားရေးစင်္ကြံ မြန်မာ-အိန္ဒိယကုလားတန်ဘက်စုံသယ်ယူပို့ဆောင်ရေးစီမံကိန်း၊ မြန်မာ-ထိုင်း-အိန္ဒိယ သုံးနိုင်ငံအဝေးပြေးလမ်းမကြီးအစီ**အစဉ်များသည်လည်း ဒေသတွင်းနှင့် နိုင်ငံတကာကုန်သွယ်ရေးတွင် မြန်မာနိုင်ငံက အဓိကနေရာမှပါဝင်နေကြောင်း၊ အာရှအဝေးပြေးလမ်းမနှင့် အာရှဖြတ်ကျော်ရထားလမ်းကွန်ရက်နှစ်ခုစလုံး၏ အစိတ်အပိုင်းဖြစ်သည့်အတွက် ဒေသတွင်းထောက်ပံ့ပို့ဆောင်ရေးကွန်ရက်များနှင့် ချိတ်ဆက်ရန်အခွင့်အလမ်းကောင်းများကိုလည်း ပိုင်ဆိုင်ထားရှိကြောင်း။

မြန်မာနိုင်ငံသည် စိုက်ပျိုးရေးကိုအခြေခံသည့်နိုင်ငံဖြစ်ပြီး ကြွယ်ဝပေါများသည့် အရင်းအမြစ်နှင့် အလားအလာကောင်းများစွာရှိနေကြောင်း၊ နိုင်ငံ၏လက်ရှိလိုအပ်ချက်ကိုဖြည့်ဆည်းရန်အတွက် စွမ်းအင်ဆိုင်ရာအခြေခံအဆောက်အအုံ၊ ရင်းနှီးမြှုပ်နှံမှုများကို အလေးထားဖိတ်ခေါ်လျက်ရှိပြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် လယ်ယာအခြေခံကုန်ထုတ်လုပ်ငန်းများ၊ ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်ထုတ်လုပ်မှုလုပ်ငန်းများ၊ ပညာရေး၊ ကျန်းမာရေး၊ နည်းပညာနှင့် ဒစ်ဂျစ်တယ်ဝန်ဆောင်မှုလုပ်ငန်းများတွင် လာရောက်ရင်းနှီးမြှုပ်နှံရန်လည်း ဖိတ်ခေါ်လိုကြောင်း၊ ဓာတ်မြေဩဇာထုတ်လုပ်ခြင်း၊ အများပြည်သူသယ်ယူပို့ဆောင်ရေး၊ လျှပ်စစ်သုံးယာဉ်ထုတ်လုပ်ခြင်း၊ ဘိလပ်မြေထုတ်လုပ်ခြင်း၊ သံမဏိထုတ်လုပ်ခြင်း၊ စိုက်ပျိုးရေးနှင့် မွေးမြူရေး တန်ဖိုးမြှင့်ထုတ်ကုန်များထုတ်လုပ်ခြင်း၊ ဆေးဝါးနှင့် ဆေးပစ္စည်းကိရိယာများထုတ်လုပ်ခြင်း စသည့်လုပ်ငန်းများကိုလည်း အားပေးဖိတ်ခေါ်လျက်ရှိကြောင်း၊ ထို့ပြင် ပြည်တွင်းထွက်ကုန်များကို အခြေခံသည့် အဆင့်မြင့်ရော်ဘာထုတ်လုပ်ခြင်း၊ ရော်ဘာအခြေခံပရိဘောဂနှင့် တာယာထုတ်လုပ်ခြင်းလုပ်ငန်းများကိုလည်း ဖွံ့ဖြိုးတိုးတက်လာအောင် အားပေးဆောင်ရွက်လျက်ရှိသည့်အတွက် ထိုင်းလုပ်ငန်းရှင်များအနေဖြင့် ယခုကဏ္ဍတွင် ရင်းနှီးမြှုပ်နှံနိုင်မည့်အခွင့်အလမ်းများလည်းရှိနေပါကြောင်း။




ထိုင်းနိုင်ငံဝန်ကြီးချုပ် မစ္စတာ အနုထင် ချာဝီရကွန် "မြန်မာ-ထိုင်း စီးပွားရေးဖိုရမ်"တွင် မိန့်ခွန်းပြောကြားစဉ်။

ထိုင်းနိုင်ငံသည် အဆင့်မြင့်ကျန်းမာရေးဝန်ဆောင်မှုများ ထွန်းကားသည့်အတွက် နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်မှုအနေဖြင့် ကျန်းမာရေးဝန်ဆောင်မှု လုပ်ငန်းများတွင် လာရောက်ရင်းနှီးမြှုပ်နှံရန် ဖိတ်ခေါ်လိုပါကြောင်း၊ နှစ်နိုင်ငံအကြား ကုန်သွယ်မှုနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရန်အတွက် ပို့ဆောင်ဆက်သွယ်ချိတ်ဆက်မှုသည် အလွန်အရေးကြီးပါကြောင်း၊ အိန္ဒိယ-မြန်မာ-ထိုင်း သုံးနိုင်ငံအဝေးပြေးလမ်းမကြီးသည် နှစ်နိုင်ငံကုန်သွယ်မှုကိုသာမက RCEP နှင့် အာဆီယံစီးပွားရေးစင်္ကြံကိုပါ ဖွင့်လှစ်ပေးမည့်သော့ချက်များဖြစ်ကြောင်း၊ ထို့ကြောင့် မြဝတီ၊ တာချီလိတ်၊ ကော့သောင်း စသည့် နယ်စပ်ဒေသများတွင် နယ်စပ်စီးပွားရေးဇုန်များနှင့် ထောက်ပံ့ပို့ဆောင်ရေးလုပ်ငန်းများတွင် ရင်းနှီးမြှုပ်နှံရန်အခွင့်အလမ်းကောင်းများရှိနေပါကြောင်း။

မိမိတို့အစိုးရအနေဖြင့် ပြည်တွင်းပြည်ပရင်းနှီးမြှုပ်နှံမှုများ တိုးတက်လာစေရန်အတွက်ဆောင်ရွက်လျက်ရှိရာ ပိုမိုရှင်းလင်းခိုင်မာပြီး ပွင့်လင်းမြင်သာသည့် စီးပွားရေးဝန်းကျင်ကောင်းတစ်ခု ဖန်တီးပေးရန်၊ လုပ်ထုံးလုပ်နည်းများကို လွယ်ကူချောမွေ့အောင် ပြုပြင်ပြောင်းလဲရန်နှင့် သင့်တော်သည့်မူဝါဒဆိုင်ရာ ကူညီပံ့ပိုးမှုများပေးနိုင်ရန် အစဉ်တစိုက်ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ မြန်မာနိုင်ငံနှင့် ထိုင်းနိုင်ငံတို့အကြား ရင်းနှီးမြှုပ်နှံမှုများမြှင့်တင်ရေးနှင့် အကာအကွယ်ပေးရေးဆိုင်ရာ သဘောတူစာချုပ်သည် ၂၀၁၂ ခုနှစ် ဇွန် ၈ ရက်တွင် အသက်ဝင်ခဲ့ပြီးဖြစ်သည့်အတွက် ယုံကြည်စိတ်ချစွာ ရင်းနှီးမြှုပ်နှံမှုပြုလုပ်ရန်လည်း တိုက်တွန်းပြောကြားလိုပါကြောင်း၊ အလားတူ မြန်မာနိုင်ငံတွင် ပြည်တွင်းထုတ်လုပ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုများကို အကာအကွယ်ပေးနိုင်ရန်အတွက် မူပိုင်ခွင့်ဥပဒေလေးရပ်ကိုလည်း ၂၀၂၄ ခုနှစ်တွင် အပြည့်အဝအကောင်အထည်ဖော်နေပြီဖြစ်ပါကြောင်း။

လက်ရှိတွင် မြန်မာနှင့် ထိုင်းနှစ်နိုင်ငံတို့အကြား ကုန်သွယ်မှုမြှင့်တင်နိုင်ရန်နှင့် ကုန်စည်စီးဆင်းမှု မြန်ဆန်ချောမွေ့စေရန်အတွက် ထိုင်း-မြန်မာ နှစ်နိုင်ငံ နယ်စပ်ဒေသတွင် မြန်မာကျပ်ငွေနှင့် ဘတ်တိုက်ရိုက်အသုံးပြုပေးချေမှုကို ၂၀၂၂ ခုနှစ်တွင် စတင်ခဲ့ပြီးဖြစ်ကြောင်း၊ ယခုစနစ်သည် နှစ်နိုင်ငံကုန်သွယ်မှုသာမက နှစ်နိုင်ငံစီးပွားရေးပူးပေါင်းဆောင်ရွက်မှုတို့အတွက် များစွာအထောက်အကူပြုနိုင်မည်ဖြစ်ကြောင်း၊ မိမိတို့အစိုးရအနေဖြင့် အရည်အသွေးပြည့်ဝပြီး တာဝန်ယူမှုရှိသည့် ရင်းနှီးမြှုပ်နှံမှုများကို အထူးအားပေးဖိတ်ခေါ်နေပြီး ရေရှည်တည်တံ့မည့် ဂေဟစနစ်နှင့် စီးပွားရေးဟန်ချက်ညီမှု ရှိစေရန်အတွက်ကိုလည်း အလေးထားဆောင်ရွက်လျက်ရှိပါကြောင်း၊ နိုင်ငံတော်အနေဖြင့် လိုအပ်သည်များကို အတတ်နိုင်ဆုံးပံ့ပိုးပေးသွားမည်ဖြစ်ကြောင်း။

မိမိတို့အစိုးရအနေဖြင့် နိုင်ငံအတွင်း စီးပွားရေးဝန်းကျင်နှင့်ရင်းနှီးမြှုပ်နှံမှုဝန်းကျင် ပိုမိုကောင်းမွန်လာစေရန်အတွက် စီးပွားရေးဆိုင်ရာပြုပြင်ပြောင်းလဲမှုများ၊ ဥပမာအားဖြင့် လျှပ်စစ်သုံးယာဉ်များ(EV)များ တိုးတက်ရေးနှင့် ဆက်စပ်လုပ်ငန်းများတွင် ရင်းနှီးမြှုပ်နှံမှုများအတွက် အကောက်အခွန်နှုန်းထားများကိုလည်း လျှော့ချပေးလျက်ရှိကြောင်း၊ အထူးသဖြင့် လုပ်ထုံးလုပ်နည်းများကို ပြန်လည်သုံးသပ်ခြင်း၊ ဒေသတွင်း မိတ်ဖက်နိုင်ငံများ၏ စီးပွားရေးလုပ်ငန်းရှင်များနှင့် ပိုမိုပူးပေါင်းဆောင်ရွက်ခြင်းမှတစ်ဆင့် အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်း(MSME)များ ဖွံ့ဖြိုးတိုးတက်စေရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ(MSME)သည် မိမိတို့နှစ်နိုင်ငံ၏ စီးပွားရေးမောင်းနှင်အားဖြစ်ကြောင်း၊ လုပ်ငန်းစဉ်များကို ပိုမိုလွယ်ကူလျင်မြန်အောင် ဒစ်ဂျစ်တယ်စနစ်သို့ အသွင်ကူးပြောင်းဆောင်ရွက်လျက်ရှိရာတွင် **မြန်မာဒစ်ဂျစ်တယ်လမ်းပြမြေပုံ ၂၀၃၀** ကို ရေးဆွဲဖော်ဆောင်လျက်ရှိပါကြောင်း။

မြန်မာနိုင်ငံ အလယ်ပိုင်းရာသီဥတုကောင်းသည့် တောင်ပေါ်ဒေသတွင် မြေဧရိယာဧက ၁၀၀၀၀ ခန့် ကျယ်ဝန်းသည့် ရတနာပုံဆိုက်ဘာစီးတီးစီမံကိန်းကိုလည်း အကောင်အထည်ဖော် ဆောင်ရွက်နေသည့်အတွက် စိတ်ပါဝင်စားသည့် ထိုင်းနိုင်ငံမှ ရင်းနှီးမြှုပ်နှံသူများအနေဖြင့် လာရောက်ရင်းနှီးမြှုပ်နှံကြရန် ဖိတ်ခေါ်လိုကြောင်း။

ယနေ့ကျင်းပသည့် ဖိုရမ်ကနေတစ်ဆင့် နှစ်နိုင်ငံ စီးပွားရေးပူးပေါင်းဆောင်ရွက်မှုသည် အခန်းသစ်တစ်ခုသို့ တက်လှမ်းနိုင်မည်ဖြစ်ပြီး ကုန်သွယ်ရေး၊ ရင်းနှီးမြှုပ်နှံမှု၊ နယ်စပ်ကုန်သွယ်ရေးနှင့် ဒေသတွင်းစီးပွားရေးကွန်ရက်ချိတ်ဆက်မှုများ ပိုမိုတိုးတက်ခိုင်မာလာစေရန်အားလုံးက လက်တွဲဆောင်ရွက်သွားကြရန် တိုက်တွန်းလိုပါကြောင်း။

စုပေါင်းစွမ်းအားကနေ တစ်ဆင့် ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှု၊ ခရီးသွားလာရေး၊ ပြည်သူအချင်းချင်း အပြန်အလှန်ထိတွေ့ဆက်ဆံမှုအပါအဝင် နှစ်နိုင်ငံအပြန်အလှန်အကျိုးပြုစေမည့် ကဏ္ဍစုံပူးပေါင်းဆောင်ရွက်မှုများကို တိုးတက်ဖော်ဆောင်သွားနိုင်မည်ဟု အပြည့်အဝယုံကြည်ထားပါကြောင်း၊ မြန်မာနိုင်ငံ၏ သဘာဝအရင်းအမြစ်အားသာချက်များကို ထိုင်းစီးပွားရေးလုပ်ငန်းရှင်များ၏ နည်းပညာ၊ အရင်းအနှီးနှင့် စီမံခန့်ခွဲမှုအတွေ့အကြုံစသည်များနှင့် ပေါင်းစပ်လိုက်မည်ဆိုပါက နှစ်ဦးနှစ်ဖက်အပြန်အလှန် အကျိုးရှိစေမည့်(Win-Win) စီးပွားရေးပတ်ဝန်းကျင်ကို ပိုမိုခိုင်မာအောင်တည်ဆောက်နိုင်မည်ဟု ယုံကြည်ပါကြောင်း၊ နှစ်ဖက်စီးပွားရေး လုပ်ငန်းရှင်များအကြား ချိတ်ဆက်မှုများ ပိုမိုအားကောင်းပြီး စီးပွားရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုအခွင့်အလမ်းများနှင့် ရလဒ်ကောင်းများပိုမိုခိုင်မြဲစွာတိုးတက်စေရန် ဆုမွန်ကောင်းတောင်းအပ်ပါကြောင်းဖြင့် ပြောကြားသည်။

## မြန်မာနိုင်ငံ၏ သဘာဝအရင်းအမြစ်အားသာချက်များကို ထိုင်းစီးပွားရေးလုပ်ငန်းရှင်များ၏ နည်းပညာ၊ အရင်းအနှီးနှင့် စီမံခန့်ခွဲမှုအတွေ့အကြုံစသည်များနှင့် ပေါင်းစပ်လိုက်မည်ဆိုပါက နှစ်ဦးနှစ်ဖက်အပြန်အလှန်အကျိုးရှိစေမည့်(Win-Win) စီးပွားရေးပတ်ဝန်းကျင်ကို ပိုမိုခိုင်မာအောင်တည်ဆောက်နိုင်မည်ဟု ယုံကြည် . . .

ထို့နောက် နိုင်ငံတော်သမ္မတနှင့် ထိုင်းနိုင်ငံ ဝန်ကြီးချုပ်တို့သည် မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ယင်းနောက် နိုင်ငံတော်သမ္မတ၊ ထိုင်းနိုင်ငံဝန်ကြီးချုပ်နှင့် ဖိုရမ်သို့တက်ရောက်လာကြသူများသည် "မြန်မာ-ထိုင်း စီးပွားရေးဖိုရမ်"တွင် ခင်းကျင်းပြသထားသည့်ပြခန်းများကိုလှည့်လည်ကြည့်ရှုခဲ့ကြပြီး ပြခန်းအလိုက်တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် သိရှိလိုသည်များ ပြန်လည်မေးမြန်းဆွေးနွေးသည်။

ဆက်လက်၍ နိုင်ငံတော်သမ္မတသည် မြန်မာ-ထိုင်း စီးပွားရေးဖိုရမ်မှ ပြန်လည်ထွက်ခွာရာ ထိုင်းနိုင်ငံဝန်ကြီးချုပ်က နိုင်ငံတော်သမ္မတ လိုက်ပါစီးနင်းမည့် အထူးယာဉ်တန်းနေရာထိ ရင်းရင်းနှီးနှီး လိုက်ပါနှုတ်ဆက်ခဲ့သည်။

ထို့နောက် နိုင်ငံတော်သမ္မတသည် ညနေပိုင်းတွင် ထိုင်းနိုင်ငံမှ စီးပွားရေးလုပ်ငန်းရှင်များစုပေါင်းအဖွဲ့ကို ခေတ္တတည်းခိုလျက်ရှိသည့် ဟိုတယ်ဧည့်ခန်းမဆောင်၌ သီးခြားစီလက်ခံတွေ့ဆုံခဲ့ပြီး နှစ်နိုင်ငံရင်းနှီးမြှုပ်နှံမှုနှင့် ကုန်သွယ်မှုပိုမိုမြှင့်တင်နိုင်ရေးဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။**(သတင်းစဉ်)**

PPIB News

### ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန အသိပေးကြေညာချက်

မော်တော်ယာဉ်များတွင် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနက ထုတ်ပေးသည့် မော်တော်ယာဉ်နံပါတ်ပြားမဟုတ်ဘဲ အခြားနံပါတ်ပြားတပ်ဆင်ခြင်း၊ မူလနံပါတ်ပြားကို အလှဆင်ပြုပြင်ထားသည့် နံပါတ်ပြားများတပ်ဆင်ခြင်း၊ အလှဆင်နံပါတ်ပြားများတပ်ဆင်ခြင်း၊ မော်တော်ယာဉ်၊ မော်တော်ဆိုင်ကယ်နှင့် သုံးဘီးတပ်ယာဉ်များတွင် အသံပိုမိုကျယ်လောင်စေရန် အသံထိန်းကိရိယာများ ပြောင်းလဲတပ်ဆင်ခြင်း၊ အသံထိန်းကိရိယာဖြုတ်၍ မောင်းနှင်ခြင်း၊ ဆူညံသံဖြစ်ပေါ်စေသည့် ကိရိယာတပ်ဆင်အသုံးမပြုကြရန်နှင့် တပ်ဆင်အသုံးပြုသော မော်တော်ယာဉ်၊ မော်တော်ဆိုင်ကယ်နှင့် သုံးဘီးတပ်ယာဉ်များကို ၂၀၂၀ ပြည့်နှစ် ယာဉ်အန္တရာယ်ကင်းရှင်းရေးနှင့်မော်တော်ယာဉ်စီမံခန့်ခွဲမှုဥပဒေအရ ထိရောက်စွာအရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ယာဉ်ထိန်းရဲတပ်ဖွဲ့**

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ဦးဆောင်သည့် မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့ ထိုင်းနိုင်ငံသို့ တရားဝင်ခရီးစဉ်(Official Visit) ရောက်ရှိ



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်အား ဒုတိယသမ္မတ ဒေါ်နန်းနီနီအေး၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီ၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးအောင်လင်းဒွေး၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦး၊ တာဝန်ရှိသူများက နေပြည်တော်လေဆိပ်၌ ပို့ဆောင်နှုတ်ဆက်စဉ်။

နေပြည်တော် ဩဂုတ် ၆

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ဦးဆောင်သည့် မြန်မာအဆင့်မြင့် ကိုယ်စားလှယ်အဖွဲ့သည် ထိုင်းနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ အနုထင် ချာဝီရကွန်၏ ဖိတ်ကြားချက်အရ ထိုင်းနိုင်ငံသို့ တရားဝင်ခရီးစဉ် (Official Visit) သွားရောက်ရန်အတွက် ယနေ့နံနက်ပိုင်းတွင် နေပြည်တော်လေဆိပ်မှ အထူးလေယာဉ်ဖြင့် ထွက်ခွာကြသည်။

နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ဦးဆောင်သည့် မြန်မာအဆင့်မြင့် ကိုယ်စားလှယ်အဖွဲ့ကို ဒုတိယသမ္မတ ဒေါ်နန်းနီနီအေး၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီ၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးအောင်လင်းဒွေး၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦး၊ ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် မြန်မာနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံသံရုံးတို့မှ တာဝန်ရှိသူများက လေဆိပ်၌ပို့ဆောင်နှုတ်ဆက်ကြသည်။

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတနှင့်အတူ ပြည်ထောင်စု ဝန်ကြီးများဖြစ်ကြသည့် ဦးခင်မောင်ရီ၊ ဦးတင်မောင်ဆွေ၊ ဦးကိုကိုလွင်၊ ဦးခင်မောင်စိုး၊ ဦးထွန်းအုံ၊ ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦး၊ တနင်္သာရီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဇော်နိုင်ဦး၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့် တပ်မတော်အရာရှိကြီးများ၊ ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူများ ခရီးစဉ်တွင် လိုက်ပါသွားကြသည်။

ထို့နောက် နိုင်ငံတော်သမ္မတ ဦးဆောင်သော မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့ လိုက်ပါလာသည့် အထူးလေယာဉ်သည် ဒေသစံတော်ချိန် နံနက် ၉ နာရီ မိနစ် ၂၀ ခန့်တွင် ဗန်ကောက်မြို့ ဒွန်မောင်းအပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိကြရာ ထိုင်းနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီး မစ္စတာ ဆီဟာဆက် ဖူဝန်ကေ့ကဲ့ဝို ဦးဆောင်သည့် အဆင့်မြင့်အရာရှိကြီးများနှင့် တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး ဦးဇော်ဇော်စိုးနှင့် ဇနီး၊ မြန်မာစစ်သံ(ကြည်း၊ရေ၊ လေ) ဗိုလ်မှူးချုပ်ဝင်းသူလင်းနှင့် တာဝန်ရှိသူများက လေဆိပ်၌ လှိုက်လှဲနွေးထွေးစွာ ကြိုဆိုနှုတ်ဆက်ကြသည်။

ထိုသို့ကြိုဆိုစဉ် ထိုင်းဘုရင့်တပ်မတော် ဂုဏ်ပြုတပ်ဖွဲ့မှ နိုင်ငံ့အကြီးအကဲများအားကြိုဆိုဂုဏ်ပြုသည့် ခလေ့ထုံးစံစဉ်လာနှင့်အညီ ကော်ဇောနီ၏ တစ်ဖက်တစ်ချက်စီတွင် နေရာယူအလေးပြု၍လည်းကောင်း၊ ဂုဏ်ပြုအမြောက်တပ်ဖွဲ့မှ အမြောက် ၂၁ ချက်ပစ်ဖောက်၍လည်းကောင်း ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်အား ခရီးဦးကြိုဆိုခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

PPIB News




ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်ကို ထိုင်းဘုရင့်တပ်မတော် ဂုဏ်ပြုတပ်ဖွဲ့က နိုင်ငံ့အကြီးအကဲများအား ကြိုဆိုဂုဏ်ပြုသည့် ခလေ့ထုံးစံ စဉ်လာနှင့်အညီ ကော်ဇောနီ၏ တစ်ဖက်တစ်ချက်စီတွင် နေရာယူ အလေးပြု၍ ကြိုဆို နှုတ်ဆက်စဉ်။

## ASEAN Championship Hyundai Cup 2026 အမျိုးသားဘောလုံးပြိုင်ပွဲ အုပ်စုအဆင့် မြန်မာအသင်းနှင့် ထိုင်းအသင်း ယှဉ်ပြိုင်မှု တိုက်ရိုက်ထုတ်လွှင့်မည်

နေပြည်တော် ဩဂုတ် ၆

ASEAN Championship Hyundai Cup 2026 အမျိုးသားဘောလုံးပြိုင်ပွဲကို ဩဂုတ် ၈ ရက်တွင် ထိုင်းနိုင်ငံ ဗန်ကောက်မြို့ရှိ ရာဇမင်္ဂလာအားကစားကွင်း၌ ကျင်းပမည်ဖြစ်ရာ မြန်မာလက်ရွေးစင် အမျိုးသားဘောလုံးအသင်းနှင့် ထိုင်းအမျိုးသားဘောလုံးအသင်းတို့၏ အုပ်စုအဆင့်ပွဲစဉ် ယှဉ်ပြိုင်မှုကို ယင်းနေ့ ည ၇ နာရီ ၁၅ မိနစ်မှစတင်၍ MRTV Sports Channel မှ တိုက်ရိုက်(Live)ထုတ်လွှင့်ပြသမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

**နိုင်ငံ့ဝန်ထမ်းများအား မည်သည့်နည်းလမ်းဖြင့်မဆို ခြိမ်းခြောက်ခြင်း၊ တာဝန်ထမ်းဆောင်မှုကို နှောင့်ယှက်ခြင်းများဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီအရေးယူခံရနိုင်ပါသည်။**

## မိုးတိမ်တောင်များ ရွေ့လျားရာနေရာတစ်လျှောက် မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်းတို့ ဖြစ်ပေါ်နိုင်

နေပြည်တော် ဩဂုတ် ၆

နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)တို့တွင် မိုးတိမ်တောင်များဖြစ်ထွန်းလျက်ရှိပြီး အဆိုပါမိုးတိမ်တောင်များရွေ့လျားရာ နေရာတစ်လျှောက်တွင် မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်း၊ မိုးသီးကြွေခြင်းစသည့် မိုးလေဝသဖြစ်စဉ်များဖြစ်ပေါ်နိုင်သဖြင့် ကြိုတင်သတိပြုနိုင်ရန် မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက အကြံပြုထားကြောင်း သိရသည်။





ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့် ထိုင်းနိုင်ငံဝန်ကြီးချုပ် မစ္စတာ အနုထင် ချာဝီရကွန်တို့ ထိုင်းဘုရင့်တပ်မတော်ဂုဏ်ပြုတပ်ဖွဲ့က နှစ်နိုင်ငံ နိုင်ငံတော်သီချင်းများဖြင့် တီးမှုတ်ဂုဏ်ပြုအလေးပြုခြင်းကို ခံယူကြစဉ်။

**ရှေ့ဖုံးမှအဆက်**

အထူးယာဉ်တန်းသည် အစိုးရအိမ်တော် အဆောက်အအုံရှေ့ မြက်ခင်းပြင်သို့ ရောက်ရှိလာရာ ထိုင်းနိုင်ငံဝန်ကြီးချုပ် မစ္စတာ အနုထင် ချာဝီရကွန်က လှိုက်လှဲနွေးထွေးစွာကြိုဆိုနှုတ်ဆက်သည်။


ယင်းနောက် နှစ်နိုင်ငံအကြီးအကဲနှစ်ဦးသည် အလေးပြုခုံစင်မြင့်ထက်တွင် နေရာယူကြပြီး ထိုင်းဘုရင့်တပ်မတော် ဂုဏ်ပြုတပ်ဖွဲ့က နှစ်နိုင်ငံ နိုင်ငံတော် သီချင်းများဖြင့် တီးမှုတ်ဂုဏ်ပြုအလေးပြုခြင်းကို ခံယူကြသည်။

ထို့နောက် နှစ်နိုင်ငံအကြီးအကဲနှစ်ဦးသည် ဂုဏ်ပြုတပ်ဖွဲ့အလံကို အလေးပြု၍ ဂုဏ်ပြုတပ်ဖွဲ့အား စစ်ဆေးပြီး နှစ်နိုင်ငံ ကိုယ်စားလှယ်အရာရှိကြီးများနှင့် အပြန်အလှန် မိတ်ဆက်ပေးကြသည်။

ဆက်လက်၍ နှစ်နိုင်ငံအကြီးအကဲ နှစ်ဦးသည် အစိုးရအိမ်တော်ခန်းမ၌ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ယင်းနောက် နိုင်ငံတော်သမ္မတသည် ထိုင်းဘုရင်မင်းမြတ်၏ မယ်တော်မိဖုရားကြီး Queen Sirikit ၏ တော်ဝင်ပုံတူ ပန်းချီကားကို အရိုအသေပြုပြီး ထိုင်းနိုင်ငံ အစိုးရအိမ်တော် ဧည့်သည်တော်မှတ်တမ်း စာအုပ်တွင် လက်မှတ်ရေးထိုးသည်။

ထို့နောက် နိုင်ငံတော်သမ္မတနှင့် ထိုင်းနိုင်ငံဝန်ကြီးချုပ်တို့သည် ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးခင်မောင်ရီ၊ ဦးတင်မောင်ဆွေ၊ မြန်မာနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံသံအမတ်ကြီး ဦးဇော်ဇော်စိုး၊ နှစ်နိုင်ငံတာဝန်ရှိသူများနှင့်အတူ အစိုးရ အိမ်တော် ဧည့်ခန်းမ၌ သီးသန့်တွေ့ဆုံဆွေးနွေးသည်။



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့် ထိုင်းနိုင်ငံဝန်ကြီးချုပ် မစ္စတာ အနုထင် ချာဝီရကွန်တို့ တွေ့ဆုံဆွေးနွေးစဉ်။

### တွေ့ဆုံဆွေးနွေး

ထိုသို့ တွေ့ဆုံဆွေးနွေးစဉ် နိုင်ငံတော်သမ္မတနှင့် ထိုင်းနိုင်ငံဝန်ကြီးချုပ်တို့သည် မြန်မာနိုင်ငံ၏ နိုင်ငံရေးဖြစ်ပေါ်ပြောင်းလဲမှုအခြေအနေများ၊ နှစ်နိုင်ငံနယ်စပ်ဒေသ တည်ငြိမ်အေးချမ်းရေးနှင့် ငြိမ်းချမ်းရေး လုပ်ငန်းစဉ်များတွင် နှစ်နိုင်ငံပူးပေါင်း ဆောင်ရွက်လျက်ရှိမှု၊ အွန်လိုင်းလောင်းကစားမှုနှင့် အွန်လိုင်းလိမ်လည်မှုတိုက်ဖျက်ရေးဆိုင်ရာ၊ တရားမဝင်နယ်စပ်ကုန်သွယ်မှုတိုက်ဖျက်ရေးဆိုင်ရာ၊ နယ်စပ်ဖြတ်ကျော်မီးခိုးမြူနှင့်မြစ်ရေညစ်ညမ်းမှုဆိုင်ရာ၊ စွမ်းအင်ကဏ္ဍတို့တွင် နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်သွားမည့်အခြေအနေများ၊ မြန်မာနိုင်ငံအနေဖြင့် အာဆီယံနှင့် ပတ်သက်၍ အပြုသဘောဆောင်ပြီး အကျိုးရှိသည့်ပူးပေါင်းဆောင်ရွက်မှုများကို ဆက်လက်ထိန်းသိမ်းသွားမည်ဖြစ်ပြီး အာဆီယံအဖွဲ့ဝင် တစ်နိုင်ငံချင်းစီနှင့် ရှိရင်းစွဲချစ်ကြည်ရင်းနှီးမှုကို အခြေခံပြီး ပိုမိုထိတွေ့ပူးပေါင်းဆောင်ရွက်သွားမည့် အခြေအနေများ၊နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှုနှင့် မဟာဗျူဟာမြောက် မိတ်ဖက်ပူးပေါင်းဆောင်ရွက်မှုများကို မြှင့်တင်ဆောင်ရွက်သွားနိုင်မည့်အခြေအနေများနှင့်ပတ်သက်၍ ခင်မင်ရင်းနှီးစွာ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်သမ္မတနှင့်ထိုင်းနိုင်ငံဝန်ကြီးချုပ်တို့သည် ရင်းရင်းနှီးနှီးနှုတ်ဆက်ခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

PPIB News

# ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် ၂၀၂၆ ခုနှစ် တိုင်းမှူးဒိုင်း ဘော်လီဘောပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုပေးပွဲကျင်းပ

**နေပြည်တော် ဩဂုတ် ၆**

ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် ၂၀၂၆ ခုနှစ် တိုင်းမှူးဒိုင်း ဘော်လီဘောပြိုင်ပွဲ အမျိုးသား၊ အမျိုးသမီး ဗိုလ်လုပွဲနှင့် ဆုပေးပွဲကို ယနေ့မွန်းလွဲပိုင်းတွင် တိုင်းစစ်ဌာနချုပ်ရှိ တိုင်းရန်အောင်ခန်းမ၌ ပြုလုပ်ရာ တိုင်းမှူး ဗိုလ်ချုပ်ကျော်ကျော်ဟန်နှင့် အဖွဲ့ဝင်များ၊ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ ဒိုင်အဖွဲ့ဝင်များ၊ ပြိုင်ပွဲဝင် အားကစားသမားများနှင့် အားကစားဝါသနာရှင်များ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးနှင့် တက်ရောက်လာကြသူများက ဗိုလ်လုပွဲ ပွဲစဉ်များ ယှဉ်ပြိုင်ကစားမှုများကို ကြည့်ရှုအားပေးကြသည်။

ထို့နောက် ဆုပေးပွဲကို ဆက်လက်ပြုလုပ်ရာ ဒိုင်အဖွဲ့ဝင်များ၊ တစ်ဦးချင်းအကောင်းဆုံးအားကစားသမားဆုရရှိကြသူများ၊ အသင်းလိုက် ပထမ၊ ဒုတိယ၊ တတိယဆုရရှိကြသော အသင်းများနှင့် ဒိုင်းဆုရရှိသော အသင်းတို့ကို တိုင်းမှူးနှင့် တာဝန်ရှိသူများက ဒိုင်းဆု၊ တစ်ဦးချင်း ဂုဏ်ပြုဆုတံဆိပ်နှင့် ဂုဏ်ပြုဆုငွေများ အသီးသီးပေးအပ်ချီးမြှင့်ကြသည်။

အဆိုပါ တိုင်းမှူးဒိုင်း ဘော်လီဘောပြိုင်ပွဲကို တိုင်းစစ်ဌာနချုပ်ကွပ်ကဲမှုအောက် တပ်နယ်တပ်ရင်း၊ တပ်ဖွဲ့များမှ ပြိုင်ပွဲဝင်အမျိုးသား၊ အမျိုးသမီးအသင်း ရှစ်သင်းစီဖြင့် ဇူလိုင် ၂၇ ရက်မှ ယနေ့ထိ ယှဉ်ပြိုင်ကစားခဲ့ကြောင်း သတင်းရရှိသည်။ (၅၀၁)

ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကျော်ကျော်ဟန် ဒိုင်းဆုရရှိသည့်အသင်းကို ဒိုင်းဆုပေးအပ်ချီးမြှင့်စဉ်။



# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်နှင့် ထိုင်းနိုင်ငံတို့ကြား နှစ်နိုင်ငံတွေ့ဆုံဆွေးနွေးပွဲကျင်းပ နားလည်မှုစာချွန်လွှာများနှင့် သဘောတူစာချုပ်များ အပြန်အလှန်လက်မှတ်ရေးထိုးလဲလှယ်

မိမိတို့နှစ်ဦး၏ ယခုတွေ့ဆုံမှုမှတစ်ဆင့် နှစ်နိုင်ငံကြားရှိရင်းစွဲကောင်းမွန်သည့် ကဏ္ဍစုံပူးပေါင်းဆောင်ရွက်မှုများကို ပိုမိုမြှင့်တင်နိုင်ရေး ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးနိုင်မည်ဟုယုံကြည်၊ မြန်မာနိုင်ငံ၏ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကို ထိုင်းနိုင်ငံက ပံ့ပိုးကူညီလိုကြောင်း ကြားသိရသည့်အတွက်လည်း ကြိုဆိုအသိအမှတ်ပြု. . .


ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်


ထိုင်းနိုင်ငံသည် မြန်မာနိုင်ငံအတွက် အမြဲတမ်းယုံကြည်ရသည့် မိတ်ဆွေနိုင်ငံဖြစ်၊ နယ်စပ်ဆိုင်ရာများနှင့်ပတ်သက်၍ နှစ်နိုင်ငံနှင့် နှစ်နိုင်ငံပြည်သူများ၏ အကျိုးစီးပွားကို ရှေးရှု၍ဆောင်ရွက်သွားမည်ဖြစ်၊ ထိုင်းနိုင်ငံအနေဖြင့် မြန်မာနိုင်ငံအပေါ် ဖွံ့ဖြိုးရေးမိတ်ဖက်နိုင်ငံအဖြစ် ဆက်လက်ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်. . .

ထိုင်းနိုင်ငံဝန်ကြီးချုပ် မစ္စတာ အနုထင် ချာဝီရကွန်



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်နှင့် ထိုင်းနိုင်ငံတို့ကြား နှစ်နိုင်ငံ တွေ့ဆုံဆွေးနွေးပွဲကျင်းပစဉ်။





ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့် ထိုင်းနိုင်ငံဝန်ကြီးချုပ် မစ္စတာ အနုထင် ချာဝီရကွန်တို့ ရှေ့မှောက်၌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်နှင့် ထိုင်းနိုင်ငံတို့ကြား နားလည်မှုစာချွန်လွှာများနှင့် သဘောတူစာချုပ်များကို နှစ်နိုင်ငံမှတာဝန်ရှိသူများက အပြန်အလှန်လဲလှယ်ကြစဉ်။

**နေပြည်တော် ဩဂုတ် ၆**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်နှင့် ထိုင်းနိုင်ငံတို့ကြား နှစ်နိုင်ငံတွေ့ဆုံဆွေးနွေးပွဲကို ဗန်ကောက်မြို့ရှိ အစိုးရအိမ်တော် Pakdi Bodin Building ၌ ကျင်းပသည်။

အဆိုပါ တွေ့ဆုံဆွေးနွေးပွဲသို့ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်၊ ထိုင်းနိုင်ငံဝန်ကြီးချုပ် မစ္စတာအနုထင် ချာဝီရကွန်တို့နှင့်အတူ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးခင်မောင်ရီ၊ ဦးတင်မောင်ဆွေ၊ ဦးကိုကိုလွင်၊ ဦးခင်မောင်စိုး၊ ဦးထွန်းအုံ၊ ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦး၊တနင်္သာရီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဇော်နိုင်ဦး၊ ခရီးစဉ်တွင်လိုက်ပါလာကြသည့် ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး ဦးဇော်ဇော်စိုး၊ မြန်မာစစ်သံ(ကြည်း၊ ရေ၊ လေ) ဗိုလ်မှူးချုပ်ဝင်းသူလင်းနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး ထိုင်းနိုင်ငံအစိုးရအဖွဲ့မှ အဆင့်မြင့်အရာရှိကြီးများနှင့် တာဝန်ရှိသူများတက်ရောက်ကြသည်။

ထိုသို့တွေ့ဆုံဆွေးနွေးစဉ် ထိုင်းနိုင်ငံဝန်ကြီးချုပ်က ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ဦးဆောင်သည့် မြန်မာနိုင်ငံမှ အဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့ဝင်များကို လှိုက်လှဲနွေးထွေးစွာဖြင့်ကြိုဆိုပါကြောင်း၊ မိမိတို့နှစ်နိုင်ငံသည် အိမ်နီးချင်းကောင်း၊ မိတ်ဆွေကောင်းနိုင်ငံများဖြစ်ကြပြီး ထိုင်းနိုင်ငံသည် မြန်မာနိုင်ငံအတွက် ယုံကြည်စိတ်ချရသည့်နိုင်ငံဖြစ်ပါကြောင်း၊ နှစ်နိုင်ငံကြား ရှည်လျားသည့်နယ်နိမိတ်ထိစပ်နေမှုနှင့်အတူ ငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးတို့သည်လည်း အပြန်အလှန် ဆက်စပ်လျက်ရှိနေပါကြောင်း၊ အာဆီယံအဖွဲ့အတွင်း မြန်မာနိုင်ငံအနေဖြင့် မူလအခြေအနေကဲ့သို့ ပြန်လည်ပါဝင်နိုင်ရေးအတွက်ကိုလည်း ထိုင်းနိုင်ငံမှ လိုလားပါကြောင်း၊ မိမိတို့နှစ်နိုင်ငံကြား အပြန်အလှန် ပူးပေါင်းဆောင်ရွက်မှုများကို ဆက်လက်ဆောင်ရွက်သွားနိုင်မည့် အခွင့်အလမ်းကောင်းများစွာလည်း ရှိနေသည်ဖြစ်သည့်အတွက် ယနေ့ဆွေးနွေးပွဲသည် နှစ်နိုင်ငံအတွက် အကျိုးရှိသည့် ဆွေးနွေးပွဲဖြစ်ပါကြောင်း၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတကြီးအနေဖြင့် နှစ်နိုင်ငံအကျိုးစီးပွားအတွက် ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးပေးနိုင်ပါရန် ဖိတ်ခေါ်အပ်ပါကြောင်း ဦးစွာနှုတ်ခွန်းဆက်စကား ပြောကြားသည်။

ထို့နောက် နိုင်ငံတော်သမ္မတက မြန်မာနိုင်ငံနှင့် ထိုင်းနိုင်ငံတို့သည် ရှေးယခင် နှစ်ပေါင်းများစွာကတည်းက ဆက်နွှယ်ရင်းနှီးမှုများရှိသည့် နိုင်ငံများဖြစ်ကြပြီး ခွဲခွာ၍မရသည့် အိမ်နီးချင်းနိုင်ငံများဖြစ်သကဲ့သို့ နှစ်ဖက်ပြည်သူများကြား ဆက်နွှယ်မှု၊ ဆက်ဆံမှုအလွန်ခိုင်မာသည့် နိုင်ငံများဖြစ်ကြကြောင်း၊ နှစ်နိုင်ငံလုံး၌ ဘာသာရေးဆိုင်ရာတန်ဖိုးထားမှု၊ ဓလေ့ထုံးစံ၊ ယဉ်ကျေးမှု၊ ဓလေ့စရိုက်၊ အစားအသောက်များမှအစ တူညီမှုရှိသည့်အတွက် ပြည်သူများကြား ချစ်ကြည်ရင်းနှီးမှု အမြင့်ဆုံးရှိသည့်နိုင်ငံများဟုဆိုနိုင်ကြောင်း၊ မိမိကို နိုင်ငံတော်သမ္မတအဖြစ် ရွေးကောက်တင်မြှောက်ခြင်းခံရမှုအပေါ် အဆွေတော်ထံမှ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့ခဲ့မှုနှင့် နိုင်ငံတော်သမ္မတအဖြစ် ကတိသစ္စာပြုခြင်းအခမ်းအနားသို့ ထိုင်းနိုင်ငံမှ အထူးကိုယ်စားလှယ် စေလွှတ်တက်ရောက်စေခြင်းတို့အပေါ် လှိုက်လှဲစွာကျေးဇူးတင်ရှိပါကြောင်း၊ မိမိတို့နှစ်ဦး၏ ယခုတွေ့ဆုံမှုမှတစ်ဆင့် နှစ်နိုင်ငံကြား ရှိရင်းစွဲကောင်းမွန်သည့် ကဏ္ဍစုံပူးပေါင်းဆောင်ရွက်မှုများကို ပိုမိုမြှင့်တင်နိုင်ရေး ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးနိုင်မည်ဟု ယုံကြည်ပါကြောင်း။

ယခုအချိန်သည် နှစ်နိုင်ငံလုံးအတွက် အရေးကြီးသည့်အကူးအပြောင်းကာလဟု ဆိုနိုင်ပြီး ထိုင်းနိုင်ငံ၌ ရွေးကောက်ပွဲရလဒ်များမှတစ်ဆင့်

**စာမျက်နှာ ၂၁ သို့**

စာမျက်နှာ ၂၀ မှအဆက်

အစိုးရသစ်တစ်ရပ် ပေါ်ထွက်လာခဲ့သကဲ့သို့ မြန်မာနိုင်ငံတွင်လည်း ရွေးကောက်ခံအစိုးရသစ် ပေါ်ထွက်လာသည့်အချိန်ဖြစ်ကြောင်း၊ **မြန်မာနိုင်ငံအနေဖြင့် ဒီမိုကရေစီလမ်းကြောင်းပေါ်သို့ ပြန်လည်အခြေချပြီး ပိုမိုကောင်းမွန်သည့် အနာဂတ်ဆီကို ဦးတည်လျှောက်လှမ်းနေပြီဖြစ်ကာ မိမိတို့အစိုးရသစ်အနေဖြင့် လက်ရှိတွင် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေး၊ ငြိမ်းချမ်းရေးနှင့် အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေးကို ဦးစားပေးဆောင်ရွက်လျက်ရှိ**ကြောင်း၊ နိုင်ငံတကာဆက်ဆံရေးတွင်လည်း အိမ်နီးချင်းနှင့်ဒေသတွင်း မိတ်ဖက်နိုင်ငံများနှင့် ချစ်ကြည်ရင်းနှီးသည့်ဆက်ဆံရေးကို ထိန်းသိမ်းထားပြီး အာဆီယံနှင့်လည်း ပုံမှန်ဆက်ဆံရေး ပြန်လည်ရရှိရေးကို အလေးထားဆောင်ရွက်သွားမည်ဖြစ်ကြောင်း။

**ငြိမ်းချမ်းရေးနှင့်ပတ်သက်၍ မြန်မာနိုင်ငံသည် ပါတီစုံဒီမိုကရေစီစနစ်ကို လျှောက်လှမ်းသည်မှာ ၁၅ နှစ်တာကာလမျှသာရှိသေးပြီး ဒီမိုကရေစီစနစ်ခိုင်မာစေရေး ငြိမ်းချမ်းရေးသည် မဖြစ်မနေလိုအပ်သည့်အတွက် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကို အဓိကဦးစားပေးဆောင်ရွက်လျက်ရှိ**နေကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင်လည်း တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA) လမ်းကြောင်းအတိုင်း ဆောင်ရွက်သွားမည်ဖြစ်ပြီး နှစ်နိုင်ငံနယ်စပ်ဒေသတည်ငြိမ်အေးချမ်းရေးအတွက် မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကို ထိုင်းနိုင်ငံက ပံ့ပိုးကူညီလိုကြောင်း ကြားသိရသည့်အတွက်လည်း ကြိုဆိုအသိအမှတ်ပြုပါကြောင်း၊ ၂၀၁၅ ခုနှစ် NCA စတင်လက်မှတ်ရေးထိုးစဉ်ကတည်းက ထိုင်းနိုင်ငံက နိုင်ငံတကာအသိသက်သေအဖြစ်ပါဝင်ခဲ့ပြီး NCA နှစ်ပတ်လည်အခမ်းအနားများကိုလည်း ကိုယ်စားလှယ် စေလွှတ်တက်ရောက်စေခဲ့သည့်အတွက် မြန်မာ့ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အပေါ် ထိုင်းနိုင်ငံ၏ အစဉ်တစိုက်ပံ့ပိုးကူညီမှုများကိုကျေးဇူးတင်ရှိပါကြောင်း။

**မြန်မာနိုင်ငံအနေဖြင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုဆီသို့ ဦးတည်လျှောက်လှမ်းလျက်ရှိပြီး ဖြတ်သန်းခဲ့ရသည့် သမိုင်းအဆက်ဆက်၏ အတွေ့အကြုံများအရ မိမိတို့နိုင်ငံနှင့် ကိုက်ညီသည့်ဒေသကို အခြေခံသည့်ဖက်ဒရယ်စနစ်ကို ကျင့်သုံးသွားမည်ဖြစ်**ကြောင်း၊ မိမိတို့အစိုးရအနေဖြင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနှင့် အကြမ်းဖက်အဖွဲ့များကို နိုင်ငံရေးပြဿနာကို နိုင်ငံရေးနည်းဖြင့် ငြိမ်းချမ်းစွာဖြေရှင်းရန် အကြိမ်ကြိမ်ဖိတ်ခေါ်ထားပြီးဖြစ်ပြီး NCA လက်မှတ်ရေးထိုးထားသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များသာမက လက်မှတ်ရေးထိုးထားခြင်းမရှိသေးသည့်အဖွဲ့များနှင့်လည်း ငြိမ်းချမ်းရေးဆွေးနွေးမှုများ ဆောင်ရွက်လျက်ရှိကြောင်း။

မိမိတို့နှစ်နိုင်ငံအနေဖြင့် အစိုးရချင်းဆက်ဆံရေး၊ တပ်မတော်အချင်းချင်းဆက်ဆံရေး၊ ပြည်သူအချင်းချင်းနှင့် အဖွဲ့အစည်းများကြား ဆက်ဆံရေးတို့တွင် ကဏ္ဍပေါင်းစုံ၌ ခိုင်မာအားကောင်းလျက်ရှိပြီး မဟာဗျူဟာမြောက်မိတ်ဖက်ဆက်ဆံရေး (Natural Strategic Partnership) အဆင့်ရှိသည့် နိုင်ငံများလည်းဖြစ်ကြောင်း၊ မိမိတို့နှစ်နိုင်ငံကြား သံတမန်ဆက်ဆံရေးကို ၁၉၄၈ ခုနှစ်တွင် စတင်ထူထောင်ခဲ့ခြင်းဖြစ်သဖြင့် ၂၀၂၈ ခုနှစ်တွင် သံတမန်ဆက်ဆံရေးထူထောင်မှု နှစ် ၈၀ ပြည့်မြောက်မည်ဖြစ်ကြောင်း၊ **နှစ်နိုင်ငံကြား ချစ်ကြည်ရင်းနှီးမှု၊ နိုင်ငံရေးနှင့် လုံခြုံရေးဆိုင်ရာပူးပေါင်းဆောင်ရွက်မှုများမှတစ်ဆင့် နှစ်နိုင်ငံပြည်သူများအကျိုးအတွက် ပိုမိုနီးကပ်သည့် မိတ်ဖက်ဆက်ဆံရေးကို ဆက်လက်ခိုင်မာအားကောင်းလာအောင် ဆောင်ရွက်သွားနိုင်လိမ့်မည်ဟု** ယုံကြည်ပါကြောင်း၊ ယနေ့တွေ့ဆုံမှုမှ ရလဒ်ကောင်းများကို လက်တွေ့ကျကျ အကောင်ထည်ဖော်ဆောင်ရွက်သွားနိုင်မည်ဟု ယုံကြည်ပါကြောင်းနှင့် နောင်အနာဂတ်တွင်လည်း လက်ရှိပူးပေါင်းဆောင်ရွက်မှုနှင့်ချစ်ကြည်ရင်းနှီးမှုအရှိန်အဟုန်များကို ပိုမိုခိုင်မာအောင် ဆောင်ရွက်သွားနိုင်မည်ဟု ယုံကြည်ပါကြောင်း ပြောကြားသည်။

ယင်းနောက် ထိုင်းနိုင်ငံဝန်ကြီးချုပ်က **ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတကြီးအနေဖြင့် ယခုကဲ့သို့ နှစ်နိုင်ငံဆက်ဆံရေးနှင့် အကျိုးစီးပွားအတွက် ရင်းနှီးပွင့်လင်းစွာဆွေးနွေးပြောကြားပေးမှုများအတွက် ကျေးဇူးတင်ရှိပါကြောင်းနှင့် ထိုင်းနိုင်ငံသည် မြန်မာနိုင်ငံအတွက် အမြဲတမ်းယုံကြည်ရသည့် မိတ်ဆွေနိုင်ငံဖြစ်**ပါကြောင်း၊ ထိုင်းနိုင်ငံအနေဖြင့် နယ်စပ်ဆိုင်ရာများနှင့်ပတ်သက်၍ နှစ်နိုင်ငံနှင့် နှစ်နိုင်ငံပြည်သူများ၏ အကျိုးစီးပွားကို ရှေးရှု၍ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများနှင့်ပတ်သက်၍ ထိုင်းနိုင်ငံအနေဖြင့် မြန်မာနိုင်ငံအပေါ် ဖွံ့ဖြိုးရေးမိတ်ဖက်နိုင်ငံအဖြစ် ဆက်လက်ပူးပေါင်းဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း၊ နှစ်နိုင်ငံကြားကဏ္ဍစုံတွင် ပူးပေါင်းဆောင်ရွက်မှုများကို ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်သွားခြင်းအားဖြင့် နှစ်နိုင်ငံပြည်သူများ၏ အကျိုးစီးပွားကို ဖော်ဆောင်နိုင်မည်ဟု ယုံကြည်ပါကြောင်း ပြန်လည်ပြောကြားသည်။

ဆက်လက်၍ နိုင်ငံတော်သမ္မတနှင့် ထိုင်းနိုင်ငံဝန်ကြီးချုပ်တို့သည် နှစ်နိုင်ငံလွှတ်တော်များကြား အပြန်အလှန် လေ့လာရေးခရီးစဉ်များ စေလွှတ်၍ ပူးပေါင်းဆောင်ရွက်မှုများတိုးမြှင့်ဆောင်ရွက်နိုင်မည့်အခြေအနေ၊ ကာကွယ်ရေးကဏ္ဍတွင် နှစ်နိုင်ငံကြား မဟာဗျူဟာအဆင့် လုံခြုံရေးဆိုင်ရာပူးပေါင်းဆောင်ရွက်မှုများ ပိုမိုခိုင်မာစေရေးတိုးမြှင့်ဆောင်ရွက်သွားနိုင်မည့် အခြေအနေ၊ နယ်စပ်ဒေသလုံခြုံရေး၊ မူးယစ်ဆေးဝါးရောင်းဝယ်မှု၊ အွန်လိုင်းလိမ်လည်မှု၊ လူကုန်ကူးမှု၊ တရားမဝင်ကုန်သွယ်မှုတို့အပါအဝင် နိုင်ငံဖြတ်ကျော်မှုခင်းတိုက်ဖျက်ရေးတို့၌ ပူးပေါင်းဆောင်ရွက်သွားမည့်အခြေအနေ၊ စီးပွားရေးကဏ္ဍ၊ ကုန်သွယ်ရေးကဏ္ဍ၊ လေကြောင်းပို့ဆောင်ရေးကဏ္ဍ၊ ခရီးသွားလုပ်ငန်းကဏ္ဍ၊ စွမ်းအင်ကဏ္ဍ၊ ယဉ်ကျေးမှုဆိုင်ရာနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးကဏ္ဍတို့၌ ပူးပေါင်းဆောင်ရွက်မှုများကို တိုးမြှင့်ဆောင်ရွက်သွားနိုင်မည့် အခြေအနေ၊ နှစ်နိုင်ငံကြား ရွှေ့ပြောင်းအလုပ်သမားရေးရာကိစ္စရပ်များတွင် ပိုမိုနီးကပ်စွာ ပူးပေါင်းဆောင်ရွက်သွားနိုင်မည့် အခြေအနေများနှင့်ပတ်သက်၍ ခင်မင်ရင်းနှီးစွာ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။

### နားလည်မှုစာချွန်လွှာများနှင့် သဘောတူစာချုပ်များ အပြန်အလှန်လဲလှယ်

တွေ့ဆုံပွဲအပြီးတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်နှင့် ထိုင်းနိုင်ငံတို့ကြား နားလည်မှုစာချွန်လွှာနှင့်သဘောတူစာချုပ်လဲလှယ်ခြင်း အခမ်းအနားကို ဆက်လက်ကျင်းပခဲ့ပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်နှင့် ထိုင်းနိုင်ငံတို့ကြား အလုပ်သမားရေးရာ ပူးပေါင်းဆောင်ရွက်မှု နားလည်မှုစာချွန်လွှာ၊ လုပ်သားများခန့်ထားရေးဆိုင်ရာ သဘောတူညီချက်၊ အာကာသနည်းပညာဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးနားလည်မှုစာချွန်လွှာ၊ နယ်နိမိတ်နှင့် နယ်စပ်ဖြတ်ကျော်မြစ်များ၏ ရေအရည်အသွေးစီမံခန့်ခွဲမှုဆိုင်ရာ ပူးတွဲလုပ်ငန်းအဖွဲ့၏ လုပ်ငန်းလမ်းညွှန်များစသည့် သဘောတူစာချုပ်နှင့် နားလည်မှုစာချွန်လွှာ လေးခုတို့ကို နှစ်နိုင်ငံမှ သက်ဆိုင်ရာကဏ္ဍအလိုက် တာဝန်ရှိသူများက ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့် ထိုင်းနိုင်ငံဝန်ကြီးချုပ် မစ္စတာ အနုထင်ချာဝီရကွန်တို့၏ ရှေ့မှောက်၌ လဲလှယ်ကြသည်။

လက်မှတ်ရေးထိုးပွဲအပြီးတွင် နှစ်နိုင်ငံအကြီးအကဲနှစ်ဦးတို့သည် တက်ရောက်လာကြသည့် နှစ်နိုင်ငံမှ တာဝန်ရှိသူများကို ရင်းရင်းနှီးနှီးနှုတ်ဆက်ခဲ့ကြသည်။

ထို့နောက် နိုင်ငံတော်သမ္မတသည် အစိုးရအိမ်တော်မှ ပြန်လည်ထွက်ခွာရာ ထိုင်းနိုင်ငံဝန်ကြီးချုပ်က နိုင်ငံတော်သမ္မတလိုက်ပါစီးနင်းမည့် အထူးယာဉ်တန်းနေရာထိ ရင်းရင်းနှီးနှီးလိုက်ပါနှုတ်ဆက်ခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

PPIB News

# တီးတိန်မြို့အတွင်း အကြမ်းဖက်ဖြစ်စဉ်များကြောင့် တစ်စိတ်တစ်ပိုင်းပျက်စီးခဲ့ရသည့် ဝန်ထမ်းအိမ်ရာကို ပြန်လည်ပြုပြင်တည်ဆောက်လျက်ရှိ



**တီးတိန် ဩဂုတ် ၆**

တီးတိန်မြို့အတွင်း အကြမ်းဖက်ဖြစ်စဉ်များကြောင့် တစ်စိတ်တစ်ပိုင်း ပျက်စီးခဲ့ရသည့် သမဝါယမဦးစီးဌာနပိုင် နှစ်ခန်းတွဲ RC တစ်ထပ် ဝန်ထမ်းအိမ်ရာကို အမျိုးသား သဘာဝဘေးစီမံခန့်ခွဲရေး ကော်မတီ၏ ရန်ပုံငွေအထောက်အပံ့ဖြင့် ပြန်လည်ပြုပြင် တည်ဆောက်လျက်ရှိကြောင်း သိရသည်။

ထိုသို့ ပြုပြင်တည်ဆောက်နေမှုကို နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်ကျော်စွာဦးသည် တာဝန်ရှိသူများနှင့်အတူ ကြည့်ရှုစစ်ဆေးပြီး တည်ဆောက်ရေးစံနှုန်းသတ်မှတ်ချက်များနှင့် ကိုက်ညီမှုရှိစေရေး မှာကြားသည်။

ထို့ပြင် စကောလမ်းရပ်ကွက် မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ဌာနဆိုင်ရာဝန်ထမ်းများကို စားသောက်ကုန်နှင့် လူသုံးကုန်ပစ္စည်းများ ထောက်ပံ့ပေးအပ်ပွဲသို့ တက်ရောက်ပြီး တည်ငြိမ်အေးချမ်းမှုရှိမှသာ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ တီးတိန်မြို့ရှိ မြို့မိမြို့ဖများ၊ ဌာနဆိုင်ရာများနှင့် ဒေသခံပြည်သူများသည် တည်ငြိမ်အေးချမ်းရေးကို ဘုံရည်မှန်းချက်အဖြစ်ထားရှိ၍ အတူတကွပူးပေါင်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း ပြောကြား၍ တီးတိန်မြို့နယ်အတွင်း တာဝန်ထမ်းဆောင်လျက်ရှိသော နိုင်ငံ့ဝန်ထမ်းများကို စားသောက်ကုန်နှင့် လူသုံးကုန်ပစ္စည်းများ ထောက်ပံ့ပေးအပ်သည်။

ဆက်လက်၍ ရှောင်စောန်းစံပြကျေးရွာသို့သွားရောက်၍ တာဝန်ရှိသူများကို ကျေးရွာအတွက် ထောက်ပံ့ငွေများ ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

# အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးဒိုင်း ပိုက်ကျော်ခြင်းပြိုင်ပွဲ ဖွင့်ပွဲကျင်းပ

**နေပြည်တော် ဩဂုတ် ၆**

အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် ၂၀၂၆ ခုနှစ် တိုင်းမှူးဒိုင်း ပိုက်ကျော်ခြင်းပြိုင်ပွဲ ဖွင့်ပွဲကို ယနေ့ညနေပိုင်းတွင် တိုင်းစစ်ဌာနချုပ်ရှိ အားကစားခန်းမ၌ ပြုလုပ်ရာ တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်နိုင်ဦးနှင့် အဖွဲ့ဝင်များ၊ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ ပြိုင်ပွဲဝင်အားကစားသမားများ၊ အားကစားဝါသနာရှင်များ၊ ဒိုင်အဖွဲ့ဝင်များနှင့်ဖိတ်ကြားထားသူများတက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးက အဖွင့်အမှာစကားပြောကြားသည်။ ထို့နောက် တိုင်းမှူးနှင့် တက်ရောက်လာကြသူများက ပထမနေ့ပွဲစဉ်များ ယှဉ်ပြိုင်နေမှုများကို ကြည့်ရှုအားပေးကြသည်။

အဆိုပါ တိုင်းမှူးဒိုင်း ပိုက်ကျော်ခြင်းပြိုင်ပွဲကို တိုင်းစစ်ဌာနချုပ်ကွပ်ကဲမှုအောက် တပ်နယ်များမှပြိုင်ပွဲဝင်အသင်း ၁၁ သင်းဖြင့် ဩဂုတ် ၁၁ ရက်ထိ ယှဉ်ပြိုင်ကစားသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(၅၀၁)



အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးဒိုင်း ပိုက်ကျော်ခြင်းပြိုင်ပွဲ ပထမနေ့ပွဲစဉ်များ ယှဉ်ပြိုင်နေမှုကို တွေ့ရစဉ်။

# ထိုင်းနိုင်ငံ၌ တရားဝင်ခရီးစဉ် (Official Visit)ရောက်ရှိနေသည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်အား ထိုင်းနိုင်ငံဝန်ကြီးချုပ် မစ္စတာ အနုထင်ချာဝီရကွန်က ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံ

**နေပြည်တော် ဩဂုတ် ၆**

ထိုင်းနိုင်ငံဝန်ကြီးချုပ် မစ္စတာအနုထင်ချာဝီရကွန်၏ ဖိတ်ကြားချက်အရ ထိုင်းနိုင်ငံ၌ တရားဝင်ခရီးစဉ်(Official Visit) ရောက်ရှိနေသည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်အား ယနေ့ညပိုင်းတွင် ထိုင်းနိုင်ငံဝန်ကြီးချုပ်က ဗန်ကောက်မြို့ရှိ အစိုးရအိမ်တော်၌ ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။


အဆိုပါဂုဏ်ပြုညစာစားပွဲသို့ နိုင်ငံတော်သမ္မတနှင့်အတူ ခရီးစဉ်တွင်လိုက်ပါလာသည့် အဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့ဝင်များ၊ မြန်မာနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံသံအမတ်ကြီး၊ မြန်မာစစ်သံ(ကြည်း၊ ရေ၊ လေ)နှင့်တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံအစိုးရအဖွဲ့မှ အဆင့်မြင့်အရာရှိကြီးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်သမ္မတသည် ညစာစားပွဲကျင်းပမည့်နေရာသို့ ရောက်ရှိလာရာ ထိုင်းနိုင်ငံဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက လှိုက်လှဲနွေးထွေးစွာ ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် ဂုဏ်ပြုညစာစားပွဲအခမ်းအနားကိုစတင်ကျင်းပရာ ထိုင်းနိုင်ငံဝန်ကြီးချုပ်နှင့် နိုင်ငံတော်သမ္မတတို့သည် နှုတ်ခွန်းဆက်စကားများ ပြောကြားကြပြီး ဂုဏ်ပြုညစာကို အတူတကွ သုံးဆောင်ကြသည်။

ဂုဏ်ပြုညစာသုံးဆောင်နေစဉ်အတွင်း ထိုင်းနိုင်ငံယဉ်ကျေးမှုအဖွဲ့များက နှစ်နိုင်ငံတေးသီချင်းများ၊ အကအလှများဖြင့် ဂုဏ်ပြုဖျော်ဖြေတင်ဆက်ကြသည်။

ဂုဏ်ပြုညစာ သုံးဆောင်အပြီးတွင် နိုင်ငံတော်သမ္မတနှင့် ထိုင်းနိုင်ငံဝန်ကြီးချုပ်တို့သည် ဂုဏ်ပြုဖျော်ဖြေတင်ဆက်ခဲ့ကြသည့် ထိုင်းနိုင်ငံယဉ်ကျေးမှုအဖွဲ့များကို ဂုဏ်ပြုပန်းစည်းပေးအပ်ခဲ့ပြီး ရင်းရင်းနှီးနှီးနှုတ်ဆက်ခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ဂုဏ်ပြုညစာစားပွဲတွင် နှုတ်ခွန်းဆက်စကားပြောကြားစဉ်။





ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့် ထိုင်းနိုင်ငံဝန်ကြီးချုပ် မစ္စတာအနုထင်ချာဝီရကွန်တို့ ထိုင်းနိုင်ငံယဉ်ကျေးမှုအဖွဲ့များက ဂုဏ်ပြုဖျော်ဖြေတင်ဆက်နေမှုကို ကြည့်ရှုအားပေးစဉ်။

# လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလွင် ထိုင်းနိုင်ငံ စွမ်းအင်ဝန်ကြီးနှင့်တွေ့ဆုံ၍ နှစ်နိုင်ငံ လျှပ်စစ်နှင့် စွမ်းအင်ကဏ္ဍပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်နိုင်ရေး ဆွေးနွေး

**နေပြည်တော် ဩဂုတ် ၆**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့်အတူ ထိုင်းနိုင်ငံခရီးစဉ်တွင် လိုက်ပါလာသည့် လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလွင်သည် ယနေ့မွန်းလွဲပိုင်းတွင် ထိုင်းနိုင်ငံ စွမ်းအင်ဝန်ကြီး Mr. Akanat Promphan ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ဝင်များနှင့် ခေတ္တတည်းခိုသည့် ဟိုတယ်ဧည့်ခန်းမဆောင်၌ တွေ့ဆုံဆွေးနွေးသည်။

အဆိုပါတွေ့ဆုံပွဲသို့ ပြည်ထောင်စုဝန်ကြီးနှင့်အတူ ထိုင်းနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံ သံအမတ်ကြီး ဦးဇော်ဇော်စိုး တက်ရောက်ပြီး ထိုင်းနိုင်ငံစွမ်းအင်ဝန်ကြီးနှင့်အတူ တာဝန်ရှိသူများ တက်ရောက်ကြသည်။

တွေ့ဆုံဆွေးနွေးရာတွင် နှစ်နိုင်ငံအကြား လျှပ်စစ်နှင့် စွမ်းအင်ကဏ္ဍပူးပေါင်းဆောင်ရွက်ရန်အတွက် နားလည်မှုစာချွန်လွှာ မကြာခင်ရေးထိုးသွားနိုင်မည့်အခြေအနေများ၊ မြန်မာနိုင်ငံ၏အားကောင်းသောသဘာဝဓာတ်ငွေ့စီမံကိန်းများတွင် ထိုင်းနိုင်ငံမှ ကုမ္ပဏီများ ရင်းနှီးမြှုပ်နှံမှုများ တိုးမြှင့်ဆောင်ရွက်သွားနိုင်မည့်အခြေအနေများ၊ မြန်မာနိုင်ငံ၏ လျှပ်စစ်ဓာတ်အား ထုတ်လုပ်မှုကွန်ရက်စနစ် ပိုမိုကြံ့ခိုင်ကောင်းမွန်စေရေးနှင့် တိုးချဲ့တည်ဆောက်ရေးဆိုင်ရာကိစ္စရပ်များနှင့် ပတ်သက်၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲအပြီးတွင် ပြည်ထောင်စုဝန်ကြီးသည် ထိုင်းနိုင်ငံ စွမ်းအင်ဝန်ကြီးနှင့်အဖွဲ့ဝင်များကို ရင်းရင်းနှီးနှီးနှုတ်ဆက်ခဲ့ပြီး မြန်မာနိုင်ငံတွင် လျှပ်စစ်နှင့် စွမ်းအင်ကဏ္ဍ၌ ရင်းနှီးမြှုပ်နှံနိုင်မည့် အခွင့်အလမ်းများ ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**



## အကြမ်းဖက်မှု ပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟုသုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များလုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်၊ ခဲယမ်းကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

# ကလောစာတိုက်(ဟောင်း)၊ ကလောရေကူးကန်နှင့် နားနေစခန်း(ကလောကလပ်)တို့ကို ရှေးဟောင်းအမွေအနှစ်အဆောက်အအုံများအဖြစ် ကြေငြာကမ္ပည်းမော်ကွန်း တပ်ဆင်



ကလော ဩဂုတ် ၆

ကလောမြို့သည် ခရီးသွားဧည့်သည်များ လာရောက်လေ့လာလည်ပတ်လေ့ရှိသည့် ခရီးစဉ်ဒေသတစ်ခုဖြစ်ရာ ကလောမြို့ရှိ ရှေးဟောင်းအဆောက်အအုံများဖြစ်သည့် ကလောစာတိုက်(ဟောင်း)၊ ကလောရေကူးကန်နှင့် နားနေစခန်း (ကလောကလပ်)တို့ကို ရှေးဟောင်းအမွေအနှစ် အဆောက်အအုံများအဖြစ် သတ်မှတ်ခဲ့ပြီး ယနေ့တွင် ကြေငြာကမ္ပည်းမော်ကွန်း တပ်ဆင်ခဲ့ကြောင်း သိရသည်။

အဆိုပါ ကြေငြာကမ္ပည်းမော်ကွန်း တပ်ဆင်ပွဲများတွင် ဟိုတယ်၊ ခရီးသွားလာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မြင့်က ရှေးဟောင်းယဉ်ကျေးမှု အမွေအနှစ်များသည် ခရီးသွားဧည့်သည်များကို ဆွဲဆောင်နိုင်ပြီး နိုင်ငံ၏ဂုဏ်သိက္ခာကို မြှင့်တင်ပေးနိုင်သည့်အတွက် ရေရှည်တည်တံ့အောင် ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်ကြရန် လိုအပ်ကြောင်း ပြောကြားပြီး ရှမ်းပြည်နယ်အစိုးရအဖွဲ့ တာဝန်ရှိသူများ၊ ညွှန်ကြားရေးမှူးချုပ်များနှင့်အတူ အမွေးနံ့သာရည်များပက်ဖျန်း၍ ကမ္ပည်းမော်ကွန်းကို ဖွင့်လှစ်ပေးသည်။

ယဉ်ကျေးမှု၊ သမိုင်း၊ ဗိသုကာနှင့် အနုပညာလက်ရာ တန်ဖိုးမြင့်မားပြီး နိုင်ငံတော်က ထိန်းသိမ်းစောင့်ရှောက်သင့်သည့် နှစ် ၁၀၀ နှင့် အထက်သက်တမ်းရှိ ရှေးဟောင်းအဆောက်အအုံပေါင်း ၆၁၀၅ လုံးကို ဥပဒေ၊ နည်းဥပဒေအရ သတ်မှတ်ကာကွယ်ထိန်းသိမ်း စောင့်ရှောက်လျက်ရှိရာ ရှမ်းပြည်နယ်တွင် ရှေးဟောင်းအဆောက်အအုံ ၂၃ လုံးအနက် ကြေငြာကမ္ပည်းမော်ကွန်းကပ်ထားပြီး ခုနစ်ခု၊ ယနေ့ နှစ်ခုအပါအဝင် စုစုပေါင်း ကိုးခုရှိပြီဖြစ်သည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် နှစ်ပေါင်း ၁၀၀ ကျော်သက်တမ်းရှိသော ရှေးဟောင်းအဆောက်အအုံစာရင်းဝင် ကြေငြာကမ္ပည်းမော်ကွန်း တပ်ဆင်ထားသည့် အဆောက်အအုံများနှင့် ၁၉၁၅ ခုနှစ်က စတင်တည်ဆောက်ဖွင့်လှစ်ခဲ့ပြီး နှစ်ပေါင်း ၁၁၁နှစ် သက်တမ်းရှိ ကြေငြာကမ္ပည်းမော်ကွန်း တပ်ဆင်ထားသည့် ကလောဘူတာကို ကြည့်ရှုစစ်ဆေးပြီး ရေရှည်တည်တံ့ခိုင်မြဲအောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊ ကလောမြို့သို့ ပြည်တွင်း၊ပြည်ပခရီးသွားများ မီးရထားဖြင့် အဆင်ပြေချောမွေ့စွာ သွားလာနိုင်ရေးတို့ကို မှာကြားသည်။

ထို့ပြင် ကလောမြို့ရှိ နိုင်ငံပိုင် Kalaw Heritage Hotel ကို ကြည့်ရှုစစ်ဆေးပြီး ဒေသထွက် လက်မှုအနုပညာပစ္စည်းများ ခင်းကျင်းထားရှိ၍ ဒေသထွက်ရိုးရာအစားအစာများကို အဆင့်အတန်းမီစွာ ချက်ပြုတ်ပြင်ဆင်ရေး၊ ဟိုတယ်ရှိ ရှေးဟောင်းအမွေအနှစ်များ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ပြီး အဆင့်အတန်းမီ ဟိုတယ်ဖြစ်စေရန် ကြိုးစားဆောင်ရွက်ရေးတို့ကို မှာကြားပြီး သဘာဝအခြေခံ စွန့်စားအပန်းဖြေခရီးသွားလုပ်ငန်း ဖော်ဆောင်လျက်ရှိသည့် Kalawe Adventure Park နှင့် မောမြေဦးပန်းခြံ အဆင့်မြှင့်တင်ဆောင်ရွက်နေမှုတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

# ရန်ကုန်မြို့ Lotte Hotel ၌ ပဉ္စမအကြိမ်မြောက် ရန်ကုန်အပြည်ပြည်ဆိုင်ရာ ကျောက်မျက်နှင့် လက်ဝတ်ရတနာအချောထည်အရောင်းပြပွဲ ၂၀၂၆ ဖွင့်ပွဲ ကျင်းပ

ရန်ကုန် ဩဂုတ် ၆

ရန်ကုန်တိုင်းဒေသကြီး ကျောက်မျက်ရတနာ လုပ်ငန်းရှင်များအသင်းက ကြီးမှူးကျင်းပသည့် ပဉ္စမအကြိမ် ရန်ကုန်အပြည်ပြည်ဆိုင်ရာ ကျောက်မျက်နှင့် လက်ဝတ်ရတနာအချောထည် အရောင်းပြပွဲ ၂၀၂၆ ဖွင့်ပွဲ အခမ်းအနားကို ယနေ့ နံနက်ပိုင်းက ရန်ကုန်မြို့ Lotte Hotel ၌ ကျင်းပသည်။

ပဉ္စမအကြိမ် ရန်ကုန်အပြည်ပြည်ဆိုင်ရာ ကျောက်မျက်နှင့် လက်ဝတ်ရတနာအချောထည်အရောင်းပြပွဲ ၂၀၂၆ ဖွင့်ပွဲကို ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးအောင်နိုင်သူနှင့် တာဝန်ရှိသူများက ဖဲကြိုးဖြတ်၍ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးအောင်နိုင်သူက မင်္ဂလာအောင်မောင်းတီးခတ်ကာ ဖွင့်လှစ်ပေးပြီး အဖွင့်အမှာစကား ပြောကြားသည်။

ဖွင့်ပွဲအခမ်းအနားတွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန မြန်မာကုန်သွယ်မှု မြှင့်တင်ရေးအဖွဲ့ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာထိန်လင်း၊ မြန်မာနိုင်ငံ ကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်း(နေပြည်တော်) ဒုတိယဥက္ကဋ္ဌ(၁) ဦးဇော်ဘိုခန့်တို့က အမှာစကားပြောကြားပြီး ရန်ကုန်တိုင်းဒေသကြီး ကျောက်မျက်ရတနာ လုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးအောင်ကျော်ဇင်က ကျေးဇူးတင်စကား ပြန်လည်ပြောကြားကာ အရောင်းပြပွဲကို လှည့်လည်ကြည့်ရှုအားပေးကြသည်။



အဆိုပါ ပဉ္စမအကြိမ်မြောက် ရန်ကုန်အပြည်ပြည်ဆိုင်ရာ ကျောက်မျက်နှင့် လက်ဝတ်ရတနာအချောထည် အရောင်းပြပွဲကို ယနေ့မှစ၍ ဩဂုတ် ၉ ရက်ထိ ကျင်းပသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

ဇွဲထက်ကို(ပြန်/ဆက်)



◆ ဖူဆယ်ပြိုင်ပွဲမှ

၁၀ ဂိုး တစ်ဂိုးဖြင့်လည်းကောင်း၊ သာသနာရေးဝန်ကြီးဌာနအသင်းက ပြန်ကြားရေးဝန်ကြီးဌာနအသင်းကို ခုနစ်ဂိုး တစ်ဂိုးဖြင့်လည်းကောင်း၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနအသင်းက ပြည်ထောင်စု အစိုးရအဖွဲ့ရုံးအသင်းကို ၂၆ ဂိုး ဂိုးမရှိဖြင့်လည်းကောင်း၊ ပြည်ထဲရေးဝန်ကြီးဌာနအသင်းက ပို့ဆောင်ရေးဝန်ကြီးဌာနအသင်းကို ခြောက်ဂိုး နှစ်ဂိုးဖြင့်လည်းကောင်း အသီးသီးအနိုင်ရရှိခဲ့ကြသည်။

၂၀၂၆ ခုနှစ် ဝန်ကြီးဌာနပေါင်းစုံ ဖူဆယ်ပြိုင်ပွဲအုပ်စုပွဲစဉ်များကို ဩဂုတ် ၇ ရက် **(ယနေ့)**တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ပြီး ဒစ်ဂျစ်တယ်ဖွံ့ဖြိုးတိုးတက်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာနအသင်းနှင့် သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနအသင်း၊ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာနအသင်းနှင့် ဟိုတယ်၊ခရီးသွားလာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနအသင်း၊ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးအသင်းနှင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအသင်း၊ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနအသင်းနှင့် ဆောက်လုပ်ရေးဝန်ကြီးဌာနအသင်း၊ အမျိုးသားစီမံကိန်း၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေး ဝန်ကြီးဌာနအသင်းနှင့် ပြည်ထောင်စု တရားလွှတ်တော်ချုပ်ရုံးအသင်းတို့ ဆက်လက်ကစားသွားမည်ဖြစ်ကြောင်း သိရသည်။ STA

မိမိပိုင်နိုင်ငံသားစိစစ်ရေးကတ်၊ Mobile SIM Card၊ Mobile Payment Account၊ Bank Account များအား မသက်ဆိုင်သူထံသို့ အခကြေးငွေဖြင့် ရောင်းချခြင်း၊ ငှားရမ်းအသုံးပြုစေခြင်းများဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။

❖ **ငါးမွေးမြူရေးကန်များမှ**

ရေကြီးနစ်မြုပ်မှုဖြစ်ပွားပါက ကြိုတင်ကာကွယ်နိုင်ရန်နှင့် ဆုံးရှုံးမှုလျော့နည်းစေရန် ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ ကြီးကြပ်မှုဖြင့် တိုင်းဒေသကြီးငါးလုပ်ငန်းအဖွဲ့ချုပ်နှင့် ဌာနဆိုင်ရာများ ကြပ်မတ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ပဲခူးတိုင်းဒေသကြီးအတွင်း ငါးမွေးတောင်သူ ဦးရေ ၂၉၀၀ ခန့်က ငါးကန်ပေါင်း ၃၀၀၀၀ ကျော်တွင် ငါးမြစ်ချင်း၊ ငါးကြင်း၊ ငါးတန်၊ ငါးမုန့်နှင့် တီလားပီးယားငါးတို့ကို မွေးမြူထုတ်လုပ်လျက်ရှိပြီး ပဲခူးမြစ်ရေကြီးပါက ငါးမွေးမြူရေးလုပ်ငန်းများ ထိခိုက်မှုမရှိစေရန် ပဲခူးမြို့ ငါးလုပ်ငန်းစခန်း၊ သနပ်ပင်ငါးလုပ်ငန်းစခန်း၊ အုတ်ဖိုငါးလုပ်ငန်းစခန်းတို့မှ ငါးသားပေါက်များ စိုက်ထည့်ပေးနိုင်ရန် ဆေးထိုးသားဖောက် လုပ်ငန်းများဆောင်ရွက်လျက်ရှိသည်။

"မြစ်ရေနဲ့မိုးရေကို ကြောက်ရတဲ့အတွက် ငါးကန်တွေ ရေနစ်မြုပ်မှုကနေ ကြိုတင်ကာကွယ်နိုင်အောင် တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်အဆင့်ဆင့်မှာ ကြပ်မတ်ဆောင်ရွက်ထားပါတယ်။ ပဲခူးတိုင်းဒေသကြီးမှာ ငါးကန်တွေ ရေကြီးနစ်မြုပ်တဲ့ ဖြစ်စဉ်ရှိခဲ့တာကြောင့် ကန်ပေါင်မြှင့်တာ၊ သဲအိတ်တွေ ကာတာ၊ ကန်ကိုပိုက်နဲ့ ကာတာ၊ မြစ်ရေသတင်း မပြတ်နားထောင်တာ၊ ငါးအစာကြိုတင်စုဆောင်းတာကအစ ကွင်းဆင်းအသိပေးထားပါတယ်။ မြစ်ရေကြီးမှုအပြင် အပူချိန်မြင့်မားလာမယ့် အခြေအနေကိုလဲ ကြိုတင်သတိပေးထားပါတယ်"ဟု ပဲခူးတိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာန ညွှန်ကြားရေးမှူးက ပြောသည်။

ပဲခူးတိုင်းဒေသကြီးတွင် ၂၀၂၃-၂၀၂၄ခုနှစ် စက်တင်ဘာလနှင့် အောက်တိုဘာလတို့၌ မြစ်ရေကြီးခဲ့မှုဖြစ်ပွားခဲ့ပြီး တောင်ငူမြို့တွင် ငါးကန် ၁၃၁ ဒသမ ၆၃ ဧက ရေနစ်မြုပ်ခဲ့ရာ ငါးမွေးမြူရေးလုပ်ငန်းများ ပြန်လည်ပတ်နိုင်ရန် ငါးမွေးတောင်သူ ၁၇ ဦးအတွက် ငါးသားပေါက်အကောင် ၂၆၃၀၀၀ ကျော်နှင့် ပဲခူးမြို့ရှိ ငါးကန် ၂၂၂ ဧက ရေလွှမ်းခဲ့မှုကြောင့် ငါးမွေးတောင်သူ ၃၂ ဦးအတွက် ငါးသားပေါက်အကောင် ၃၃ ဒသမ ၁၂ သိန်းကို ငါးလုပ်ငန်းဦးစီးဌာနက စိုက်ထည့်ပေးခဲ့ကြောင်း သိရသည်။ သစ္စာ(MNA)

❒ လေးမျက်နှာမြို့နယ်မှ

ရေကြည်မြို့နယ် ခြောက်ရွာနှင့် ကျုံပျော်မြို့နယ် နှစ်ရွာ စုစုပေါင်း ၁၀၆ ရွာရှိ လူနေအိမ်များအတွင်းသို့ ရေဝင်ရောက်မှုများဖြစ်ပွားခဲ့သဖြင့် ရေဘေးကယ်ဆယ်ရေးစခန်းများကို လေးမျက်နှာမြို့နယ်တွင် ၁၃ ခု၊ ဟင်္သာတမြို့နယ်တွင် သုံးခု၊ ရေကြည်မြို့နယ်တွင် ငါးခုနှင့် ကျုံပျော်မြို့တွင် တစ်ခုဖွင့်လှစ်ကာ အနောက်တောင်တိုင်းစစ်ဌာနချုပ်မှ နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ လူမှုကယ်ဆယ်ရေးအဖွဲ့များ၊ ပရဟိတအဖွဲ့များနှင့် ဒေသခံတိုင်းရင်းသားများ စုပေါင်း၍ ရေဘေးသင့်ပြည်သူများကို ရှာဖွေကူညီကယ်ဆယ်ရေး လုပ်ငန်းများ ဆောင်ရွက်ပေးခြင်း၊ ပစ္စည်းများ ဘေးလွတ်ရာသို့ ကူညီရွှေ့ပြောင်းပေးခြင်းများ၊ စားသောက်ဖွယ်ရာများ လိုက်လံပို့ဆောင်ပေးခြင်း၊ လိုအပ်သော ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိပြီး မြစ်ရေတိုက်စားပြိုကျမှုမှကာကွယ်ရန် တာခြေထောက်ခြင်းအဖြစ် ကမ်းထိန်းအိတ်များချခြင်း၊ ရေရှိန်တားပြုလုပ်ခြင်း၊ ရေကာတာ တာပေါင်မြေဖို့ခြင်း လုပ်ငန်းများ ဆောင်ရွက်နေမှုများကို အနောက်တောင်တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။ (၅၀၁)




အနောက်တောင်တိုင်းစစ်ဌာနချုပ်မှ နယ်မြေခံတပ်မတော်သားများ၊ မီးသတ်တပ်ဖွဲ့ဝင်များက ရေဘေးသင့်ပြည်သူများကို စားသောက်ဖွယ်ရာများ လိုက်လံပို့ဆောင်ပေးစဉ်။





အနောက်တောင်တိုင်းစစ်ဌာနချုပ်မှ နယ်မြေခံတပ်မတော်သားများ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ လူမှုကယ်ဆယ်ရေးအဖွဲ့များ၊ ပရဟိတအဖွဲ့များက မြစ်ရေတိုက်စားပြိုကျမှုမှကာကွယ်ရန် ကမ်းထိန်းအိတ်များချခြင်း၊ ရေရှိန်တားပြုလုပ်ခြင်း၊ ရေကာတာ တာပေါင်မြေဖို့ခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးစဉ်။

❍ မိုးထစ်ချုန်းရွာနိုင်မှ

မုတ္တမကွေ့၊ မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်၊ မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၃၀ မှ ၃၅ မိုင်ထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မုတ္တမကွေ့၊ မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရှစ်ပေမှ ၁၀ ပေခန့်ရှိနိုင်သည်။ မြစ်ဝကျွန်းပေါ်၊ ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်၊မြေပြင်လေသည် တစ်နာရီလျှင် ၂၅ မိုင်မှ မိုင် ၃၀ ထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြစ်ဝကျွန်းပေါ်၊ ရခိုင်ကမ်းရိုးတန်း တစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ခုနစ်ပေမှ ကိုးပေခန့် ရှိနိုင်သည်။

မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၊ WRF မော်ဒယ်လ်၏ ၅-၈-၂၀၂၆ ရက်နေ့ မြန်မာစံတော်ချိန် ၀၆:၃၀ နာရီအချိန်ကို အခြေခံတွက်ထုတ်ထားသည့် ၇-၈-၂၀၂၆ရက်နေ့မှ ၉-၈-၂၀၂၆ ရက်နေ့အထိ မိုးရွာသွန်းမှုခန့်မှန်းချက်ပြပုံ




သို့ဖြစ်ပါ၍ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော် တောင်ပိုင်းတို့တွင် မုတ်သုံလေ အားကောင်းနေခြင်းကြောင့်လည်းကောင်း၊ မိုးတိမ်တောင်များဖြစ်ထွန်းမှု အားကောင်းနေခြင်းကြောင့်လည်းကောင်း မိုးသည်းထန်စွာရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ ရုတ်တရက်ရေကြီးခြင်းနှင့် မြေပြိုခြင်း စသည့် သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်နိုင်သဖြင့် ကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ်နှင့် မြစ်ငယ်၊ ချောင်းငယ်များ အနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီး၊ရေလျှံမှုများကို ကြိုတင်သတိပြုနိုင်ရန်နှင့် ပြည်တွင်းလေကြောင်းပျံသန်းရေး၊ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့ရှိ ကမ်းနီး၊ ကမ်းဝေးငါးဖမ်းရေယာဉ်များ၊ သင်္ဘောများအနေဖြင့်လည်း ကြိုတင်သတိပြုနိုင်ရန် အသိပေးနှိုးဆော်ထားသည်။

(မိုး/ဇလ)

## ကြီးမြန်သစ်ပင် စိုက်ပျိုးလျှင် စွမ်းအင်လည်းရ ပြည်လည်းလှ။







## ၆-၈-၂၀၂၆ တွင် နိုင်ငံခြားငွေကြေးဈေးကွက်အတွင်း ရောင်းဝယ်သည့်ပမာဏနှင့် ငွေလဲလှယ်နှုန်းများ

- ဈေးကွက်အတွင်း ရောင်းဝယ်သည့်ပမာဏမှာ စားသုံးဆီ၊ စက်သုံးဆီ၊ ဆေးနှင့်ဆေးဝါးကုန်ကြမ်းပစ္စည်း၊ စက်မှုကုန်ကြမ်း၊ ဓာတ်မြေဩဇာ၊ ထုပ်ပိုးမှုပစ္စည်း၊ အီလက်ထရောနစ်ပစ္စည်း၊ စားသုံးကုန်စည်၊ ကားဆိုင်ကယ်အပိုပစ္စည်း၊ စက္ကူတင်သွင်းခြင်းတို့အတွက် ရောင်းချပေးခဲ့ခြင်းဖြစ်ပါသည်။ CMP ကဏ္ဍမှ ဝင်ရောက်ငွေကို စားသုံးဆီကဏ္ဍနှင့် CMP ကဏ္ဍ တို့သို့ ရောင်းချပေးခဲ့ပါသည်။

| | အမေရိကန်ဒေါ်လာ | တရုတ်ယွမ် | ထိုင်းဘတ် | အိန္ဒိယရူပီး |
|---|---|---|---|---|
| ငွေလဲလှယ်နှုန်း | ၃၆၅၃ ~ ၃၆၆၉ | ၅၅၅.၃ ~ ၅၅၈.၇ | ၁၂၄.၉ ~ ၁၂၅.၇ | ၄၃.၆ |
| ဈေးကွက်အတွင်း ရောင်းဝယ်သည့် ပမာဏ | ၅,၆၄၂,၂၂၇.၅၂ | ၃,၂၆၇,၈၈၄.၉၁ | ၁၉၂,၀၄၆,၃၃၄.၅၉ | - |

# မြစ်ကြီးနားမြို့ရှိ သံဃာတော်များအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်



သံဃာတော်များအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးနေမှုကို မြစ်ကြီးနားတပ်နယ်မှ တာဝန်ရှိသူများက ကြည့်ရှုအားပေးစဉ်။

**နေပြည်တော် ဩဂုတ် ၆**

တပ်မတော်အနေဖြင့် တိုင်းရင်းသားပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများတွင် နိုင်ငံတော်အစိုးရနှင့်အတူ တစ်ဖက်တစ်လမ်းမှ ကူညီစောင့်ရှောက်မှုများ ဆောင်ရွက်ပေးနိုင်ရန်အတွက် တပ်မတော်နယ်လှည့်ဆေးကုသရေးအဖွဲ့များဖြင့် ဒေသအသီးသီးရှိဒေသခံ တိုင်းရင်းသားပြည်သူများကို ၎င်းတို့၏ မြို့နယ်၊ကျေးရွာများ အရောက်သွားရောက်၍ လူမျိုး၊ ဘာသာမရွေးဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်နယ်လှည့်ဆေးကုသရေးအဖွဲ့က ကချင်ပြည်နယ် မြစ်ကြီးနားမြို့ရှိ အောင်ဇေရန်အောင်ကျောင်းတိုက်၌ အခြေပြု၍ မြို့ပေါ်ရှိ သံဃာတော် ၂၅ ပါးတို့ကို ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ အရိုးအကြောရောဂါ၊ အာရုံကြောအားနည်းရောဂါ၊ အထွေထွေရောဂါတို့နှင့် ပတ်သက်၍ ကျန်းမာရေး စစ်ဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးခြင်း၊ ECG စက်ဖြင့် နှလုံးစမ်းသပ်စစ်ဆေးပေးခြင်း၊ ဓာတ်မှန်ရိုက်၍ရောဂါရှာဖွေပေးခြင်းများ ဆောင်ရွက်ပေးပြီး ဆေးရုံတက်ရောက်ကုသရန်လိုအပ်သော သံဃာတော်များအား မြစ်ကြီးနားမြို့ရှိ တပ်မတော်ဆေးရုံသို့ တက်ရောက်ကုသနိုင်ရေး စီစဉ်ဆောင်ရွက်ပေးသည်။

ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို မြစ်ကြီးနားတပ်နယ်မှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး အဆိုပါကျောင်းတိုက်ရှိ သံဃာတော်များအား လှူဖွယ်ပစ္စည်းများနှင့် နေ့ဆွမ်းများ ဆက်ကပ်လှူဒါန်းခဲ့ကြကြောင်း သတင်းရရှိသည်။ (၅၀၁)

# တတိယအကြိမ် မန္တလေးတိုင်းဒေသကြီး လွှတ်တော် တတိယပုံမှန်အစည်းအဝေး တတိယနေ့ ဆက်လက်ကျင်းပ



**မန္တလေး ဩဂုတ် ၆**

တတိယအကြိမ် မန္တလေးတိုင်းဒေသကြီးလွှတ်တော် တတိယပုံမှန်အစည်းအဝေး တတိယနေ့ကို ယနေ့ နံနက် ၁၀နာရီက မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံမြို့နယ်ရှိ တိုင်းဒေသကြီးလွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးသို့ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးအောင်ကျော်မိုး၊ လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးကျော်မြင့်၊ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီးဝန်ကြီးများနှင့် တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များအပါအဝင် စုစုပေါင်း ၇၂ ဦး တက်ရောက်ကြပြီး တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ၁၆ ဦး မေးမြန်းသည့် ကြယ်ပွင့်ပြမေးခွန်း ၂၀ ကို သက်ဆိုင်ရာ တိုင်းဒေသကြီးအဆင့် အဖွဲ့အစည်းဝင်များက ပြန်လည်ဖြေကြားခြင်းတို့ကို ဆောင်ရွက်သည်။

ထို့ပြင် "မန္တလေးတိုင်းဒေသကြီးအတွင်း တည်ငြိမ်အေးချမ်းရေးနှင့် လုံခြုံရေးကို အရှိန်အဟုန်မြင့်ဆောင်ရွက်နိုင်ရေး" အဆိုကို ချမ်းမြသာစည်မြို့နယ် ကိုယ်စားလှယ်အမှတ် (၂) တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးမျိုးကျော်က လွှတ်တော်သို့တင်သွင်းပြီး လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက ထောက်ခံဆွေးနွေး၍ အဆိုကို ဆွေးနွေးရန် သင့်၊ မသင့် လွှတ်တော်၏ သဘောထားရယူရာ လွှတ်တော်က သဘောတူသည့်အတွက် အဆိုနှင့်ပတ်သက်၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်စာရင်း ပေးသွင်းနိုင်ကြောင်းနှင့် ဆွေးနွေးမည့်နေ့ရက်ကို ကြေညာသည်။

ထို့နောက် တိုင်းဒေသကြီးလွှတ်တော် တတိယပုံမှန်အစည်းအဝေး တတိယနေ့ကို ရပ်နားကြောင်းနှင့် အစည်းအဝေး စတုတ္ထနေ့ကို ဩဂုတ် ၇ ရက် နံနက် ၁၀ နာရီတွင် ဆက်လက် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

မြင့်မော်ထွန်း(ပြန်/ဆက်)

## ဧရာဝတီတိုင်းဒေသကြီး လေးမျက်နှာမြို့နယ် ဝေနတာကျိုးပေါက်မှုနှင့် ဆက်စပ်ရေဘေးသင့် ပြည်သူများအတွက် အလှူငွေနှင့် ပစ္စည်းများ လှူဒါန်းနိုင်

ဧရာဝတီတိုင်းဒေသကြီး လေးမျက်နှာမြို့နယ် ဝေနတာကျိုးပေါက်မှုနှင့် ဆက်စပ်ရေဘေးသင့်ပြည်သူများအတွက် အလှူငွေနှင့်ပစ္စည်းများကို အခမ်းအနားဖြင့် လက်ခံမည်ဖြစ်ပြီး ပြည်တွင်း၊ပြည်ပ စေတနာရှင်ပြည်သူများအနေဖြင့် အောက်ပါအတိုင်း ဆက်သွယ်လှူဒါန်းနိုင်ပါကြောင်းနှင့် အခမ်းအနားကျင်းပမည့်နေ့ရက်၊ နေရာ၊ အချိန်တို့ကို ထပ်မံအသိပေးသွားမည်ဖြစ်ပါသည်-

**ဆက်သွယ်ရန်များ**

(၁) နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး၊ပြည်နယ် အစိုးရအဖွဲ့များ

(၂) လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ရုံးအမှတ်(၂၃) နေပြည်တော် ဖုန်းအမှတ်များ (၀၉၂၀၂၁၄၉၁၊ ၀၉၂၅၄၁၇၀၀၁၁၊ ၀၉၄၃၀၅၄၈၄၄၊ ၀၉၄၂၀၇၀၃၆၄၇)

(၃) ဗဟိုသိုလှောင်ရုံ(ရန်ကုန်) ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန အမှတ်(၃)ရပ်ကွက် ကျိုက်ဝိုင်းဘုရားလမ်း ရန်ကုန်မြို့ ဖုန်းအမှတ်များ (၀၉၂၅၀၁၂၃၈၈၅၊ ၀၉၄၂၀၇၄၀၁၆၀)

(၄) ဗဟိုသိုလှောင်ရုံ(မန္တလေး) ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန ၆၅ လမ်း၊ ၃၄ လမ်းနှင့် ၃၅ လမ်းကြား ပြည်ကြီးမျက်ရှင်ရပ်ကွက် ချမ်းအေးသာစံမြို့နယ် မန္တလေးမြို့ ဖုန်းအမှတ်များ (၀၉၄၂၀၇၀၈၂၇၊ ၀၉၂၅၆၀၆၁၃၉၆)

## ထူးခြားသည့် နေ့အပူချိန်များ (၆ - ၈ - ၂၀၂၆)

| | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|
| မချမ်းဘော့ | ၃၅ | ဒသမ | ၅ | ဒီဂရီဆဲလ်စီးယပ် | ဇလွန် | ၃၄ | ဒသမ | ၅ | ဒီဂရီဆဲလ်စီးယပ် |
| ခန္တီး | ၃၅ | ဒသမ | ၂ | ဒီဂရီဆဲလ်စီးယပ် | ပြည် | ၃၄ | ဒသမ | ၄ | ဒီဂရီဆဲလ်စီးယပ် |
| ပူတာအို | ၃၅ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယပ် | ဟသ်ာတ | ၃၄ | ဒသမ | ၄ | ဒီဂရီဆဲလ်စီးယပ် |
| ရန်ကုန် | ၃၄ | ဒသမ | ၅ | ဒီဂရီဆဲလ်စီးယပ် | တောင်ငူ | ၃၄ | ဒသမ | ၁ | ဒီဂရီဆဲလ်စီးယပ် |

## ပြည်သူ့စစ်မှုထမ်းနည်းဥပဒေများကို ဖတ်ရှုနိုင်ရန် ဖော်ပြပေးထားသော Website နှင့် Webportal စာရင်း

| | | |
|---|---|---|
| ၁။ | ကာကွယ်ရေးဝန်ကြီးဌာန | (https://www.mod.gov.mm) |
| ၂။ | ဥပဒေရေးရာဝန်ကြီးဌာန | (https://www.mlis.gov.mm) |
| ၃။ | ပြန်ကြားရေးဝန်ကြီးဌာန | (https://www.moi.gov.mm) |
| ၄။ | Myawady Webportal | (https://myawady.net.mm) |
| ၅။ | Myanmar National Portal | (https://myanmar.gov.mm) |

## ၂၀၂၆ ခုနှစ် ဩဂုတ် ၆ ရက် ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး (Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေတစ်ကျပ်သား(၁၆.၃၂၉၃၂၅ ဂရမ်) ၏ ဈေးနှုန်း ၇၀၀၀၀၀၀ကျပ်။

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ

## ပြည်သူ့စစ်မှုထမ်းဆောင်ရမည့်ကာလ လျှော့ပေါ့ခွင့်ပြုသူများ

**ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှုထမ်းဆောင်ရမည့် ကာလလျှော့ပေါ့ခွင့်ပြုသူများ**

၁။ လျှော့ပေါ့ခွင့်ပြုသူများမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) လျှောက်ထားသူ၏ မိဘနှစ်ပါးစလုံးသည် နိုင်ငံ့ဝန်ထမ်းအဖြစ် နှစ်ပေါင်း ၂၀ ထက်မနည်း တာဝန်ထမ်းဆောင်နေဆဲဖြစ်ပါကလည်းကောင်း၊ နိုင်ငံ့ဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး သက်ပြည့်အငြိမ်းစားယူခဲ့သူဖြစ်ပါကလည်းကောင်း အဆိုပါလျှောက်ထားသူအား ဥပဒေအရ ၎င်းထမ်းဆောင်ရမည့် ပြည်သူ့စစ်မှုထမ်းရန်ကာလ၏ တစ်ဝက်အထိ လျှော့ပေါ့ပေးနိုင်သည်။

(ခ) လျှောက်ထားသူ၏ မိဘနှစ်ပါးအနက် တစ်ဦးဦးသည် နိုင်ငံ့ဝန်ထမ်းအဖြစ် နှစ်ပေါင်း၂၀ ထက်မနည်း တာဝန်ထမ်းဆောင်နေဆဲဖြစ်ပါကလည်းကောင်း၊ နိုင်ငံ့ဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး သက်ပြည့်အငြိမ်းစားယူခဲ့သူဖြစ်ပါကလည်းကောင်း အဆိုပါလျှောက်ထားသူအား ဥပဒေအရ ၎င်းထမ်းဆောင်ရမည့် ပြည်သူ့စစ်မှုထမ်းရန်ကာလ၏ သုံးပုံတစ်ပုံအထိ လျှော့ပေါ့ပေးနိုင်သည်။

(ဂ) ပြည်သူ့စစ်မှုထမ်းတစ်ဦးဦးသည် တာဝန်ထမ်းဆောင်နေသည့်ကာလအတွင်း ထိခိုက်ဒဏ်ရာရရှိခြင်းများရှိခဲ့ပါက ထိခိုက်ဒဏ်ရာရရှိသည့်နေ့နောက်ပိုင်း ဆက်လက်တာဝန်ထမ်းဆောင်ရန် ကျန်ရှိသည့်ကာလအား လျှော့ပေါ့ပေးနိုင်သည်။

# ဝါစိုက်ပျိုးရေးနှင့် စက်မှုနိုင်ငံများ၏ခရီးကြမ်း

**သုတကြွယ်**

ကျွန်တော်တို့ အိမ်နီးချင်းနိုင်ငံတွေဖြစ်တဲ့ အိန္ဒိယ၊ တရုတ်နဲ့ ဘင်္ဂလားဒေ့ရှ်နိုင်ငံတို့ရဲ့ စီးပွားရေး တိုးတက်မှုနောက်ကွယ်မှာ "ဝါ" ဆိုတဲ့အရာက အရေးပါတဲ့ အခန်းကဏ္ဍကနေ ပါဝင်နေတာကို တွေ့ရမှာပါ။ အိန္ဒိယနဲ့ တရုတ်နိုင်ငံတို့ဟာ ဝါစိုက်ပျိုးမှုနဲ့ထုတ်လုပ်မှုမှာ ကမ္ဘာ့ထိပ်တန်းကို ရောက်နေကြတာဖြစ်ပြီး သူတို့အောင်မြင်မှုရဲ့ အဓိကလျှို့ဝှက်ချက်ကတော့ ရိုးရာစိုက်ပျိုးနည်းကနေ စက်မှုလယ်ယာစနစ်ဆီ အသွင်ကူးပြောင်းမှုပါပဲ။

အိန္ဒိယနိုင်ငံဟာ စိုက်ပျိုးဧရိယာ အကျယ်ဆုံးဖြစ်သလို ပိုးမွှားဒဏ်ခံနိုင်တဲ့ မျိုးစေ့နည်းပညာတွေကို ကျယ်ကျယ်ပြန့်ပြန့် သုံးစွဲလာတဲ့အတွက် တစ်ဧကအထွက်နှုန်းကို အဆမတန် မြှင့်တင်နိုင်ခဲ့ပါတယ်။ တရုတ်နိုင်ငံကတော့ စိုက်ပျိုးရေးမှာ နည်းပညာနဲ့ စက်ယန္တရားတွေကို အပြည့်အဝထည့်သွင်းအသုံးချထားတာကြောင့် ထုတ်လုပ်မှုစရိတ်သက်သာပြီး အရည်အသွေးမြင့်မားတဲ့ ဝါဂွမ်းတွေကို ထုတ်လုပ်နိုင်ခဲ့ပါတယ်။ ဒီနိုင်ငံတွေရဲ့ ဝါစိုက်ပျိုးမှုဟာ လယ်သမားတစ်ယောက်ချင်းစီရဲ့ အသက်မွေးဝမ်းကျောင်းမှုထက် နိုင်ငံတော်ရဲ့စက်မှုကုန်ထုတ်လုပ်မှုကွင်းဆက်တစ်ခုလုံးကို ထောက်ပံ့ပေးနေတဲ့ ကျောရိုးတစ်ခုလို ဖြစ်နေပါတယ်။

နောက်တစ်ချက်ကတော့ ဝါဂွမ်းကို ကုန်ကြမ်းအတိုင်း မရောင်းချဘဲ တန်ဖိုးမြှင့်ထုတ်ကုန်တွေအဖြစ် ဖန်တီးလိုက်တဲ့အချက်ပါ။ ဒီနေရာမှာ ဘင်္ဂလားဒေ့ရှ်နိုင်ငံရဲ့ အတွေ့အကြုံက အင်မတန်အတုယူစရာကောင်းပါတယ်။ ဘင်္ဂလားဒေ့ရှ်ဟာ ဝါဂွမ်းစိုက်ပျိုးမှုမှာ ကိုယ်တိုင်ထုတ်လုပ်နိုင်မှု အကန့်အသတ်ရှိပေမဲ့ ကမ္ဘာ့အကြီးဆုံးအထည်အလိပ်နဲ့ အဝတ်အထည် တင်ပို့တဲ့နိုင်ငံအဖြစ် ရပ်တည်နိုင်ခဲ့ပါတယ်။ သူတို့က ဝါဂွမ်းတွေကို တင်သွင်းပြီး ချည်မျှင်ဖြစ်အောင်လုပ်တယ်၊ အထည်ရက်တယ်၊ ဒီကနေ တစ်ဆင့် ကမ္ဘာ့အဆင့်မီ အဝတ်အထည်တွေအဖြစ် ချုပ်လုပ်ရောင်းချကြပါတယ်။ ဒါကို "Value Addition" လို့ခေါ်ပါတယ်။ ဝါဂွမ်းအနည်းငယ်ကိုပဲ အချောထည်ဖြစ်အောင် ဖန်တီးလိုက်တဲ့အခါ ရရှိလာတဲ့ ဝင်ငွေကကုန်ကြမ်းတုန်းကထက် အဆပေါင်းများစွာပိုမိုများပြားလာပါတယ်။ ဒါ့ပြင် ဝါစေ့ကနေ ဆီထုတ်တယ်၊ ဝါစေ့ဖတ်ကို တိရစ္ဆာန်အစာအဖြစ် သုံးတယ်၊ ဂွမ်းစတွေကိုတောင် စက္ကူလုပ်ငန်းမှာ အသုံးပြုတဲ့အတွက် ဘာတစ်ခုမှ လေလွင့်မသွားဘဲ အရာအားလုံးက ဝင်ငွေဖြစ်လာပါတယ်။ ဒီနည်းလမ်းကပဲ နိုင်ငံရဲ့ပြည်တွင်းအသားတင်ထုတ်လုပ်မှုတန်ဖိုး(GDP)ကို မြှင့်တင်ပေးနိုင်တဲ့ အဓိကအင်ဂျင်တစ်လုံးဖြစ်လာတာပါ။

စီးပွားရေးအရ GDP တက်လာရုံတင်မကဘဲ လူမှုစီးပွားဘဝတွေမှာလဲ ကြီးမားတဲ့အပြောင်းအလဲတွေ ဖြစ်ပေါ်လာစေပါတယ်။ ဝါလုပ်ငန်းကွင်းဆက်တစ်ခုလုံးမှာ လယ်သမားတွေကစလို့ ချည်မျှင်စက်ရုံ၊ အထည်ချုပ်စက်ရုံက အလုပ်သမားတွေထိ လူဦးရေသန်းနဲ့ချီပြီး အလုပ်အကိုင်ရရှိကြပါတယ်။ အထူးသဖြင့် ကျေးလက်ဒေသက အမျိုးသမီးတွေအတွက် အလုပ်အကိုင် အခွင့်အလမ်းတွေ ပွင့်လာတာဟာ မိသားစုဝင်ငွေကိုတိုးပွားစေပြီး လူမှုရေးအရလဲ အမျိုးသမီးတွေရဲ့တန်ဖိုးကို မြှင့်တင်ပေးနိုင်ခဲ့ပါတယ်။ စက်ရုံတွေ ပေါ်ပေါက်လာတဲ့အခါ အဲဒီဒေသမှာ လမ်းပန်းဆက်သွယ်ရေး၊ လျှပ်စစ်မီးနဲ့ အခြေခံအဆောက်အအုံတွေပါ တစ်ပါတည်းတိုးတက်လာတဲ့အတွက် ဒေသတွင်းဖွံ့ဖြိုးရေးကို အရှိန်အဟုန်နဲ့ တွန်းတင်ပေးသလိုဖြစ်လာပါတယ်။ ဒါဟာ ဝါသီးနှံတစ်ခုတည်းကနေ နိုင်ငံတစ်နိုင်ငံလုံးရဲ့ မျက်နှာစာကို ဘယ်လိုပြောင်းလဲလိုက်သလဲဆိုတဲ့ အကောင်းဆုံး သက်သေပါပဲ။

ကမ္ဘာ့အကြီးဆုံး ဝါထုတ်လုပ်သူအဖြစ် နှစ်ရှည်လများ ရပ်တည်နေတဲ့ တရုတ်နိုင်ငံရဲ့ အတွေ့အကြုံကို ကြည့်မယ်ဆိုရင် စက်မှုလယ်ယာစနစ်ကို မြှင့်တင်ခဲ့တာကို တွေ့ရပါမယ်။ ရှင်ဂျန်းဒေသလို ဝါအများဆုံးစိုက်ပျိုးတဲ့ဒေသတွေမှာ စိုက်ပျိုးချိန်ကနေ ရိတ်သိမ်းချိန်ထိ ဒရုန်းနည်းပညာတွေ၊ အလိုအလျောက် ဂွမ်းကောက်စက်ကြီးတွေကို အသုံးချခဲ့ကြပါတယ်။ ဒီလိုနည်းပညာအဆင့်မြင့်မားမှုကြောင့် လုပ်ငန်းခွင်လုပ်အားခစရိတ်ကို အသိသာဆုံးလျှော့ချနိုင်ခဲ့ပြီး ထုတ်လုပ်မှုစွမ်းအားကို စံချိန်တင်မြှင့်တင်နိုင်ခဲ့တာဖြစ်ပါတယ်။ ကမ္ဘာ့ဝါကောင်းစီ



(ICAC)ရဲ့အချက်အလက်တွေအရ နည်းပညာအခြေပြု ဝါစိုက်ပျိုးမှုဟာ ရိုးရာနည်းစနစ်ထက် ကုန်ထုတ်လုပ်မှုစရိတ်ကို ၃၀ ရာခိုင်နှုန်းခန့်ထိ လျှော့ချပေးနိုင်ကြောင်း ထောက်ပြထားပါတယ်။

အိန္ဒိယနိုင်ငံမှာတော့ မျိုးစေ့နည်းပညာကို အဓိကမောင်းနှင်အားအဖြစ်အသုံးပြုခဲ့တာကို တွေ့ရပါတယ်။ Bt Cotton လို့ခေါ်တဲ့ ဇီဝနည်းပညာသုံး ပိုးမွှားဒဏ်ခံဝါမျိုးစေ့တွေကို ကျယ်ကျယ်ပြန့်ပြန့် မိတ်ဆက်ပေးခဲ့တာကြောင့် သီးနှံဖျက်ပိုးမွှားဖြစ်တဲ့ သီးလုံးဖျက်ပိုးအန္တရာယ်ကို ထိရောက်စွာကာကွယ်နိုင်ခဲ့ပါတယ်။ ဒါဟာ လယ်သမားတွေရဲ့ ပိုးသတ်ဆေးသုံးစွဲရမှုကို သိသိသာသာ လျှော့ချပေးခဲ့ရုံတင်မကဘဲ တစ်ဧကအထွက်နှုန်းကိုလဲ အဆမတန် တိုးတက်စေခဲ့ပါတယ်။ အိန္ဒိယဗဟိုဝါသုတေသနဌာန (CICR) ရဲ့ အစီရင်ခံစာတွေအရ မျိုးကောင်းမျိုးသန့် ရွေးချယ်မှုနဲ့ နည်းပညာသုံးစွဲမှုဟာ နိုင်ငံရဲ့ဝါထုတ်လုပ်မှုကို နှစ်အလိုက် မက်ထရစ်တန် သန်းပေါင်းများစွာထိ တိုးတက်လာစေခဲ့ကြောင်း ဖော်ပြထားပါတယ်။

ဝါစိုက်ပျိုးရေး ခရီးကြမ်းမှာ ကြုံတွေ့ရလေ့ရှိတဲ့ အကြီးမားဆုံး စိန်ခေါ်မှုတစ်ခုကတော့ ရာသီဥတု ဖောက်ပြန်မှုနဲ့ ရေအရင်းအမြစ် စီမံခန့်ခွဲမှုပဲဖြစ်ပါတယ်။ ဝါပင်ဟာ ရေလိုအပ်ချက် စနစ်တကျရှိဖို့ လိုအပ်တဲ့သီးနှံဖြစ်တာကြောင့် အစ္စရေးနဲ့ ဩစတြေးလျလိုနိုင်ငံတွေမှာ ရေစက်ချရေသွင်းစနစ်တွေကို အသုံးပြုလာကြပါတယ်။ ဒီစနစ်ဟာ ရေလေလွင့်မှုကို လျှော့ချပေးရုံတင်မကဘဲ မြေဩဇာတွေကိုလဲ ရေနဲ့အတူ အပင်အရောက် ထိရောက်စွာ ကျွေးမွေးနိုင်ခဲ့ပါတယ်။ FAO ရဲ့ စိုက်ပျိုးရေးဆိုင်ရာ လေ့လာဆန်းစစ်ချက်တွေအရ ရေစက်ချစနစ်သုံး ဝါစိုက်ပျိုးမှုဟာ ရေအရင်းအမြစ်ကို ၄၀ ရာခိုင်နှုန်းထိ သက်သာစေပြီး သီးနှံအထွက်နှုန်းကို အမြင့်ဆုံးထိ ထိန်းသိမ်းပေးနိုင်ကြောင်း ပေါ်လွင်နေပါတယ်။

စက်မှုနိုင်ငံတွေရဲ့ သမိုင်းကြောင်းကို လေ့လာကြည့်ပါက ဝါစိုက်ပျိုးရေးနဲ့ စက်ရုံအလုပ်ရုံတွေရဲ့ ချိတ်ဆက်မှုဟာ မြို့ပြဖွံ့ဖြိုးရေးကိုလဲ တိုက်ရိုက်အကျိုးသက်ရောက်စေခဲ့ပါတယ်။ ဝါဂွမ်းကြိတ်စက်ရုံတွေ၊ ချည်မျှင်စက်ရုံတွေတည်ရှိရာ ဒေသတွေမှာ အလုပ်အကိုင်အခွင့်အလမ်းတွေ များပြားလာမှုကြောင့် ကျေးလက်မှရွှေ့ပြောင်းလုပ်သားတွေ စုဝေးရာ မြို့ပြအခြေခံအဆောက်အအုံတွေ လျင်မြန်စွာ ဖြစ်ထွန်းလာခဲ့ပါတယ်။ ဗီယက်နမ်နိုင်ငံရဲ့ ဖြစ်စဉ်မှာဆိုရင်လဲ ဝါနဲ့အထည်အလိပ်အစုအဖွဲ့တွေ တည်ထောင်ပေးခဲ့တာကြောင့် ဒေသတွင်း လျှပ်စစ်၊ လမ်းပန်းဆက်သွယ်ရေးနဲ့ ပို့ဆောင်ရေးကွန်ရက်တွေ ကောင်းမွန်လာကာ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများစွာကို ဆွဲဆောင်နိုင်ခဲ့တာဖြစ်ပါတယ်။

ဒီနေ့အချိန်လို ဂလိုဘယ်လိုက်ဇေးရှင်းခေတ်မှာ စိမ်းလန်းသော စီးပွားရေးသဘောတရားတွေ ခေတ်စားလာတာနဲ့အမျှ သဘာဝဝါထုတ်လုပ်မှုကလဲ ကမ္ဘာ့ဈေးကွက်မှာ နေရာသစ်တစ်ခုရရှိလာခဲ့ပါတယ်။ ဓာတုဗေဒပိုးသတ်ဆေးနဲ့ မြေဩဇာတွေ လျှော့ချထားတဲ့ သဘာဝဝါဂွမ်းတွေကို ဥရောပနဲ့ အမေရိကန် အထည်အလိပ်အမှတ်တံဆိပ်ကြီးတွေက ဈေးနှုန်းမြင့်မားစွာ ပေးချေဝယ်ယူလာကြပါတယ်။ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာအဖွဲ့အစည်းတွေရဲ့ထုတ်ပြန်ချက်တွေအရ Sustainable Cotton ထုတ်လုပ်နိုင်တဲ့နိုင်ငံတွေဟာ ကမ္ဘာ့ အဝတ်အထည် တင်ပို့မှုကွင်းဆက်မှာ ဦးဆောင်နေရာကနေ ပိုမိုခိုင်မာစွာ ပါဝင်ခွင့်ရရှိနေကြတာကို တွေ့ရပါတယ်။

နိုင်ငံတစ်နိုင်ငံမှာ ဝါကဏ္ဍအောင်မြင်ဖို့ဆိုရင် တောင်သူတွေရဲ့ ဘဏ္ဍာရေးအခြေအနေကို စိစစ်ပြီး ကူညီပေးမဲ့ စိုက်ပျိုးရေးချေးငွေစနစ်က မရှိမဖြစ်လိုအပ်ပါတယ်။ ဝါစိုက်တောင်သူတွေ စိုက်ပျိုးစရိတ်နဲ့ မျိုးစေ့ဝယ်နိုင်ဖို့ အတိုးနည်းတဲ့ချေးငွေတွေ၊ သီးနှံအာမခံစနစ်တွေကို အစိုးရနဲ့ ပုဂ္ဂလိကဘဏ်တွေက သေချာပံ့ပိုးပေးရမှာပါ။ ဘင်္ဂလားဒေ့ရှ်နဲ့ အိန္ဒိယမှာဆိုရင် တောင်သူတွေအတွက် အသေးစားချေးငွေစနစ်နဲ့ သီးနှံပျက်စီးမှုအာမခံစနစ်တွေ အားကောင်းခဲ့လို့ တောင်သူတွေစိုက်ပျိုးရေးကို စိုးရိမ်စိတ်ကင်းကင်းနဲ့ ဆက်လုပ်နိုင်ခဲ့ကြတာဖြစ်ပါတယ်။

ဈေးကွက်နဲ့ စက်ရုံတွေဆီ စနစ်တကျချိတ်ဆက်ပေးနိုင်ဖို့အတွက်လဲ "ဝါကုန်သည်၊ ကြိတ်ခွဲရုံနဲ့ အထည်ချုပ်စက်ရုံများကွန်ရက်" (Value Chain Integration) အားကောင်းဖို့လိုပါတယ်။ အရည်အသွေးကောင်းတဲ့ ဝါဂွမ်းတွေ ထုတ်ပေးနိုင်ရင် ပြည်တွင်း ချည်မျှင်စက်ရုံတွေအတွက် အရည်အသွေးမီ ကုန်ကြမ်းအဆင်သင့်ရမှာဖြစ်သလို ပြင်ပက ကုန်ကြမ်းတင်သွင်းနေရတာကိုလဲ လျှော့ချပေးနိုင်မှာပါ။

ဒီနေ့ခေတ် ကမ္ဘာ့အထည်အလိပ်ဈေးကွက်မှာ ကုန်ကြမ်းရဖို့ထက် နည်းပညာနဲ့ ဒီဇိုင်းဆန်းသစ်မှုက ပိုပြီးအရေးပါလာပါတယ်။ ဝါစိုက်ပျိုးရေးသုတေသနဌာနတွေအနေနဲ့ အပူဒဏ်ခံနိုင်တဲ့၊ ရေနည်းနည်းနဲ့ အထွက်ကောင်းတဲ့ မျိုးကောင်းမျိုးသန့်တွေကို စဉ်ဆက်မပြတ် သုတေသနပြုထုတ်ပေးရပါမယ်။ ဒါ့ပြင် ချည်မျှင်နဲ့အထည်အလိပ်နည်းပညာတက္ကသိုလ်တွေကနေ အထည်အလိပ် အင်ဂျင်နီယာတွေနဲ့ ဒီဇိုင်နာတွေကို သေချာမွေးထုတ်ပေးမှလဲ ကမ္ဘာ့ဈေးကွက်ပြိုင်ဆိုင်မှုမှာ နောက်ကျကျန်မနေခဲ့မှာပါ။

ဝါသီးနှံရဲ့ဘေးထွက်ထုတ်ကုန်တွေဖြစ်တဲ့ ဝါစေ့ကနေ အဆီထုတ်ပြီးရတဲ့ ဝါစေ့ဆီကို ပြုပြင်ပြီး သုံးနိုင်သလို ကျန်တဲ့ဝါစေ့ဖတ်ကို ပရိုတင်းဓာတ်မြင့်တဲ့နွားစာ၊ ဝက်စာအဖြစ် သုံးလို့ရပါတယ်။ ဒါ့ပြင် ဝါရိုးနဲ့ ဝါပင်ကြွင်းကျန်တွေကို ပျဉ်ပြားနဲ့ စက္ကူထုတ်လုပ်တဲ့လုပ်ငန်းတွေမှာ စွမ်းအင်နဲ့ ကုန်ကြမ်းအဖြစ်ပြန်သုံးနိုင်လို့ ပတ်ဝန်းကျင်ညစ်ညမ်းမှုကို လျှော့ချပေးပြီး အပိုဝင်ငွေလဲ ရရှိစေနိုင်ပါတယ်။

ဒါကြောင့် ဝါစိုက်ပျိုးရေးကနေ စက်မှုနိုင်ငံအဖြစ် ကူးပြောင်းမဲ့ခရီးမှာ အစိုးရ၊ စိုက်ပျိုးရေးတောင်သူနဲ့ ပုဂ္ဂလိကရင်းနှီးမြှုပ်နှံသူတွေ သုံးပွင့်ဆိုင်ဟန်ချက်ညီညီ ပူးပေါင်းဆောင်ရွက်ဖို့ လိုအပ်ပါတယ်။ စိုက်ပျိုးရေးမူဝါဒတွေခိုင်မာဖို့၊ နည်းပညာ လွှဲပြောင်းပေးနိုင်ဖို့နဲ့ စက်မှုဇုန်တွေ တည်ထောင်ပေးမှုဆိုတာ အနာဂတ်စက်မှုစီးပွားရေး အခြေခံအဆောက်အအုံကို ပုံဖော်ပေးနေတာဖြစ်ပါတယ်။ ဝါကဏ္ဍ ဘက်စုံတိုးတက်လာတာနဲ့အမျှ နိုင်ငံထဲမှာ အလုပ်အကိုင်အခွင့်အလမ်းတွေ ပေါ်များလာပြီး ပြည်သူတွေရဲ့ လူမှုစီးပွားဘဝနဲ့ သာယာဝပြောမှုကလဲ အရှိန်အဟုန်မပျက် မြင့်မားလာမှာသေချာပါတယ်။

မြန်မာနိုင်ငံအတွက် ပြန်ကြည့်မယ်ဆိုရင် ကျွန်တော်တို့ဆီမှာလဲ ဝါစိုက်ပျိုးဖို့ သင့်တော်တဲ့ မြေနေရာတွေ၊ ရာသီဥတုတွေ ရှိပြီးသားပါ။ အဓိကလုပ်ရမှာက စိုက်ပျိုးနည်းစနစ်တွေကို ခေတ်မီအောင်ပြုပြင်ပြောင်းလဲဖို့နဲ့ ပြည်တွင်းမှာတင် အချောထည်အဆင့်ထိ ထုတ်နိုင်မဲ့စက်မှုဇုန်တွေကို ပိုမိုအားကောင်းလာအောင် မြှင့်တင်တည်ဆောက်ဖို့ပါ။ တောင်သူတွေ ဝါစိုက်ရတာ တွက်ခြေကိုက်လာအောင် မျိုးကောင်းမျိုးသန့်တွေ ဖြန့်ပေးဖို့၊ ပညာရှင်တွေနဲ့ ချိတ်ဆက်ပေးဖို့လိုသလို ရင်းနှီးမြှုပ်နှံသူတွေဘက်ကလဲ အထည်အလိပ်လုပ်ငန်းကို ပိုပြီးအာရုံစိုက်လာအောင် ဖန်တီးပေးရပါမယ်။ ဝါဂွမ်းကနေ အဝတ်အထည်ထိ၊ အဝတ်အထည်ကနေ ကမ္ဘာ့ဈေးကွက်ထိ ချိတ်ဆက်နိုင်မဲ့ "Value Chain" တစ်ခုကို ကျွန်တော်တို့ တည်ဆောက်နိုင်ပြီဆိုရင်တော့ မြန်မာ့စီးပွားရေးဟာလဲ အိမ်နီးချင်းနိုင်ငံတွေလိုပဲ အရှိန်အဟုန်နဲ့တိုးတက်လာမှာ အသေအချာပါပဲ။ ဝါဆိုတာ ရိုးရိုးသီးနှံမဟုတ်ဘဲ နိုင်ငံရဲ့အနာဂတ်စီးပွားရေးကို ပြောင်းလဲပေးနိုင်မဲ့ "ရွှေဖြူ" ဖြစ်တာကြောင့် ဝါအထွက်နှုန်းတိုးတက်ရေးကို အစိုးရ၊ တောင်သူနဲ့ သက်ဆိုင်ရာတာဝန်ရှိသူတွေ အတူတကွကြိုးပမ်းသွားကြရမှာဖြစ်ပါကြောင်း အလေးအနက်ပြုတိုက်တွန်းရေးသားလိုက်ရပါတယ်။

**ကိုးကား**

**– International Cotton Advisory Committee (ICAC): Reports on Global Cotton Production, Mechanization, Market Trends, and Value-Added Products Impact.**

# ကသာခရိုင်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဆီထွက်သီးနှံစုံ ၁၂၅၉ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်



**ကသာ ဩဂုတ် ၆**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဆီထွက်သီးနှံစုံ ၁၂၅၉ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ကသာခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ကသာခရိုင်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဆီထွက်သီးနှံစုံ ၁၆၃၅ ဧက စိုက်ပျိုးရန် လျာထားပြီး ယခုနှစ် ဇွန်လပထမပတ်မှစတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ကသာမြို့နယ်တွင် မြေပဲ ၉၇ ဧက၊ နှမ်း ၂၇၇ ဧက၊ အင်းတော်မြို့နယ်တွင် ဧက ၁၂၀၊ နှမ်း ၉၅ ဧက၊ ထီးချိုင့်မြို့နယ်တွင် မြေပဲ ဧက ၂၀၊ နှမ်း ၁၉၅ ဧက၊ ဗန်းမောက်မြို့နယ်တွင် မြေပဲ ဧက ၃၈၀၊ နှမ်း ၇၅ ဧက စုစုပေါင်း ၁၂၅၉ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ ကသာခရိုင်မှာ ဆီထွက်သီးနှံစုံ ၁၆၃၅ ဧက စိုက်ပျိုးဖို့လျာထားပါတယ်။ ဒီနေ့ထိ ၁၂၅၉ ဧကစိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့အတွက် ဆောင်ရွက်ပေးနေပါတယ်။ ဆီထွက်သီးနှံအနေနဲ့ကတော့ အောင်မြင်တဲ့အနေအထားမှာ ရှိပါတယ်။ ဒီဒေသတွေမှာ ဆီထွက်သီးနှံတွေ တိုးချဲ့ စိုက်ပျိုးနိုင်ဖို့အတွက် ဆောင်ရွက်ပေးနေပါတယ်" ဟု ကသာခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ခင်မြတ်မြတ်ဦးက ပြောပြသည်။

ဆီထွက်သီးနှံစုံကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်မည်ဆိုပါက ဒေသတွင်း ဆီစားသုံးမှု ဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိပြီး လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် ဆီထွက်သီးနှံစုံကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းသင့်ကြောင်း ခရိုင်ဦးစီးမှူး ဒေါ်ခင်မြတ်မြတ်ဦးက ပြောပြ၍ သိရသည်။

(၂၀၆)

# သာယာဝတီမြို့နယ် လက်ပံတုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**သာယာဝတီ ဩဂုတ် ၆**

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းနှင့် မိသားစုဝင်ငွေများတိုးပွားလာပြီး ဆင်းရဲမှုလျော့ကျစေရန် ရည်ရွယ်၍ သာယာဝတီမြို့နယ် လက်ပံတုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကို ဩဂုတ် ၅ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် သာယာဝတီခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးညွန့်ဇော်နှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက လက်ပံတုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေဖြင့် စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်းနှင့် အသေးစားစီးပွားရေးလုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်နေမှုအခြေအနေများနှင့် လအလိုက်ဖြည့်သွင်းရသည့် စာရင်းဇယားများ ပြည့်စုံမှု ရှိ၊ မရှိ ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူး ဦးညွန့်ဇော်က လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

အဆိုပါလက်ပံတုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်းကို ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်က စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါစိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၁၄၆ ဦး၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ဦးရေ ၅၀၊ အသေးစားစီးပွားရေးလုပ်ငန်းလုပ်ကိုင်သူ ၁၁ ဦး စုစုပေါင်း အသင်းသား၊ အသင်းသူ ၂၀၇ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေကျပ် ၄၅ ဒသမ ၉ သန်း ထုတ်ချေးထားပြီး စီမံကိန်းလုပ်ငန်းများ လည်ပတ် ဆောင်ရွက်လျက်ရှိကြောင်း သာယာဝတီခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။ **အိပိုးပိုး**

# ဟင်္သာတမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇူလိုင်လအတွင်း အုန်းသီးအလုံးရေအများအပြား တင်ပို့ရောင်းချနိုင်ခဲ့

**ဟင်္သာတ ဩဂုတ် ၆**

ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇူလိုင်လအတွင်း အုန်းသီးအလုံးရေအများအပြား တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ဟင်္သာတမြို့နယ် အုန်းသီးရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်သူဇာဝင်းက ပြောပြသည်။

ဟင်္သာတမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇွန်လအတွင်းက အုန်းသီးအလုံးရေ ၅၅၀၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ဇူလိုင်လအတွင်း အုန်းသီးအလုံးရေ ၆၂၀၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း၊ အဆိုပါတင်ပို့ရောင်းချခဲ့သည့် အုန်းသီးအလုံးရေ ၁၀၀လျှင် ငွေကျပ် ၉၈၀၀၀ ထိ ပေါက်ဈေးရှိကြောင်း သိရသည်။

"ဟင်္သာတမြို့နယ်ကနေထွက်ရှိတဲ့ ဒေသထွက်ကုန်တွေ ရန်ကုန်ဈေးကွက်ကိုပဲ အဓိက တင်ပို့ရောင်းချပါတယ်။ ပြီးခဲ့တဲ့ဇူလိုင်လထဲမှာ အုန်းသီးအလုံးရေ ၆၂၀၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရပါတယ်။



ရန်ကုန်ဈေးကွက်က လက်ရှိ ဩဂုတ်လထဲမှာလဲ အုန်းသီးတွေ ဝယ်ယူအား ကောင်းနေပါတယ်။ ပွဲရုံပိုင်ရှင်တွေက အုန်းပင်စိုက်တောင်သူတွေဆီကနေ အုန်းသီးတွေကိုဝယ်ယူပြီး ရန်ကုန်ဈေးကွက်ကို ပြန်လည်တင်ပို့ရောင်းချနေတာပါ။ ဒေသထွက်အုန်းသီးတွေ ဝယ်လိုအားကောင်းလာတဲ့အတွက် စိုက်ပျိုးတဲ့သူတွေအနေနဲ့ အဆင်ပြေလာပါတယ်"ဟု ဟင်္သာတမြို့နယ် အုန်းသီးရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်သူဇာဝင်းက ပြောပြသည်။

ဟင်္သာတမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ အုန်းသီးများ ပိုမိုတင်ပို့ရောင်းချနေရသည့်အတွက် ပွဲရုံပိုင်ရှင်များ၊ အုန်းပင်စိုက်တောင်သူများ၊ ကုန်တင်ကုန်ချလုပ်သားများ၊ ကုန်တင်ယာဉ်အငှားလိုက်သူများ အလုပ်အကိုင်အခွင့်အလမ်း ရရှိအဆင်ပြေနေကြောင်း သိရသည်။ **ကျော်ကျော်လင်း**

# ထန်းတပင်မြို့နယ် သံတဇာကျေးရွာ၌ Smart Village စီမံကိန်း မိတ်ဆက်ခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းပြုလုပ်

**ထန်းတပင် ဩဂုတ် ၆**

ရန်ကုန်တိုင်းဒေသကြီး မှော်ဘီခရိုင် ထန်းတပင်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ကျူတောကျေးရွာအုပ်စု သံတဇာကျေးရွာ၌ ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်တွင် အကောင်အထည်ဖော် ဆောင်ရွက်မည့် ခေတ်မီစံပြကျေးရွာထူထောင်ရေး စီမံကိန်း(Smart Village) မိတ်ဆက်ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းကို ဩဂုတ် ၅ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ထန်းတပင်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ချိုမီအေးက Smart Village စီမံကိန်း၏ ရည်ရွယ်ချက်များ၊ အကောင်အထည်ဖော်မည့် လုပ်ငန်းစဉ်များ၊ ကော်မတီဖွဲ့စည်းရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များနှင့် ကျေးရွာမှ ပူးပေါင်းဆောင်ရွက်ရမည့်အချက်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် သံတဇာကျေးရွာရှိ ရပ်မိရပ်ဖများနှင့် ကျေးရွာသူ၊ ကျေးရွာသားများက စီမံကိန်းလုပ်ငန်းများကို ထိရောက်စွာ ဆောင်ရွက်နိုင်မည့် ခေတ်မီစံပြကျေးရွာထူထောင်ရေး စီမံကိန်းကော်မတီဝင် ခုနစ်ဦးကို အများသဘောဆန္ဒနှင့်အညီ ရွေးချယ်ဖွဲ့စည်းပေးခဲ့သည်။

အဆိုပါစီမံကိန်းကို သံတဇာကျေးရွာ၌ ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်အတွင်း စတင်အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ပြီး ကျေးရွာအခြေခံအဆောက်အအုံ ဖွံ့ဖြိုးတိုးတက်ရေး၊ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများတိုးတက်ရေး၊ ကျေးလက်စီးပွားရေးမြှင့်တင်ရေး၊ သဘာဝပတ်ဝန်းကျင်နှင့် လိုက်လျောညီထွေရှိသော ဖွံ့ဖြိုးတိုးတက်သည့် စံပြကျေးရွာတစ်ရွာ ပေါ်ထွန်းလာစေရေးအတွက် အဓိကလုပ်ငန်းစဉ် ခြောက်ရပ်ကို သက်ဆိုင်ရာဌာနများ၊ ဒေသခံပြည်သူများပူးပေါင်း၍ အရှိန်အဟုန်ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ထန်းတပင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ချိုမီအေးထံမှ သိရသည်။ **မောင်ခိုင်**

# ဇေယျာသီရိမြို့နယ် သာယာဝှမ်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**နေပြည်တော် ဩဂုတ် ၆**


ပြည်ထောင်စုနယ်မြေ နေပြည်တော် ဇေယျာသီရိခရိုင် ဇေယျာသီရိမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျည်တောင်ကျေးရွာအုပ်စု သာယာဝှမ်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေထုတ်ချေးခြင်းကို ဩဂုတ် ၅ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ဇေယျာသီရိခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်စိုးစိုးဦးက အမှာစကားပြောပြီး ဇေယျာသီရိမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမျိုးဇော်က မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေထုတ်ချေးပေးရခြင်း၏ ရည်ရွယ်ချက်များ၊ အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ခရိုင်၊ မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ဝန်ထမ်းများ၏ ကြီးကြပ်မှုဖြင့် မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များက သာယာဝှမ်းကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ဦးရေ ၃၀ ကို ငွေကျပ် ၃၂၇ သိန်း၊ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူ ၁၆ ဦးကို ငွေကျပ် ၇၉ သိန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၄၆ ဦးကို မြစိမ်းရောင်ကျေးရွာ စီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် ၄၀၆ သိန်း ထုတ်ချေးပေးခဲ့ကြောင်း ဇေယျာသီရိမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှသိရသည်။ **နော်လူး**

# ဤလမ်းထက်ဝယ်

**နွေကုံကော်(မြို့လှ)**



(၁)

"ပန်းသည်လာပြီနော်.. မေမြို့ပန်း၊ သစ္စာပန်း၊ သပြေပန်းတွေ အစုံပါတယ်. . "

ရုံးပိတ်ရက်ဖြစ်သော်လည်း မပြီးသေးသည့် စက်ရုံအလုပ်များကို ဧည့်ခန်းမှာထိုင်ရေးနေစဉ် လမ်းထိပ်မှ ပန်းသည်မကလေးအသံကို ကြားလိုက်ရသည်။

ပန်းသည်မကလေးအသံကို နှစ်ရက်၊ သုံးရက်ခြား အခုလိုကြားနေရမြဲဖြစ်၏။

"ထွေးငယ်ရေ လာပါအုံးကွဲ့"

ဇနီးသည် မခင်သစ်က ပန်းသည်ကလေးကို အခေါ်ပြုသည်။

"လာပါပြီအန်တီခင်"

ဦးတင့်ဝေ ခြံထိပ်သို့လှမ်းကြည့်လိုက်သည်။ ထွေးငယ်ဆိုသော ပန်းသည်မကလေးနှင့် သူ၏ မောင်လေးကိုတွေ့ရသည်။ ဝယ်နေကျဖြစ်၍ သူတို့လေးတွေနှင့်ခင်မင်နေပါပြီ။

ကလေးမလေးမှာ အသားညိုညို၊ ဆံပင်ရှည်ရှည်၊ မျက်လုံးဝိုင်းဝိုင်းဖြင့် သိပ်အချောကြီး မဟုတ်သော်လည်း သူ့အလှနှင့်သူတော့ရှိနေသူပါ။ အပြောအဆို ယဉ်ကျေးသိမ်မွေ့သည်။ စိတ်ထားကောင်းသည်။

"အန်တီခင် သပြေငုတ်တွေပါခဲ့တယ်၊ မနေ့က မောင်လေးတို့ တောင်ပေါ်တက်ချိုးလာတာ"

"အေးအေး အန်တီလဲ သပြေလိုချင်နေတာနဲ့ အတော်ပါပဲ"

"ဦးလေးတင့်ဝေ ဒီနေ့ရုံးပိတ်တယ်ပေါ့"

ထွေးငယ်က အိမ်ထဲရှိ မိမိအားလှမ်းနှုတ်ဆက်သည်။

"ရုံးပိတ်လဲမနားရပါဘူး ထွေးငယ်ရယ်၊ စက်ရုံကအလုပ်တွေ အိမ်ကိုသယ်လာရတာပါပဲ" ဖြည့်လက်စစာရင်းတွေကို ခဏရပ်ရင်း အိမ်ရှေ့သို့ ဦးတင့်ဝေဆင်းလာခဲ့သည်။

"ရောင်းကောင်းတယ်မဟုတ်လား ထွေးငယ်.. ပန်းတွေက ဒီနေ့ပိုစုံနေပါလား"

"ဟုတ်တယ် ဦးလေးရဲ့၊ မနေ့ကအငယ်ကောင်တို့ သပြေငုတ်များများရခဲ့လို့၊ ပုံမှန်တော့ရောင်းရပါတယ် ဦးရယ်"

မောင်နှမလေးယောက်တွင် အကြီးဆုံးဖြစ်သော ထွေးငယ်သည် ၁၀ တန်းတစ်နှစ်ကျပြီးနောက် ကျောင်းထွက်ခဲ့သူလေးဖြစ်သည်။ အောက်က မောင်ငယ်ညီမငယ်တွေကို မိဘတွေနှင့်အတူ ကျွေးမွေးစောင့်ရှောက်နေခြင်းဖြစ်၏။ ပန်းရောင်းလိုက်၊ ရပ်ကွက်ထဲအထည်လေးတွေ လှည့်ရောင်းလိုက်ဖြင့် မိသားစုကိုကူညီနေသူကလေးမို့ မိမိတို့ လင်မယားက ကရုဏာပိုခဲ့ကြသည်။

"အန်တီခင် သမီးတို့ဆက်ရောင်းလိုက်အုံးမယ်နော်၊ ဦးလေးတင့်ဝေ သွားလိုက်ပါအုံးမယ်ရှင့်"

"အေးအေး သမီး"

ထွေးငယ်က ပန်းတောင်းကိုရွက်သည်။ သူ့မောင်လေးက ဆန်ထည့်ထားသော အိတ်ကိုထမ်း၍ ရှေ့က လျှောက်နှင့်သည်။

"ဟောဒီက ပန်းသည်"

မောင်နှမနှစ်ယောက် ခြံရှေ့မှထွက်သွားကြလေပြီ။

နယ်မြို့လေးတစ်မြို့ရှိအေးသာယာရပ်ကွက်တွင် ဦးတင့်ဝေတို့ လင်မယားနေထိုင်ခဲ့တာ နှစ် ၂၀ နီးပါး ရှိခဲ့ပြီဖြစ်သည်။ ဦးတင့်ဝေက ဘိလပ်မြေစက်ရုံမှ ဌာနစုမှူးဖြစ်သည်။ သူတို့လင်မယားတွင် ၁၀ တန်းကျောင်းသား မြတ်သူရိန်ဟူသော သားတစ်ယောက်သာရှိ၏။

"ကိုကျော်ငြိမ်းတို့ ဖိတ်ထားတာရှိသေးတယ်နော်"

"မနက်ဖြန် ကိုးနာရီပါကွာ၊ ကျုပ်မှတ်မိပါတယ်"

"အေးပါ.. ကျုပ်က တော်မေ့နေမှာစိုးလို့ပါ"

မနက်ဖြန်နံနက်တွင် ရပ်ကွက်ထဲမှ ကိုကျော်ငြိမ်း၏ သမီးလတ်စေ့စပ်ပွဲရှိသည်။ မခင်သစ်က မေ့နေမည်စိုး၍ သတိပေးခြင်းဖြစ်သည်။ ရပ်ကွက်ထဲမှာမို့ သာရေးနာရေးအကြောင်းအရာတွေက အချိန်မရွေးရှိနေတတ်သည်။

အိမ်ပေါ်တက်ပြီး မပြတ်သေးသော အလုပ်တွေကို ဦးတင့်ဝေဆက်လုပ်ရ၏။ မခင်သစ်ကတော့ ဘုရားပန်းလဲဖို့ပြင်ဆင်နေပါတော့သည်။

(၂)

နောက်တစ်နေ့နံနက်ကိုးနာရီမှာ ဦးကျော်ငြိမ်းတို့အိမ်ဆီအရောက်သွားခဲ့သည်။ မိမိတို့ရပ်ကွက်သည်ကား လူကုံထံရပ်ကွက်မဟုတ်။ သာမန်ဝန်ထမ်းမိသားစုများ၊ လက်လုပ်လက်စားမိသားစုများသာ အများစုနေထိုင်ကြခြင်းဖြစ်သည်။

"ဦးလေးတင့်ဝေလာပြီ ဖေဖေရေ. ."

အငယ်ဆုံးမလေး မေနှင်းသူ၏ အသိပေးမှုကြောင့် ဖခင်ဖြစ်သူ ဦးကျော်ငြိမ်းအိမ်ပေါ်မှ ဆင်းလာ၏။

"လာဗျာ ကိုတင့်ဝေ ရေနွေးသောက်ချေအုံး၊ ကောင်လေးမိဘတွေ ရောက်တော့မှာပါ"

ဦးကျော်ငြိမ်းသည် အငြိမ်းစားအမှုထမ်းတစ်ဦးဖြစ်သည်။ အိမ်ထဲမှာတော့ ရပ်ကွက်လူကြီးတချို့ ရောက်ရှိနေကြလေပြီ။ စေ့စပ်မည့်အလတ်မ သင်းသင်းဆွေက ရေနွေးပန်းကန်များ လာချပေးသည်။ ဦးကျော်ငြိမ်းမှာ သားသမီးသုံးယောက်ရှိသည်။

"ကောင်လေးက ဘယ်ကတုန်းဗျ"

"ဈေးရှေ့ ဟိန်းစတိုးကလေ"

"ဪ... မိတ္တူဆွဲတဲ့ဆိုင်လားဗျ"

"ဟုတ်တယ် ကိုတင့်ဝေရေ"

ထိုဆိုင်ကို ဦးတင့်ဝေသိသည်။ ကောင်လေးမိဘတွေက အတော်အသင့် ပိုက်ဆံရှိပုံရ၏။ ကိုကျော်ငြိမ်းသည် ဇနီးသည်မရှိတော့သော်လည်း သားသမီးတွေကို စည်းစနစ်တကျ ထိန်းသိမ်းခဲ့သူဖြစ်သည်။

အကြီးဆုံးသား ဝင်းသူသည် ဦးတင့်ဝေနှင့်အတူ ဓာတ်မြေသြဇာစက်ရုံမှာ အလုပ်လုပ်နေသူဖြစ်ပြီး အလတ်မ သင်းသင်းဆွေက နောက်ဆုံးနှစ်ဖြေဆိုထားလေသည်။ ဘွဲ့ယူဖို့စောင့်ရင်း အိမ်မှာစက်ချုပ်၍ ငွေရှာနေသူကလေးလည်းဖြစ်၏။ အနေအထိုင် အေးဆေးတည်ငြိမ်သဖြင့် ရပ်ကွက်ထဲတွင် နာမည်ကောင်းရလျက်ရှိ၏။

အငယ်ဆုံးမလေး မေနှင်းသူကတော့ အိမ်က သားတော်မောင် မြတ်သူရိန်နှင့် အတန်းအတူတူဖြစ်သည်။ မနက်ကိုးနာရီခွဲတွင် နှစ်ဖက်မိသားစုများ စုံလင်ပြီဖြစ်၍ လူငယ်နှစ်ဦးရှေ့ရေးကို ဆွေးနွေးမှုပြုကြလေသည်။

ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးလှထိန်၊ ဂေါပကလူကြီး ဦးကြည်သိန်းတို့လည်း ရောက်ရှိနေကြသည်။

"ကျွန်တော်တို့ကတော့ မိဘတို့ဝတ္တရားရှိတဲ့အတိုင်းဆောင်ရွက်ပေးရုံပါပဲ၊ လူငယ်အချင်းချင်း မေတ္တာမျှလို့ ဘဝတစ်ခုထူထောင်တဲ့အပေါ်မှာ သူတို့တွေနားလည်မှုရှိဖို့ကအရေးကြီးပါတယ်"သတို့သားလောင်း ဖခင်ဖြစ်သူက ဦးစွာပြော၏။

"ကျွန်မကိုတော့ သားကဖွင့်ပြောထားတာ နှစ်နှစ်ရှိပါပြီ၊ အစ်ကိုကြီးတို့ သမီးလေးမြို့ထဲမှာ စက်ချုပ်သင်တန်းတက်နေကတည်းက သူတို့ချင်း မေတ္တာမျှတာကိုသိခဲ့ပြီးသားပါ၊ အပွင့်လင်းဆုံးပြောရရင် ခေတ်ကာလရဲ့ မတော်တရော်မိန်းကလေးတွေနဲ့ ကျွန်မတို့သားလေးဖူးစာပါသွားမှာကို စိုးရိမ်မိခဲ့ပါတယ်၊ အစ်ကိုကြီးတို့သမီးလေးရဲ့ အနေအထိုင်အပြုအမူတွေကို အချိန်ကာလတစ်ခုအထိ စောင့်ကြည့်ခဲ့ပြီးမှ သင့်တော်မယ်ထင်လို့ အခုလို မိသားဖသားပီပီ လာရောက်တောင်းရမ်းကြတာပါ၊ အခုလို သားရှင်ဖြစ်တဲ့သူကပြောလို့ ချွေးမကြေးများတယ်လို့ မထင်စေချင်ပါဘူး၊ ကျွန်မတို့က အတန်းပညာ၊ ဥစ္စာစည်းစိမ်တွေထက် ကိုယ်ကျင့်တရားကောင်းမွန်တဲ့ အမျိုးကောင်းသမီးလေးတွေကိုပဲ ချွေးမအဖြစ်လိုချင်ကြတာပါ "

သတို့သားလောင်းမိခင်ဖြစ်သူက သူ၏ လိုလားချက်နှင့်ခံစားချက်များကို အပွင့်လင်းဆုံးဆိုသည်။

"ဒါပေ့ါ ဒါပေ့ါ သားရှင် မိဘတွေပြောတာလဲမှန်ပါတယ်၊ ခုခေတ်ကာလကြီးထဲမှာ ယဉ်ကျေးသိမ်မွေ့ပြီး ရိုးသားအေးဆေးတဲ့မိန်းကလေးတွေ အတော်ရှားကုန်ပြီလေ၊ ဒါပေမဲ့ ကျုပ်တို့ရပ်ကွက်ထဲမှာတော့ ဟောဒီက ဦးကျော်ငြိမ်းရဲ့သားသမီးတွေက လူယဉ်ကျေးကလေးတွေပါဗျာ"

ဦးကျော်ငြိမ်းနှင့်အားလုံးကိုယ်စား အုပ်ချုပ်ရေးမှူး ဦးလှထိန်က ပြော၏။

"ကျွန်တော့်သမီးလေးတွေကို သူတို့အမေမရှိတော့ပေမဲ့လဲ ကျွန်တော်ကိုယ်တိုင် စနစ်တကျသွန်သင်ခဲ့တာပါ၊ မြန်မာမိန်းကလေးပီပီ အရှက်တရား၊ အကြောက်တရားတွေထားတတ်ဖို့၊ ပတ်ဝန်းကျင်အမြင်မှာ ကိုယ့်သိက္ခာ၊ ကိုယ့်မိသားစုသိက္ခာ မထိခိုက်အောင်နေထိုင်ဖို့ အမြဲဆုံးမခဲ့ပါတယ်"

သားသမီးသုံးယောက်ကို တစ်လှည့်စီကြည့်ရင်း ဦးကျော်ငြိမ်းက ရှင်းပြသည်။

"ဟုတ်ပါတယ်၊ ကျွန်တော်တို့ရပ်ကွက်ထဲမှာ ကိုကျော်ငြိမ်းနဲ့ ဆရာမဒေါ်မြင့်မြင့်နွယ်တို့ရဲ့ သားသမီးလေးတွေက အနေအထိုင်ရိုးသားအေးဆေးသူတွေပါ၊ ဆရာမဒေါ်မြင့်မြင့်နွယ်မဆုံးခင်ကဆိုလဲ တကယ့်ကို ဗိုင်းကောင်းကျောက်ဖိထားခဲ့တာပါ"

ဦးတင့်ဝေကပါ ထပ်ဆင့်အတည်ပြုပေးလိုက်ပြန်သေးသည်။ သတို့သားလောင်းနှင့် သတို့သမီးလောင်းတို့၏ မျက်နှာလေးများထက် ချိုမြသောကြည်နူးမှုအပြုံးများ လှိုင်လှိုင်ဝေနေပါတော့သည်။

လူကြီးမိဘများက ယခုဝါကျွတ်တွင် လက်ထပ်ပွဲစီစဉ်ရန် ဆွေးနွေးညှိနှိုင်းမှုပြုကြလေသည်။ စေ့စပ်ကြောင်းလမ်းပွဲလေးက အောင်မြင်စွာပြီးဆုံးခဲ့လေပြီ။

"ကဲ. . ကိုကျော်ငြိမ်းရေ ကျုပ်တို့ပြန်အုံးမယ်ဗျို့"

အုပ်ချုပ်ရေးမှူးက နှုတ်ဆက်သည်။ ဦးတင့်ဝေလည်း သူတို့နှင့် အတူပြန်ဖို့ပြင်သည်။

"ဒီတစ်ခုပြီးတော့ ဟိုဘက်တစ်ခုကူးရအုံးမယ် ကိုတင့်ဝေရေ"

အိမ်ထဲကထွက်ထွက်ချင်း ဦးလှထိန်ကဆိုသည်။

"ဘာရှိသေးလို့တုံး ဥက္ကဋ္ဌကြီးရဲ့"

"မနေ့ညက ဒေါ်တင်လှတို့ မိသားစုအရေးပေ့ါဗျာ"

ဦးလှထိန်က စိတ်ပျက်ဖွယ်အသံဖြင့် ပြောလာသည်။

"ဪ.... ဟုတ်တယ်၊ ညကတော့ ညဉ့်နက်ပိုင်းမှာ အသံတွေ ကြားမိသလိုလိုပဲဗျ"

ဦးတင့်ဝေတို့အိမ်နှင့် ဒေါ်တင်လှတို့အိမ်မှာ တစ်လမ်းတည်း ဟိုဘက်ထိပ်၊ သည်ဘက်ထိပ်နေကြခြင်းဖြစ်သည်။

"ဒေါ်တင်လှတို့ ဘာဖြစ်ကြပြန်တုံး"

ဦးကြည်သိန်းကမေး၏။

"ထုံးစံအတိုင်း သမီးတွေကိစ္စပဲပေ့ါဗျာ၊ သူ့သမီးအငယ်မလေးက ကားကြီးဝင်းအထွက်က စားသောက်ဆိုင်မှာ သီချင်းဆိုတာ သိတယ်မဟုတ်လား"

"အင်း သိတယ် သိတယ်"

ဦးကြည်သိန်းက ခေါင်းတညိတ်ညိတ်ဖြင့် ဖြေသည်။

"ညက အဲဒီကလေးမအပြန်မှာ ဟိုဘက်ရပ်ကွက်က ကောင်လေးနှစ်ယောက်က ဆွဲလားရမ်းလားလုပ်လို့ ဒေါ်တင်လှသားတွေနဲ့ ရိုက်ကြနှက်ကြတယ်လေ"

ဆက်လက်ဖော်ပြပါမည်။

# ဟုမ္မလင်းခရိုင်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက်လျာထားကေထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့



**ဟုမ္မလင်း ဩဂုတ် ၆**

စစ်ကိုင်းတိုင်းဒေသကြီး ဟုမ္မလင်းခရိုင်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက်လျာထားကေထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့ကြောင်း ဟုမ္မလင်းခရိုင်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ဟုမ္မလင်းခရိုင်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက် ၁၂၄၅ ဧက စိုက်ပျိုးရန်လျာထားပြီး ယခုနှစ် မေလမှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ဟုမ္မလင်းမြို့နယ်တွင် ၁၁၁၅ ဧကနှင့်မိုပိုင်းလွတ်မြို့တွင် ၂၇၂ ဧက စုစုပေါင်း ၁၃၈၇ ဧကစိုက်ပျိုးပြီးစီးပြီဖြစ်ပြီး လျာထားကေထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ ဟုမ္မလင်းခရိုင်မှာ ဟင်းသီးဟင်းရွက်၁၂၄၅ဧကစိုက်ပျိုးဖို့လျာထားပါတယ်။ ဒီနေ့ထိ ၁၃၈၇ ဧကစိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ မုန်ညင်း၊ ငရုတ်၊ နံနံ၊ အာလူး၊ ဂေါ်ဖီထုပ်၊ ခရမ်း၊ မုန်လာ၊ ပန်းဂေါ်ဖီ၊ ကိုက်လန် စတဲ့သီးနှံတွေကိုအများဆုံးစိုက်ပျိုးထားပါတယ်။ စိုက်ပျိုးတဲ့ ဟင်းသီးဟင်းရွက်အားလုံးကို GAP နည်းစနစ်နဲ့ စိုက်ပျိုးနိုင်အောင်၊ ဓာတုဓာတ်ကြွင်းအနည်းဆုံးဖြစ်အောင်၊ ကျန်းမာရေးနဲ့ ကိုက်ညီအောင်စိုက်ပျိုးဖို့ နည်းပညာတွေပေးပါတယ်"ဟု ဟုမ္မလင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်စုစုထွေးက ပြောပြသည်။

ဟင်းသီးဟင်းရွက်ကို အထွက်နှုန်း တိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးမှုဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိပြီး လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် ဟင်းသီးဟင်းရွက်ကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းကြရမည်ဖြစ်ကြောင်း ခရိုင်ဦးစီးမှူး ဒေါ်စုစုထွေးက ပြောပြ၍ သိရသည်။ (၂၀၆)

# ကျိုက်လတ်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇူလိုင်လအတွင်း ငါးကြင်းပိဿာချိန်အများအပြား တင်ပို့ရောင်းချနိုင်ခဲ့

**ကျိုက်လတ် ဩဂုတ် ၆**

ဧရာဝတီတိုင်းဒေသကြီး ကျိုက်လတ်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သည့် ဇူလိုင်လအတွင်း ငါးကြင်းပိဿာချိန်အများအပြား တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ကျိုက်လတ်မြို့နယ်မှ ရေထွက်ကုန်ပစ္စည်း ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ဝင်းဌေးက ပြောပြ၍ သိရသည်။

ကျိုက်လတ်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ယခုနှစ် ဇွန်လအတွင်းက ငါးကြင်းပိဿာချိန် ၄၀၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ဇူလိုင်လအတွင်း ငါးကြင်းပိဿာချိန် ၅၇၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း၊ အဆိုပါ ငါးကြင်းများကို ရန်ကုန်ဈေးကွက်က ဝယ်ယူမှုအားကောင်းလာခြင်းကြောင့် တင်ပို့အားတက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

''လက်ရှိ ငါးကြင်းတွေ အဝင်နည်းနေတာရယ်၊ ရန်ကုန်ဈေးကွက်ဘက်က ငါးကြင်းတွေ အဝယ်လိုက် နေတာကြောင့် တင်ပို့ရောင်းချအား တက်ခဲ့တာပါ။ အရောင်းအဝယ်ကောင်းနေတဲ့ ငါးကြင်းတွေက အရည်အသွေးကောင်းပြီး လတ်ဆတ်ပါတယ်။ ရန်ကုန်ဈေးကွက်ကို ငါးကြင်းတွေ ဇူလိုင်လပထမအပတ်လောက်ကတည်းက ပိုမိုတင်ပို့ခဲ့ရတယ်။ အခြားငါးတွေလဲ ဝယ်လိုအားတက်လာပါတယ်" ဟု ကျိုက်လတ်မြို့နယ်မှ ရေထွက်ကုန်ပစ္စည်းရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ဝင်းဌေးက ပြောပြသည်။



ကျိုက်လတ်မြို့နယ်မှ ရေထွက်ကုန်ပစ္စည်း ရောင်းဝယ်ရေးပွဲရုံပိုင်ရှင်များသည် ရေထွက်ကုန်များကို ဒေသဈေးကွက်အပြင် ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချလျက်ရှိကြောင်း၊ အဆိုပါ ငါးကြင်းတစ်ပိဿာလျှင် လတ်ဆတ်မှုနှင့် အရွယ်အစားပေါ်မူတည်၍ ငွေကျပ် ၁၈၅၀၀ မှ ၂၅၅၀၀ ထိ ပေါက်ဈေးရှိကြောင်း သိရသည်။ **ကျော်ကျော်လင်း**

# သနပ်ပင်မြို့နယ် ကလိုင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**သနပ်ပင် ဩဂုတ် ၆**

ပဲခူးတိုင်းဒေသကြီး ပဲခူးခရိုင် သနပ်ပင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ကလိုင်ကျေးရွာအုပ်စု ကလိုင်ကျေးရွာ၌ အဋ္ဌမအကြိမ် မြစိမ်းရောင်ကျေးရွာစီမံကိန်းလည်ပတ်ရန်ပုံငွေထုတ်ချေးခြင်းကို ဩဂုတ် ၅ ရက် နံနက်ပိုင်းကအဆိုပါ ကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ သနပ်ပင်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ကေသီထွန်းက မြစိမ်းရောင်ကျေးရွာစီမံကိန်း ဆောင်ရွက်ရခြင်း၏ရည်ရွယ်ချက်များ၊ အကျိုးကျေးဇူးများ၊ စီမံကိန်းလုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံဝန်ထမ်းများက အတိုးနှုန်းနှင့် ကာလသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးက မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေကျပ် ၄၇၄ သိန်း လွှဲပြောင်းပေးအပ်ခဲ့သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များက ကလိုင်ကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၈၄ ဦးကို ငွေကျပ် ၂၄၃ သိန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၄၃ ဦးကို ငွေကျပ် ၁၁၅ သိန်း၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ၄၁ ဦးကို ငွေကျပ် ၁၁၆ သိန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၆၈ ဦးကို ရန်ပုံငွေကျပ် ၄၇၄ သိန်း ထုတ်ချေးပေးခဲ့ကြောင်း သနပ်ပင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ သိရသည်။ **နွဲ့ယဉ်**

## တိုးတက်ရမည် တို့မြန်မာပြည်

- တွဲလက်ညီ စုကာပေါင်း
  အောင်မြင်ကြောင်း အဖြာဖြာ၊
  ပြည်မြန်မာ တိုးတက်ရေး
  တွေးရွက်ဆောင်ပါ၊
  ဒီမိုကရေစီဆိုသည်မှာ
  တူတာတွေ စုကာပေါင်းလို့၊
  မတူတာ တူအောင်ညှိ
  အသိတူစို့။

- သူကတစ်ဖုံ ငါတစ်မျိုး
  ဆိုးကျိုးများ အဖြစ်တွေ၊
  အတိတ်တစ္ဆေ ဖြစ်ရပ်မှား
  ဖယ်ရှားစို့လေ၊
  တိုးတက်ဖို့ ဆောင်ရွက်နေ
  စိတ်ထားတွေ ညီညွတ်ပေး၊
  အမိနိုင်ငံ အမှန်ချစ်လို့
  ဉာဏ်သစ်စို့လေး။

- အလုပ်အကိုင် အခွင့်အလမ်း
  စည်းကမ်းစနစ် ရှိစေချင်၊
  ရည်မှန်းရာ ဘဝခရီး
  ကြီးပွားမည်ပင်၊
  သာယာလှတဲ့ လုပ်ငန်းခွင်
  စိတ်ကြည်လင် အားအင်ပွား၊
  တာဝန်ကို ကျေပွန်ထမ်းလို့
  ရှင်လန်းစေသား။

- နိုင်ငံတော် ဖွံ့ဖြိုးရေး
  မြော်ကာတွေး ရှက်ဆောင်မည်၊
  အားစိုက်ကာ ပြိုင်တူတွန်း
  ရှွန်းမြ ရောင်ခြည်၊
  ပညာကို အခြေတည်
  စည်းကမ်းသည် ပြည့်တန်ဖိုးမို့၊
  ကဏ္ဍစုံ တိုးတက်ဖြိုးအောင်
  ကြိုးစားကြစို့။ ။

**မန္တလာကိုကိုဝင်း**



# ပွင့်ဖြူမြို့နယ်၌ ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီတွင် စားဖိုဆောင်သီးနှံစုံ ၁၉၅၈ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်



**ပွင့်ဖြူ သြဂုတ် ၆**

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ စားဖိုဆောင်သီးနှံစုံ ၁၉၅၈ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ပွင့်ဖြူမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ပွင့်ဖြူမြို့နယ်တွင် ယခုနှစ် မိုးသီးနှံ စိုက်ပျိုးရာသီ၌ စားဖိုဆောင်သီးနှံစုံ ၂၄၅၈ ဧက စိုက်ပျိုးရန် လျာထားပြီး ယခုနှစ် ဇွန်လမှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် စားဖိုဆောင်သီးနှံစုံ ၁၉၅၈ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ ပွင့်ဖြူမြို့နယ်မှာ စားဖိုဆောင်သီးနှံစုံ ၂၄၅၈ ဧက စိုက်ပျိုးဖို့ လျာထားပါတယ်။ ဒီနေ့ထိ ၁၉၅၈ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လျာထားဧက ပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့ ဆောင်ရွက်နေပါတယ်။ စားဖိုဆောင်သီးနှံတွေ စိုက်ပျိုးတာနဲ့ပတ်သက်ပြီး အောင်မြင်ဖြစ်ထွန်းဖို့နဲ့ ထွက်ရှိလာတဲ့ သီးနှံတွေ ကျန်းမာရေးနဲ့ ညီညွတ်စေဖို့၊ အရည်အသွေးကောင်းမွန်စေဖို့ တောင်သူတွေကို GAP နည်းစနစ်နဲ့အညီ စိုက်ပျိုးနိုင်ရေး၊ သဘာဝမြေဩဇာ၊ သဘာဝဆေးတွေ ထုတ်လုပ်သုံးစွဲနိုင်အောင် စိုက်ပျိုးရေး နည်းပညာပေးတာတွေကို ကြီးကြပ်ဆောင်ရွက်နေပါတယ်"ဟု ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မိုးမိုးဝေက ပြောပြသည်။

ပွင့်ဖြူမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ စားဖိုဆောင်သီးနှံစိုက် တောင်သူများကို မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက စိုက်ဧကများ တိုးချဲ့စိုက်ပျိုးနိုင်ရေး၊ အထွက်နှုန်းများ ကောင်းမွန်စေရေး၊ GAP နည်းစနစ်နှင့်အညီ စိုက်ပျိုးနိုင်ရေး၊ ပိုးမွှားရောဂါကင်းရှင်းရေးနှင့် ကျန်းမာရေးနှင့် ညီညွတ်သောသီးနှံများ ထွက်ရှိရေးတို့အတွက် စိုက်ပျိုးရေး အသိပညာပေးခြင်းများကို ပံ့ပိုးကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

စားဖိုဆောင်သီးနှံကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးမှုဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်ပြီး ဝင်ငွေရရှိကာ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာနိုင်မည်ဖြစ်သောကြောင့် စားဖိုဆောင်သီးနှံများကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းသင့်ကြောင်း မြို့နယ်ဦးစီးမှူး ဒေါ်မိုးမိုးဝေက ဆက်လက် ပြောပြ၍ သိရသည်။

**ရဲဝင်းနိုင်(ညောင်ဦး)**

# ငဖဲမြို့နယ် ကုန်းသာကျေးရွာ၌ VRFP စီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ငဖဲ သြဂုတ် ၆**

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် ငဖဲမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ကျေးရွာမတည် ရန်ပုံငွေစီမံကိန်း (VRFP) ရန်ပုံငွေ ထုတ်ချေးခြင်းကို သြဂုတ် ၅ ရက်က ဆင်ချည်တိုင်ကျေးရွာအုပ်စု ကုန်းသာကျေးရွာ၌ ပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ငဖဲမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ငုဝါရွှေက ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း(VRFP)ရန်ပုံငွေဖြင့် ကုန်းသာကျေးရွာရှိ စိုက်ပျိုးမွေးမြူထုတ်လုပ်သူများနှင့် အသေးစားစီးပွားရေးလုပ်ငန်း လုပ်ကိုင်လိုသူများ လိုအပ်သည့် ငွေကြေးအရင်းအနှီး ရရှိစေရန်ရည်ရွယ်၍ ထုတ်ချေးပေးရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ငဖဲမြို့နယ် စီမံကိန်းတာဝန်ခံ ဝန်ထမ်းများက အတိုးနှုန်းနှင့် ကာလသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များ၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဥပဒေ၊ နည်းဥပဒေပါ အကြောင်းအရာများကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူး ဒေါ်ငုဝါရွှေက ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေကျပ် ၃၇၆ သိန်း လွှဲပြောင်းပေးအပ်ခဲ့သည်။

ထို့နောက် ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များက ကုန်းသာကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူ ၆၈ ဦးထံ ရန်ပုံငွေကျပ် ၃၁၈ သိန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ တစ်ဦးကို ငွေကျပ် ခြောက်သိန်း၊ အရောင်းအဝယ်လုပ်ငန်း လုပ်ကိုင်သူနှစ်ဦးကို ငွေကျပ် ၁၂ သိန်း၊ အခြားအသက်မွေးဝမ်းကျောင်းလုပ်ငန်း လုပ်ကိုင်သူသုံးဦးကို ငွေကျပ် ၁၆ သိန်း၊ အသေးစား စက်မှုလက်မှုလုပ်ငန်း လုပ်ကိုင်သူလေးဦးကို ငွေကျပ် ၂၄ သိန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၇၈ ဦးကို ရန်ပုံငွေကျပ် ၃၇၆ သိန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**ဇင်မာ**






## အမည်မှန်

ကျောက်ဆည်မြို့၊ အမှတ်(၂)၊ အခြေခံပညာအထက်တန်းကျောင်း၊ Grade-11 တွင် ပညာသင်ကြားနေသော ဦးထွန်းထွန်းဝင်း (၉/ကဆန(နိုင်)၁၂၁၈၁၅)၏သား မောင်အောင်ဘုန်းဇော်၏အမည်မှန်မှာ **မောင်အောင်ဘုန်းသော်** ဖြစ်ပါကြောင်း။ **မောင်အောင်ဘုန်းသော်**

## ဖခင်အမည်မှန်

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ သူရသီဟကိုယ်ပိုင်အထက်တန်းကျောင်း၊ Grade-8 တွင် ပညာသင်ကြားနေသော မမေဇင်ဖြိုး၏ဖခင်အမည်မှန်မှာ အိမ်ထောင်စုလူဦးရေစာရင်းအရ **ဦးမြင့်ဇော်ဝင်း** ဖြစ်ပါကြောင်း။ **ဦးမြင့်ဇော်ဝင်း(၈/ပကခ(နိုင်)၁၇၉၈၂၆)**

## မွေးသက္ကရာဇ်အမှန်

စစ်ကိုင်းတိုင်းဒေသကြီး၊ ကသာမြို့၊ စက်ပန်းရပ်ကွက်နေ ဦးဘကြည်၏သမီး မအေးအေးနွယ်၏ မွေးသက္ကရာဇ်အမှန်မှာ ၃-၇-၁၉၇၁ ဖြစ်ပါကြောင်း။ **မအေးအေးနွယ်၊ ၃-၇-၁၉၇၁**

### ပျောက်ဆုံးကြောင်း

သပိတ်ကျင်းမြို့နယ်၊ ဖုန်ကုန်းနေ ဦးနန္ဒာစိုး (ဘ) ဦးညိုအေး(၉/ခအဇ(နိုင်)ဝ၂၁၁၉၆)၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ **09-681403500**

**သစ်တောနဲ့သစ်ပင် ချစ်ခင်တဲ့ လူမျိုး**
**သစ်ပင်ကိုနှစ်စဉ်စိုက် ရွှေတိုက်ကိုစိုး**

## ကန့်ကွက်နိုင်ပါသည်

မန္တလေးတိုင်းဒေသကြီး၊ မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ အကွက်(၄ဝ၆)၊ သပြေညွန့်ရပ်သံ/ရှေ့နေ ဦးဇော်လှိုင်ဝင်းအမည်ပေါက် တယ်လီဖုန်းအမှတ် **ဝ၂-၄ဝ၆၃၈၂၉** ၏ စာရွက်စာတမ်းများ ပျောက်ဆုံးသွားပါသဖြင့် မြန်မာ့ဆက်သွယ်ရေးရုံးတွင် အသစ်ပြန်လည်လျှောက်ထားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဦးအောင်ခင်ဆင့်**
**၂၈ လမ်း၊ ၆၃ လမ်းထောင့်၊ အောင်တော်မူရပ်၊**
**ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။**

## ကန့်ကွက်လွှာခေါ်ယူခြင်းကြော်ငြာစာ

မြင်းခြံမြို့၊ အမှတ်(၁၆)ရပ်ကွက်၊ အကွက်အမှတ်(၃၇/ခ)၊ ဦးပိုင်အမှတ်(၁၅၂)၊ ဦးဘကျော် အမည်ပေါက် (အလျား ၄ဝ'-ဝ" x အနံ ၆ဝ'-ဝ") အတိုင်းအတာရှိသော ဝိုင်းမြေပေါ်တွင် ဦးဘိုတူး(၉/မခန(နိုင်)ဝ၆၈၉၅၈) ကိုင်ဆောင်သူမှ (တောင်ဘက် ၄ဝ'၊ အရှေ့ဘက် ၆ဝ') အုတ်ဝန်းခြံ ကာရံခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ယင်းအုတ်ဝန်းခြံ ကာရံခွင့်လျှောက်ထားခြင်းနှင့်ပတ်သက်၍ ကန့်ကွက်လွှာတင်သွင်းလိုပါက ဤကြော်ငြာစာပါသည့်ရက်မှစ၍ (၁၅)ရက်အတွင်း ခိုင်လုံသောအထောက်အထားများယူဆောင်လာ၍ မြင်းခြံမြို့နယ်စည်ပင်သာယာရေးအဖွဲ့ရုံး တာဝန်ရှိသူထံသို့ လူကိုယ်တိုင်တွေ့ဆုံတင်ပြကန့်ကွက်နိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

မြင်းခြံမြို့နယ်စည်ပင်သာယာရေးအဖွဲ့

## ကန့်ကွက်လွှာခေါ်ယူခြင်းကြော်ငြာစာ

မြင်းခြံမြို့၊ အမှတ်(၁၆)ရပ်ကွက်၊ အကွက်အမှတ်(၃၇/ခ)၊ ဦးပိုင်အမှတ်(၁၅၈)၊ ဦးဘကောင်း အမည်ပေါက် (အလျား ၃ဝ'-ဝ" x အနံ ၂ဝ'-ဝ") အတိုင်းအတာရှိသော ဝိုင်းမြေပေါ်တွင် ဒေါ်လှိုင်မျိုးမေ(၉/မခန(နိုင်)ဝ၃၅၁၁၂) ကိုင်ဆောင်သူမှ (အလျား ၂၅'-ဝ" x အနံ ၁၇'-ဝ") RC (၂) ထပ် အဆောက်အဦးဆောက်လုပ်ခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ယင်းအဆောက်အဦး ဆောက်လုပ်ခွင့်လျှောက်ထားခြင်းနှင့်ပတ်သက်၍ ကန့်ကွက်လွှာတင်သွင်းလိုပါက ဤကြော်ငြာစာပါသည့်ရက်မှစ၍ (၁၅)ရက်အတွင်း ခိုင်လုံသောအထောက်အထားများ ယူဆောင်လာ၍ မြင်းခြံမြို့နယ်စည်ပင်သာယာရေးအဖွဲ့ရုံး တာဝန်ရှိသူထံသို့ လူကိုယ်တိုင်တွေ့ဆုံတင်ပြကန့်ကွက်နိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

မြင်းခြံမြို့နယ်စည်ပင်သာယာရေးအဖွဲ့

## ကန့်ကွက်လွှာခေါ်ယူခြင်းကြော်ငြာစာ

မြင်းခြံမြို့၊ အမှတ်(၁၆)ရပ်ကွက်၊ အကွက်အမှတ်(၃၇/ခ)၊ ဦးပိုင်အမှတ်(၁၆၁)၊ ဦးဘဘူလေး အမည်ပေါက် (အလျား ၂ဝ'-ဝ" x အနံ ၆ဝ'-ဝ")အတိုင်းအတာရှိသော ဝိုင်းမြေပေါ်တွင် ဒေါ်အေးမာဖြိုး(၉/မခန(နိုင်)ဝ၄၅၆၁ဝ) ကိုင်ဆောင်သူမှ (အလျား ၁၇'-ဝ" x အနံ ၃ဝ'-ဝ")၊(အလျား ၁၇'-ဝ" x အနံ ၁၅'-ဝ") RC (၂)ထပ်အဆောက်အဦး ဆောက်လုပ်ခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ယင်းအဆောက်အဦး ဆောက်လုပ်ခွင့်လျှောက်ထားခြင်းနှင့် ပတ်သက်၍ ကန့်ကွက်လွှာတင်သွင်းလိုပါက ဤကြော်ငြာစာပါသည့်ရက်မှစ၍ (၁၅)ရက်အတွင်း ခိုင်လုံသော အထောက်အထားများယူဆောင်လာ၍ မြင်းခြံမြို့နယ်စည်ပင်သာယာရေးအဖွဲ့ရုံး တာဝန်ရှိသူထံသို့ လူကိုယ်တိုင်တွေ့ဆုံတင်ပြကန့်ကွက်နိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

မြင်းခြံမြို့နယ်စည်ပင်သာယာရေးအဖွဲ့

## ပျောက်ဆုံးကြောင်း

အောင်မြေသာစံမြို့နယ်၊ ဒေါနဘွားရပ်ကွက်နေ မျိုးသူ (ဘ) ဦးမျိုးမြင့် (၉/ခမစ(နိုင်)ဝ၂၄၃၃၄)၏ နိုင်ငံကူးလက်မှတ် အမှတ်(MA-708075)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။
**09-693280665**

## ပျောက်ဆုံးကြောင်း

မန္တလေးတိုင်းဒေသကြီး၊ မိုးကုတ်မြို့နယ်၊ ရွှေကူ(၁၈)ရပ်နေ မဂျူသီး (၉/မကန(နိုင်)၁၄၅၁၃၃)၏ နိုင်ငံကူးလက်မှတ်အမှတ် (မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။
**09-402561760**

## ပျောက်ဆုံးကြောင်း

လားရှိုးမြို့၊ နယ်မြေ(၇)၊ အောင်မင်္ဂလာရပ်ကွက်နေ ဆုန်ဆီး (ဘ) ဦးလောက်ဝူး (၁၃/လရန(နိုင်)၂၅၃ဝ၅၇)၏ နိုင်ငံကူးလက်မှတ်အမှတ် (မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။
**09-252700005**

**အိမ်ပြင်ပဘွဲ့ထွန်းသောမီးများကို နေ့အလင်းရောင်ရှိချိန်တွင် ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကိုချွေတာပါ**

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ၏ ထိုင်းနိုင်ငံသို့ သွားရောက်သည့် တရားဝင်ခရီးစဉ်အတွင်း ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတနှင့် ထိုင်းနိုင်ငံဝန်ကြီးချုပ်တို့၏ ပူးတွဲကြေညာချက်** စာမျက်နှာ - ၈

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်နှင့် ထိုင်းနိုင်ငံတို့ကြား နှစ်နိုင်ငံတွေ့ဆုံဆွေးနွေးပွဲ ကျင်းပ နားလည်မှုစာချွန်လွှာများနှင့် သဘောတူစာချုပ်များ အပြန်အလှန်လက်မှတ်ရေးထိုးလဲလှယ်** စာမျက်နှာ - ၂၀

❖ နိုင်ငံတော်ရှေ့သီးဖို့ ကုန်ထုတ်လုပ်မှုအားပေးစို့။
❖ နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။
❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင်ထိန်းကြစို့။

# ထိုင်းနိုင်ငံ၌ တရားဝင်ခရီးစဉ် (Official Visit) ရောက်ရှိနေသည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် "မြန်မာ-ထိုင်း စီးပွားရေးဖိုရမ်"သို့ တက်ရောက်မိန့်ခွန်းပြောကြား






ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် "မြန်မာ-ထိုင်း စီးပွားရေးဖိုရမ်"တွင် မိန့်ခွန်းပြောကြားစဉ်။

နေပြည်တော် ဩဂုတ် ၆

"မြန်မာ-ထိုင်းစီးပွားရေးဖိုရမ်"ကို ယနေ့ မွန်းလွဲပိုင်းတွင် ထိုင်းနိုင်ငံ ဗန်ကောက်မြို့ရှိ Queen Sirikit National Convention Center ၌ ကျင်းပရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် တက်ရောက်ချီးမြှင့်ပြီး နှစ်နိုင်ငံ ရင်းနှီးမြှုပ်နှံမှုနှင့် ကုန်သွယ်မှု ပိုမိုမြှင့်တင်နိုင်ရေးဆိုင်ရာများနှင့်ပတ်သက်၍ မိန့်ခွန်းပြောကြားသည်။

အဆိုပါ "မြန်မာ-ထိုင်း စီးပွားရေးဖိုရမ်"သို့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့်အတူ ခရီးစဉ်တွင် လိုက်ပါလာသည့် မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့ဝင်များ၊ ထိုင်းနိုင်ငံဝန်ကြီးချုပ် မစ္စတာ အနုထင် ချာဝီရကွန်နှင့် ထိုင်းနိုင်ငံအစိုးရအဖွဲ့မှ တာဝန်ရှိသူများ၊နှစ်နိုင်ငံစီးပွားရေးလုပ်ငန်းရှင်များ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ၊ ထိုင်းနိုင်ငံဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် အခမ်းအနားကျင်းပမည့်

စာမျက်နှာ ၁၆ ကော်လံ ၁ ☆

## ချင်းတွင်းမြစ်ရေ စိုးရိမ်ရေမှတ် ရောက်ရှိနိုင်

နေပြည်တော် ဩဂုတ် ၆

ယနေ့ညနေ ၃ နာရီခွဲအချိန် တိုင်းထွာချက်အရ ချင်းတွင်းမြစ်ရေသည် ဟုမ္မလင်းမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် တစ်ပေခွဲခန့်အလိုတွင် ရောက်ရှိနေပြီး နောက် ၃၆ နာရီအတွင်း ယင်းမြို့၏စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်သည်။

အလားတူ ချင်းတွင်းမြစ်ရေသည် ဖောင်းပြင်မြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် နှစ်ပေခန့်အလိုတွင် ရောက်ရှိနေပြီး နောက် နှစ်ရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ ဟုမ္မလင်းမြို့နယ်နှင့် ဖောင်းပြင်မြို့နယ်တို့အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် ကြိုတင်သတိပြုနိုင်ရန်နှင့် မြစ်ရေမြင့်တက်လာပါက အချိန်မီရှောင်ရှားနိုင်ရန် မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက သတိပေးနှိုးဆော်ထားကြောင်း သိရသည်။

## ပဲခူးတိုင်းဒေသကြီး ငါးမွေးမြူရေးကန်များ ရေကြီးနစ်မြုပ်မှုဖြစ်ပွားပါက ကြိုတင်ကာကွယ်နိုင်ရန်နှင့် ဆုံးရှုံးမှုလျော့နည်းစေရန် ဆောင်ရွက်လျက်ရှိ

ရန်ကုန် ဩဂုတ် ၆

ပဲခူးတိုင်းဒေသကြီးအတွင်း ပြည်တွင်းစားသုံးမှုနှင့် ပြည်ပပို့ကုန်အဖြစ် ရေထွက်ကုန်များကို မွေးမြူထုတ်လုပ်လျက်ရှိရာ မိုးအလွန်အကျွံရွာသွန်းခြင်းနှင့် မြစ်ရေကြီးမှုတို့ကြောင့် ငါးမွေးမြူရေးကန်များ

စာမျက်နှာ ၂၃ ကော်လံ ၄ ❖



ပဲခူးတိုင်းဒေသကြီးအတွင်း ပြည်တွင်းစားသုံးမှုနှင့်ပြည်ပပို့ကုန် ငါးကြင်းဖြူများမွေးမြူမှုကို တွေ့ရစဉ်။

## ၂၀၂၆ ခုနှစ် ဝန်ကြီးဌာနပေါင်းစုံ ဖူဆယ်ပြိုင်ပွဲများ ဆက်လက်ကျင်းပ

နေပြည်တော် ဩဂုတ် ၆

အားကစားရေးရာဝန်ကြီးဌာန အားကစားနှင့် ကာယပညာဦးစီးဌာနနှင့် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် ဖူဆယ်နှင့် သဲသောင်ပြင်ကော်မတီတို့ ပူးပေါင်းကျင်းပသည့် ၂၀၂၆ ခုနှစ် ဝန်ကြီးဌာနပေါင်းစုံ ဖူဆယ်ပြိုင်ပွဲ အုပ်စုပွဲစဉ်များကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော် ဝဏ္ဏသိဒ္ဓိအားကစားကွင်းရှိ ဖူဆယ်အားကစားရုံ၌ ဆက်လက်ကျင်းပခဲ့ကြောင်း သိရသည်။

၂၀၂၆ ခုနှစ် ဝန်ကြီးဌာနပေါင်းစုံ ဖူဆယ်ပြိုင်ပွဲ အုပ်စုပွဲစဉ်များယှဉ်ပြိုင်ကစားခဲ့ရာ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနအသင်းက အမျိုးသားစီမံကိန်း၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာနအသင်းကို ၂၆ ဂိုး ဂိုးမရှိဖြင့်လည်းကောင်း၊ ကာကွယ်ရေးဝန်ကြီးဌာနအသင်းက ပညာရေးဝန်ကြီးဌာနအသင်းကို

စာမျက်နှာ ၂၃ ကော်လံ ၁ ◆

**အမေရိကန်နိုင်ငံအပေါ် မောင်းသူမဲ့ဒရုန်းယာဉ်ထုတ်ကုန်များ တင်ပို့မှု တရုတ်အစိုးရ ကန့်သတ်**

စာမျက်နှာ - ၆